မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၄]

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ၊
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။ ဓမ္မပဒ

မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး အစိမ်းရောင်လွင်ပြင်ဖြစ်ရမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ် ရွာင်မြို့နယ်ရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်နှင့် ဒေသခံပြည်သူများကကြိုဆိုကြရာ နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီးပြန်လည်နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြို့ကြီးရေလှောင်တမံအတွင်း ၃၀ မဂ္ဂါဝပ် ဓာတ်အားထွက်ရှိမည့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်ခဲ့သော်လည်း စီမံကိန်းကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရသည့် နှစ်များရှိခဲ့သည့်အတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ဤစီမံကိန်းကို ပြီးစီးအောင်ဆောင်ရွက်ရမည်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေမြေမခြား ရောဝတီတံတားများ

မြန်မာနိုင်ငံ၏ အသက်သွေးကြောသဖွယ် အရေးပါလှသည့် ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ မြေပုံအပေါ် မြောက်မှတောင် သို့ ဒေါင်လိုက်ဖြတ်စီးဆင်းလျက်ရှိသည့်အတွက် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းမှ ပြည်သူများသည် နီးလျက်နှင့် ဝေးခဲ့ရသည်။ တစ်ချိန်က တံတားမဆောက် လမ်းမပေါက်ခဲ့၍ ဖွံ့ဖြိုးမှုများ နောက်ကျခဲ့ရသည်။ ရေစီးသန်သော မြစ်ပြင်ကျယ်ကို လှေသမ္မန်တို့ကိုအဖော်ပြုကာ ခက်ခဲစွာ ကျော်ဖြတ်၍ ခရီးဆက်ခဲ့ကြရသည်။ အရှေ့ဘက်နှင့် အနောက်ဘက် နီးလျက်နှင့် ဝေးခဲ့ရသည်။

ဤအခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်ရန် အတွက် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်မှ စတင်ကာ ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးလျက်ရှိရာ လက်ရှိနိုင်ငံတော်အစိုးရလက်ထက် အထိပင်ဖြစ်ပါသည်။ ဧရာဝတီမြစ်ကြီး စတင်ဖြာဆင်းရာ ကချင်ပြည်နယ်မှသည် မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ အထိ ဧရာဝတီမြစ်ကူးတံတားကြီးများ လွန်းပြန်ထိုးထားသည့်သဖွယ် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ဧရာဝတီအရှေ့ခြမ်းသားနှင့် အနောက်ခြမ်းသားတို့ ပိုမိုပေါင်းစည်းခွင့် ရရှိသွားကြပြီဖြစ်ပါသည်။ ဧရာဝတီမြစ်ကူးတံတားကြီးများ ကွန်ရက်သဖွယ် တည်ဆောက်ပေးနိုင်မှကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု၊ သွားလာမှုလွယ်ကူ ချောမွေ့သွားပြီဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကလမ်းကြောင်းသည် လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည်နှင့်အမျှ သွားလာမှုအဆင်ပြေချောမွေ့ကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးမှအစ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဆုံး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(၁၅)စင်းမြောက် ဧရာဝတီမြစ်ကူးတံတားဖြစ်သည့် ဧရာဝတီတံတား(ထီးချိုင့်)ကို အောက်တိုဘာ ၂၂ ရက်က နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်၍ အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။ ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ရွာနှင့် ထီးချိုင့်မြို့တို့ကို ဆက်သွယ်ထားသော ဤတံတားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ပေးခဲ့သည့် စတုတ္ထမြောက် ဧရာဝတီမြစ်ကူးတံတားကြီးပင် ဖြစ်ပါသည်။ ဤတံတားကြီး မဖွင့်လှစ်မီက ဧရာဝတီမြစ်ပေါ်၌ ကချင်ပြည်နယ်တွင် ဧရာဝတီမြစ်ကူးတံတား(ဗလမင်းထင်)၊ ဧရာဝတီတံတား(စင်းခန်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (ရတနာသိန်)၊ ဧရာဝတီတံတား(ရတနာပုံ)၊ အင်းဝတံတား၊ မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (ပခုက္ကူ)၊ အနော်ရထာတံတား(ချောက်)၊ ဧရာဝတီတံတား(မကွေး)၊ ဧရာဝတီတံတား(မလွန်)၊ ပဲခူးတိုင်းဒေသကြီးတွင် နဝဒေးတံတား(ပြည်)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီတံတား(ညောင်တုန်း)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတားနှင့် ဒေးဒရဲတံတားတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

ယခုအခါ ဤဧရာဝတီမြစ်ကူးတံတားကြီးများ၏ အကျိုးကျေးဇူးကို ဒေသခံများ ခံစားနေကြရပြီ ဖြစ်ပါသည်။ ဧရာဝတီမြစ်ပေါ်၌ မြစ်ကူးတံတားကြီးများ လက်ယှက်ထိုးတည်ဆောက်ပေးနိုင်ခဲ့မှကြောင့် ဒေသနေပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့နေကြပြီဖြစ်ပါသည်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသများသည် ရေမြေမခြားဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားပြီ ဖြစ်ပါသည်။ တံတားကြီးများသည် အနာဂတ်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး အုတ်မြစ်များပင် ဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်တို့အတွက် ကောင်းမွန်သော အမွေအနှစ်များပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဤဧရာဝတီမြစ်ကူးတံတားကြီးများ အရှည်သဖြင့်အသုံးပြုနိုင်အောင် ဒေသနေပြည်သူများက စည်းကမ်းရှိစွာ ဖြတ်သန်းသွားလာအသုံးပြုကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အောက်တိုဘာ ၂၂ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အရာထမ်း၊ အမှုထမ်းအိမ်ရာများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ရာ အိမ်ရာတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက အိမ်ရာများတွင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စည်းကမ်းနှင့်အညီ နေထိုင်သွားကြရန်၊ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားရန်၊ တိုက်ခန်းများ ဝန်းကျင်တွင် ခြင်၊ ယင်များ ပေါက်ပွားမှုမရှိစေရန်နှင့် ချုံနွယ်များကို ရှင်းလင်းထားရန်၊ လူသွားစကြီ်များပေါ်၌ မြက်များရှင်းလင်းရန်၊ ရေဝပ်နိုင်သော ချိုင့်ခွက်များကို မြေဖို့ရန်၊ ရေမြောင်းများကို ဆယ်ယူ ရှင်းလင်းထားရန်၊ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုဝင်များ မီးဖိုချောင်စရိတ် သက်သာချောင်ချိရေးအတွက် နှစ်ရှည် သီးပင်၊ စားပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိရန်၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး သတိပြုဆောင်ရွက်ရန်၊ အိမ်ရာပတ်ဝန်းကျင်များတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တာချီလိတ်၌ ရွေးကောက်ပွဲအောင်မြင်ရေး ညှိနှိုင်းဆွေးနွေး

တာချီလိတ် အောက်တိုဘာ ၂၃

အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေး ပါတီများနှင့် တွေ့ဆုံညှိနှိုင်းပွဲကို အောက်တိုဘာ ၂၁ ရက်က တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းနွံတောင်းက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များက ကြိုတင်မဲဆိုင်ရာများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ လုပ်ငန်းစဉ်များကို လည်းကောင်း၊ မဲရုံများ ၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ ဆင့်ပွားသင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်မှု၊ မဲရုံလုံခြုံရေး စီစဉ်ထားရှိမှုနှင့် မဲရုံများ ဆက်သွယ်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မဲရုံပရိဝုဏ်သတ်မှတ်ခြင်းဆိုင်ရာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ လုပ်ငန်းစဉ်များကို လည်းကောင်း၊ မဲရုံမှူးများအား ဆင့်ပွားသင်တန်း ဖွင့်လှစ်နိုင်မှုနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ သင်တန်းဆက်လက်ဖွင့်လှစ်မည့်အစီအစဉ်များ၊ မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများစီစဉ်ထားရှိမှု၊ ကြိုတင်မဲထုတ်ပေးမည့် အစီအစဉ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဝေယံလင်း (ပြန်/ဆက်)

နမ့်ဆန်၌ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးပညာပေးဆွေးနွေး

နမ့်ဆန် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ရှမ်းပြည်နယ် အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က မြို့နယ် တအာင်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အဖွဲ့ ဒေါ်လုလုမိုင်က အမျိုးသမီးများလူ့အခွင့်အရေးအယူအဆနှင့် အခြေခံသဘောတရားများ၊ မိသားစုပတ်ဝန်းကျင်နှင့် နိုင်ငံတော်စသည့် အဆင့်တိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးများအပေါ် သတ်မှတ်ပေးထားသော ကွဲပြားသည့် အခန်းကဏ္ဍများကို မြင်သာလာစေရန်နှင့် လူ့အခွင့်အရေး အခြေခံအတွေးအခေါ်များနှင့် အမျိုးသမီးများ ပိုမိုလုံခြုံစိတ်ချစွာနေနိုင်ရေးအတွက် ဆွေးနွေးဟောပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်၊ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာများမှ အမျိုးသမီးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးအရေး လှုပ်ရှားဆောင်ရွက်သူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

အောင်မိုး

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁၀-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၉၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၃၅၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ်	၇၀၀/၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ်	၆၄၀/၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ်	၆၉၀/၇၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ်	၇၉၀/၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်	၆၈၀/၆၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိသာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိသာ	၄၀၀၀-၄၅၀၀
၃။ ငါးရံ့	တစ်ပိသာ	၆၅၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိသာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိသာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိသာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိသာ	၇၅၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိသာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိသာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိသာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိသာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိသာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၇၇
ဥရောပ	တစ်ယူရို	၁၄၅၄.၇
စင်ကာပူ	တစ်ဒေါ်လာ	၇၂၁.၅၂
ထိုင်း	တစ်ဘတ်	၃၆.၃၃၅
အိန္ဒိယ	တစ်ရူပီး	၁၉.၈၀၆
တရုတ်	တစ်ယွမ်	၂၀၁.၉၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅.၂၉

ခင်ရတနာ-စုစည်းသည်။

စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကို အထောက်အကူပြုရာမှာ မြန်မာနိုင်ငံအနေနဲ့ အဖွဲ့ဝင်နိုင်ငံများနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်

အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်မှပေးပို့သည့်သဝဏ်လွှာ

၂၄-၁၀-၂၀၁၅

ယခုလိုကုလသမဂ္ဂထူထောင်တဲ့အကြိမ်(၇၀)မြောက် နှစ်ပတ်လည်နေ့ ထူးမြတ်သောအခါသမယမှာ ပိုမိုကောင်းမွန်လုံခြုံတဲ့ကမ္ဘာကို တည်ဆောက်ရေးအတွက် ကုလသမဂ္ဂရဲ့ကူညီထောက်ပံ့မှုများနဲ့အောင်မြင်မှုများကို မိမိကိုယ်တိုင်နဲ့ မြန်မာပြည်သူလူထုတို့ကိုယ်စား နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ နှစ် ၇၀ က ယနေ့လိုအခါသမယမျိုးမှာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိန်းသိမ်းဖို့၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဖို့နဲ့ ကမ္ဘာ့ရေးရာကိစ္စရပ်များဖြစ်တဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များကို ဖြေရှင်းရာမှာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရရှိစေဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးကို မွေးဖွားပေးခဲ့ပါတယ်။ ဒါ့အပြင် လူအခွင့်အရေးကို မြှင့်တင်ခြင်းနှင့် လေးစားလိုက်နာမှုကို မြှင့်တင်အားပေးခြင်းကိစ္စရပ်ဟာလည်း ကုလသမဂ္ဂရဲ့ လုပ်ငန်းရပ်များမှာ အစဉ်အမြဲအလေးထားလျက်ရှိတဲ့ ကိစ္စရပ်ပဲဖြစ်ပါတယ်။ ဒီမြင့်မြတ်လှတဲ့ရည်မှန်းချက်များကို ကုလသမဂ္ဂအနေနဲ့အကောင်အထည်ဖော်လျက်ရှိရာမှာ ကြီးကြီးမားမားအောင်မြင်မှုများ ရရှိခဲ့တယ်ဆိုတာ ငြင်းဖွယ်ရာမရှိပါဘူး။

ယနေ့မှာ ကုလသမဂ္ဂအဖွဲ့ကြီးဟာ လူသားအားလုံးအတွက် ကိုယ်စားပြုရပ်တည်နေတာဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့အကြီးဆုံး အစိုးရချင်းဆိုင်ရာအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ ကမ္ဘာ့ရေးရာကိစ္စရပ်များမှာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကို အစားထိုးနိုင်ဖွယ်မရှိပါ။ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိတဲ့ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များရဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှု အပါအဝင် ကမ္ဘာ့တစ်ဝန်းလုံး ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ရာတွင် အားတက်သရော ကြိုးပမ်းဆောင်ရွက်နေမှုများဟာ မေးခွန်းထုတ်ဖွယ်မရှိပါ။ နောင်လာမယ့် မျိုးဆက်များအတွက် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ အနာဂတ်တစ်ခုဖော်ဆောင်ပေးမယ့် မူဘောင်တစ်ရပ်ပါဝင်တဲ့ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုကြောင်းနဲ့ ရှင်းလင်းပြတ်သားစွာ ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားလိုပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယင်းသို့ဆောင်ရွက်လျက်ရှိသော်လည်း သန်းနဲ့ချီတဲ့ကမ္ဘာပေါ်ရှိလူသားများဟာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ နယ်ပယ်တွေမှာ စိန်ခေါ်မှုအချို့ကို ဆက်လက်ရင်ဆိုင်နေရပါတယ်။ **"ကုလသမဂ္ဂရဲ့နှစ် (၇၀)ပြည့်မြောက်တဲ့ အခါသမယမှာ ကတိကဝတ်အသစ်တစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ကြစို့"** ဆိုတဲ့ ကုလသမဂ္ဂရဲ့ ယခုနှစ် ဆောင်ပုဒ်ဟာ အလွန်ပဲဆက်နွယ်ကိုက်ညီနေပါတယ်။ ဒါကြောင့် အနှစ်(၇၀)သက်တမ်းရှိ ကုလသမဂ္ဂအနေနဲ့ ၄င်းရဲ့အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားကို လေးစားလိုက်နာလျက် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ ခိုင်မာတဲ့ကတိကဝတ်ကို ချမှတ်အကောင်အထည်ဖော်သွားသင့်ပါတယ်။ ဒီစိန်ခေါ်မှုများကိုကျော်လွှားနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကို အထောက်အကူပြုရာမှာ မြန်မာနိုင်ငံအနေနဲ့ အခြားသော အဖွဲ့ဝင်နိုင်ငံများနဲ့အတူ အတူတကွ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မကြာမီက အတည်ပြုခဲ့တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

ယခုလို ထူးမြတ်တဲ့အခါသမယမှာ ကုလသမဂ္ဂအဖွဲ့ကြီးကို ပိုမိုသန်စွမ်းကြွရှင်ပြီး၊ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်စေဖို့ မြန်မာနိုင်ငံနဲ့အတူ အဖွဲ့ဝင်နိုင်ငံများအားလုံး လက်တွဲပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးကို ပိုမိုသန်စွမ်းကြွရှင်ပြီး၊ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်စေဖို့ မြန်မာနိုင်ငံနဲ့အတူ အဖွဲ့ဝင်နိုင်ငံများအားလုံး လက်တွဲပါဝင်ဆောင်ရွက်

ထာဝရတန်ဖိုးရှိနေသည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့၏လမ်းပြအဖြစ် မလွဲမသွေဆက်လက်တည်ရှိနေ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့်
ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာ
၂၄-၁၀-၂၀၁၅

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတိုင်း၏ အမျိုးသားအလံများမှာ ၄င်းတို့၏ဂုဏ်ကျက်သရေနှင့် မျိုးချစ်စိတ်ကိုဖော်ပြထားသော အမှတ်အသားပင်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့လူသားအားလုံးနှင့် သက်ဆိုင်သည့် အလံတစ်ခုတည်းသာရှိပါသည်။

ကုလသမဂ္ဂကြီး၏ အပြာရောင်အလံသည် ကိုရီးယားစစ်ပွဲအတွင်းကြီးပြင်းခဲ့သည့် ကျွန်ုပ်အတွက်မျှော်လင့်ချက်၏ အောင်လံတစ်ခုပင် ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးတည်ထောင်ပြီး ဆယ်စုနှစ်ခုနှစ်ခုတိုင်အောင် လူသားအားလုံးအတွက် အချက်ပြမီးတစ်ခုပမာ ဆက်လက်တည်ရှိနေပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် အစားအစာနှင့် ခိုလှုံစရာလိုအပ်နေသူများအတွက် နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကလေးများ သေဆုံးခြင်းမဖြစ်ပွားစေရန်အလို့ငှာ ရောဂါဖြစ်ပွားခြင်းမှကာကွယ်ရန်အတွက် ကလေးများအား ရောဂါကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံသား၊ ကျား/မ (သို့မဟုတ်) လိင်ပိုင်းခွဲခြားမှုမရှိဘဲ အားလုံးအတွက် လူအခွင့်အရေးကို ကာကွယ်ပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ပဋိပက္ခဒေသများတွင် ရှေ့တန်းနေရာမှ ပါဝင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ စေ့စပ်ညှိနှိုင်းသူများသည် စစ်မက်ဖြစ်သူများကို ငြိမ်းချမ်းရေးစားပွဲသို့ ခေါ်ဆောင်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကယ်ဆယ်ရေးဝန်ထမ်းများသည်လည်း အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်ဒေသများသို့ သတ္တိရှိရှိသွားရောက်၍ အသက်ကယ်ဆယ်ရေးအထောက်အပံ့များပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူပေါင်းသန်းခုနှစ်ထောင်ရှိသော မိသားစုတစ်ရပ်လုံးအတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ကျွန်ုပ်တို့၏တစ်ခုတည်းသော အိမ်ဖြစ်သည့် ကမ္ဘာမြေကြီးကိုလည်း စောင့်ရှောက်ပေးလျက်ရှိပါသည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့ကြီး၏ မတူကွဲပြားခြားနားသည့် ပင်ကိုအရည်အချင်းရှိဝန်ထမ်းများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအား သက်ဝင်လာစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

သက်ဆိုင်ရာတာဝန်များအသီးသီးတွင် အဆုံးစွန်ထိစွန့်လွှတ်အနစ်နာခံထမ်းဆောင်ခဲ့သည့်သူများအတွက် ၄င်းတို့၏ လုပ်ငန်းတာဝန်အပေါ် တစိုက်မတ်မတ်ဆောင်ရွက်မှုများကို အကြိမ်(၇၀)ပြည့် နှစ်ပတ်လည် အခါသမယတွင် ဂုဏ်ယူစွာဖြင့် အသိအမှတ်ပြုပါသည်။

ကမ္ဘာကြီးသည် အခက်အခဲများစွာနှင့်ရင်ဆိုင်ရလျက်ရှိပြီး နိုင်ငံတကာစုပေါင်းလုပ်ဆောင်မှုမှာ အကန့်အသတ်ဖြစ်နေသည်မှာ စိတ်မချမ်းမြေ့စွာ ရှင်းရှင်းလင်းလင်း တွေ့မြင်နေရပါသည်။ မည်သည့်နိုင်ငံ(သို့မဟုတ်)အဖွဲ့အစည်းကမှ ယနေ့ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို တစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပါ။

ထာဝရတန်ဖိုးရှိနေသည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့၏လမ်းပြအဖြစ် မလွဲမသွေ ဆက်လက်တည်ရှိနေပါသည်။ ကျွန်ုပ်တို့အားလုံး၏တာဝန်မှာ မိမိတို့ပြည်သူများကို အကျိုးပြုရန်အတွက် အင်အားများ စုစည်းရန်ဖြစ်ပါသည်။

ဤနှစ်ပတ်လည်နေ့ကိုဂုဏ်ပြု၍ ကမ္ဘာတစ်ဝန်း အထိမ်းအမှတ်သမိုင်းဝင်ကျောက်တိုင်အဆောက်အအုံများအား ကုလသမဂ္ဂ အပြာရောင်မီးထွန်းညှိထားပါသည်။ ယခုမှတ်ကျောက်တင်နှစ်ပတ်လည်နေ့တွင် အလင်းရောင် တောက်ပသကဲ့သို့ ကျွန်ုပ်တို့အားလုံး၏ ပိုမိုတောက်ပကောင်းမွန်သော အနာဂတ်တစ်ခုအတွက် ကျွန်ုပ်တို့ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြပါစို့။

အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး စုပေါင်းသွေးလှူ

ရန်ကုန် အောက်တိုဘာ ၂၃

အောက်တိုဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း ဦးဆောင်သောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၉ ဦး၊ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၀၊ အမျိုးသားသွေးဌာန၌ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်တစ်ဦး၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၄၀၊ အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၂၇ ဦး၊ သယံနိုးကျွန်းစံပြဆေးရုံကြီးတွင် အမှတ်(၃) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၄၄ ဦး၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၂၄၁ ဦးတို့အပြင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၄၀၊ ဘားအံပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၅၀၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၃၃၁ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ်အတွင်း သွေးလှူဒါန်းမှုမှာ အောက်တိုဘာ ၂၂ ရက်အထိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၂၅၀၈ ဦးရှိပြီးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းများအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သွေးလှူရှင်များ အန္တရာယ်မပြစ်စေရန် အသိပေးနှိုးဆော်

ရန်ကုန် အောက်တိုဘာ ၂၃

သွေးလှူရှင်များအန္တရာယ်မပြစ်စေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ စေတနာအလျောက် သွေးလှူဒါန်းခြင်းနှင့် သွေးအစားပေးလှူဒါန်းခြင်းများကို ည ၇ နာရီ နောက်ပိုင်း ရပ်နားထားမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမှုများကို ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာနက အသိပေးနှိုးဆော်ထားသည်။ **ကိုချစ်**

လှိုင်း အသင့်အတင့် ရှိမည်

နေပြည်တော် အောက်တိုဘာ ၂၃

တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

နျူကလီးယားလက်နက်သစ်ထုတ်လုပ်မှုကို ဆက်မလုပ်ရန် သမ္မတအိုဘားမားက ပါကစ္စတန်ကို တိုက်တွန်း

ဝါရှင်တန် အောက်တိုဘာ ၂၃

အိန္ဒိယနှင့် ပါကစ္စတန်တို့ နျူကလီးယားလက်နက် ပြိုင်ဘက်များအဖြစ် အရှိန်မြင့်တက်လာချိန် စွန့်စားမှုများနှင့် မတည်မငြိမ်မှုကို ဖြစ်စေနိုင်သော နျူကလီးယားလက်နက်အစီအစဉ် အကောင်အထည်ဖော်လုပ်ဆောင်နေခြင်းကို ရှောင်ရှားရန် အမေရိကန် သမ္မတဘားရက်အိုဘားမားက ပါကစ္စတန်ကို ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖနှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့သည် အိမ်ဖြူတော်၌ အာဖဂန် တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အမေရိကန်တပ်များ အာဖဂန်နစ္စတန်မှ ပြန်လည်ရုပ်သိမ်းရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့ အကြားတင်းမာမှုများ မြင့်တက်နေချိန် ဝါရှင်တန်က ပါကစ္စတန်၏ နျူကလီးယားလက်နက်များ အကောင်အထည်ဖော်နေခြင်းအပေါ် စိုးရိမ်ပူပန်မိကြောင်း၊ အကန့်အသတ်ဖြင့် နျူကလီးယားလက်နက်များ ထုတ်လုပ်လာမည်ကို စိုးရိမ်မိကြောင်း သမ္မတအိုဘားမားက ပြောသည်။

သို့သော်လည်း အစ္စလမ္မာဘတ်အနေဖြင့် ၄၄၏ နျူကလီးယား အစီအစဉ်အပေါ် ကန့်သတ်မှုကို လက်မခံနိုင်ကြောင်း၊ အိန္ဒိယ၏ ရုတ်တရက်တိုက်ခိုက်မှုကို ကာကွယ်ရန်လိုကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောသည်။

နျူကလီးယားလုံခြုံရေးနှင့် မဟာဗျူဟာတည်ငြိမ်ရေးအတွက် မည်သည့် နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မဆို ရှောင်ရှားရန် အရေးကြီးကြောင်း ပါကစ္စတန်၏ နျူကလီးယား အစီအစဉ်ကို ရည်ညွှန်း၍ သမ္မတအိုဘားမားက တိုက်တွန်းကြောင်း အိမ်ဖြူတော် ကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

ကမ္ဘာ့ပထမဆုံးသော တိုင်းရင်းသားလူမျိုးစုများအားကစားပွဲ နိုင်ငံပေါင်း ၃၀ ကျော်မှ အားကစားသမားများပါဝင်

ပါးမတ်စ်(ဘရာဇီး) အောက်တိုဘာ ၂၃

ပထမဆုံးသောတိုင်းရင်းသားလူမျိုးစုများ အားကစားပွဲတော်ကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုင်ငံပေါင်း ၃၀မှ လူမျိုးစု အားကစားသမား ၂၀၀၀ ကျော် ပါဝင်ဆင်နွှဲလျက်ရှိသည်။

အဆိုပါအားကစားပွဲတော်ကို ဘရာဇီးနိုင်ငံ မြောက်ပိုင်း ပါးမတ်စ်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ စတင်ကာ ကျင်းပလျက်ရှိပြီး အောက်တိုဘာ ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ပါဝင်ဆင်နွှဲမှုကို အားကစားသမားများက ပါးမတ်စ်မြို့လယ်ရင်ပြင်၌ ဖွင့်ပွဲကျင်းပရာ အခမ်းအနားတွင် ရိုးရာမီးပန်းများ တပျော်တပါးပစ်လွှတ်ကာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အီဗီယိုးဝီးယား၊ မွန်ဂိုလီးယားနှင့် ဘရာဇီးတို့အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ တိုင်းရင်းသားများသည် ရိုးရာဝတ်စုံများဝတ်ဆင်၍ ရိုးရာအက၊ ရိုးရာသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဘောလုံးပြိုင်ပွဲလည်း ပါဝင်သော အဆိုပါ အားကစားပွဲတွင် အဓိက အားကစားပွဲများအဖြစ် မြားပစ်၊ လှံတံပစ်၊ ကန္ဒူးလှေပြိုင်ပွဲနှင့် သစ်တောဖြတ်ပြေးပွဲများ ပါဝင်သည်။ ယင်းအားကစားပွဲတော်တွင် အမေရိကတစ်ဝန်းမှ ပြည်သူများအပြင် ဩစတြေးလျ၊ ရုရှား၊ ဖိလစ်ပိုင်၊ အီဗီယိုးဝီးယားနှင့် နယူးဇီလန်တို့လည်း ပါဝင်သည်။

(ရိုက်တာ)

တရုတ်နှင့် အမေရိကန်ရေတပ်ဆက်ဆံရေးသမိုင်းတွင် အကောင်းဆုံးဟု တရုတ်ပြော

ပေကျင်း အောက်တိုဘာ ၂၃

အမေရိကန်နှင့် တရုတ်အကြား ရေတပ်ဆက်ဆံရေးသည် သမိုင်းတွင် အကောင်းဆုံးဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများကြောင့် အနာဂတ်ကာလတွင် ပို၍ စနစ်ကျလာမည်ဖြစ်ကြောင်း တရုတ်ရေတပ် တပ်မတော်အကြီးအကဲက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားလိုက်သည်။

အငြင်းပွား တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့က လူလုပ်ကျွန်းတည်ဆောက်ရာ ရေမိုင် ၁၂ မိုင်အတွင်း ဝါရှင်တန်က လွတ်လပ်စွာ ရေကြောင်းသွားလာမှု ပြုလုပ်ရန် စဉ်းစားနေစဉ်အတွင်း တရုတ်ရေတပ်အကြီးအကဲ ဝူရှန်းလီ၏ အထက်ပါ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးက ရေပြင်၊ ဝေဟင်ပူးပေါင်း စစ်ဆင်ရေးများအပါအဝင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နေကြောင်း ဝူ၏ပြောကြားချက်ကို ကိုးကားပြီး တရုတ်လွတ်မြောက်ရေးတပ်မတော်နေ့စဉ်က ဖော်ပြသည်။

"တရုတ်နဲ့ အမေရိကန် ရေတပ်တွေရဲ့ လက်ရှိဆက်ဆံမှုကတော့ သမိုင်းတစ်လျှောက်မှာ အကောင်းဆုံးပါပဲ" ဟု ဝူက ပြောကြားသည်။ နှစ်နိုင်ငံ ဆက်သွယ်ရေးအချက်အလက်များဖလှယ်မှုမှာ ပိုမိုယုံကြည်မှုရရှိလာပြီး ထိရောက်မှုရှိကြောင်းဖြင့်လည်း ၄၄းက ဆက်လက်ပြောသည်။

(ရိုက်တာ)

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကန်သမ္မတနှင့် ပါကစ္စတန် ဝန်ကြီးချုပ်တို့ဆွေးနွေး

ဝါရှင်တန် အောက်တိုဘာ ၂၃

အမေရိကန်သမ္မတအိုဘားမားနှင့် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်တို့က အာဖဂန်သောင်းကျန်းသူများအနေဖြင့် အာဖဂန်အစိုးရနှင့် တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးရန် တိုက်တွန်းပြောကြားခဲ့သည်။

အိုဘားမားနှင့် ရှာရစ်ဖ်တို့သည် အာဖဂန်နစ္စတန်တွင် လုံခြုံရေး ယိုယွင်းမှုနှင့်ပတ်သက်ပြီး အောက်တိုဘာ ၂၂ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည်။

ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များက အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ၄င်းတို့၏ ကတိကဝတ်များကို အတည်ပြုပြောဆိုခဲ့ကြသည်။ ဇူလိုင်လက တာလီဘန်ထိပ်တန်းခေါင်းဆောင် မူလာအိုမာ ကျဆုံးပြီးကတည်းက အာဖဂန်နစ္စတန်၏ ငြိမ်းချမ်းရေးအလားအလာမှာ မရေမရာဖြစ်နေသည်။ တာလီဘန်သူပုန်များက ထိုးစစ်များကို အရှိန်မြှင့်နေသောကြောင့် အာဖဂန်နစ္စတန်၏ လုံခြုံရေးအခြေအနေမှာ မကြာသေးမီ ကာလအတွင်း ပိုမိုဆိုးရွားလာခဲ့သည်။ လွန်ခဲ့သောအပတ်က အိုဘားမားသည် အာဖဂန်နစ္စတန်တွင် တပ်ဖြန့်ချထားသော အမေရိကန်တပ်ဖွဲ့များကို အကုန်လုံးနီးပါး ယခုနှစ်အကုန်တွင် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အောက်တိုဘာ ၂၂ ရက်က ဆွေးနွေးပွဲ၌ အာဖဂန်နစ္စတန်ကို သံတမန်နည်းလမ်းအရ ငြိမ်းချမ်းမှုဖော်ဆောင်ရန်ဆန္ဒရှိကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ဖော်ပြခဲ့သည်။

(အင်နှိုအိတ်ချ်ကေ)

• • • • • • • • • • • • • •

ဒုတိယကမ္ဘာစစ်တွင် ဂျပန်နိုင်ငံက ဓာတုလက်နက်အမြောက်အများ အသုံးပြုခဲ့ခြင်းအပေါ် တရုတ်ဝေဖန်

ပေကျင်း အောက်တိုဘာ ၂၃

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်ဖွဲ့များက ဓာတုလက်နက်အမြောက်အများသုံးခဲ့သဖြင့် တရုတ်နိုင်ငံတွင် အသေအပျောက်များစွာ ဖြစ်ပွားခဲ့သည့်အတွက် တရုတ်က ဂျပန်ကို အပြင်းအထန် ဝေဖန်ခဲ့သည်။

အချို့ ဓာတုလက်နက်များ တရုတ်နိုင်ငံတွင် ဆက်လက်ကျန်ရှိနေသေးသောကြောင့် ဒေသခံများကို ယခုအချိန်အထိ အန္တရာယ်ဖြစ်စေနိုင်ကြောင်း လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်သံအမတ်ကြီး ဖုကွန်က အောက်တိုဘာ ၂၂ ရက် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မတီ အစည်းအဝေး မတိုင်ခင် ပြောခဲ့သည်။

ဓာတုလက်နက်များကို ဖယ်ရှားမှုပြုရာတွင် ဆောင်ရွက်ချက်နှေးကွေးသည့်အတွက် ၄င်းက ဂျပန်ကို စွပ်စွဲလိုက်သည်။

ဂျပန်နိုင်ငံ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ သံအမတ်ကြီး တိုရှိအိုဆာနိုက အဆိုပါဖြစ်ရပ်များအတွက် နောင်တရမိကြောင်း ဖော်ပြခဲ့ပြီး အဆိုပါကျန်ရှိနေသော ဓာတုလက်နက်များကို ပေကျင်းနှင့် ပူးပေါင်းပြီး တတ်နိုင်သမျှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂျပန်အစိုးရသည် သမိုင်းဆိုင်ရာ မှားယွင်းမှုအပေါ် ရှောင်ရှားနေသမျှကာလပတ်လုံး တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံကို ကန့်ကွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မတီ အစည်းအဝေးပြီးနောက် တရုတ်သံအမတ်ကြီးက ပြောခဲ့သည်။

(အင်နှိုအိတ်ချ်ကေ)

ရွေးကောက်ပွဲကာလ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသည် ၁၉၆၁ ဗီယင်နာကွန်ဗင်းရှင်းပါ အိမ်ရှင်နိုင်ငံ ပြည်တွင်းရေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် ရန်ကုန်အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ သံတမန်ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသော သံတမန်အဖွဲ့၊ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတကာမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ တွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ယခုကျင်းပမည့် ရွေးကောက်ပွဲသည် (၆)ကြိမ်မြောက်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ရွေးကောက်ပွဲအတွက် မဲစာရင်းကို စက်တင်ဘာ ၁၄ ရက် မှ ၁၇ ရက်ထိ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ပြည်တွင်းရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ သတင်းထုတ်ပြန်ချက်အရ လာရောက်ကြည့်သူနည်းကြောင်း၊ မဲစာရင်းသည် အရေးကြီးပြီး မဲစာရင်းတွင် ပါဝင်မှသာ မဲပေးနိုင်မည်ဖြစ်သကဲ့သို့ ရွေးကောက် တင်မြောက်ခံပိုင်ခွင့်ရှိမည် ဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ကို မြို့နယ် ၃၃၀ အား တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီအဖြစ် သတ်မှတ်ပါကြောင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီတွင် မဲဆန္ဒနယ် ၁၂ နယ်စီ သတ်မှတ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကို မြို့နယ်တစ်မြို့နယ်စီတွင် မဲဆန္ဒနယ် နှစ်နယ်စီ သတ်မှတ်ပါကြောင်း၊ မဲဆန္ဒနယ်မြေ သတ်မှတ်ရာတွင် မဲဆန္ဒရှင်ဦးရေကို အခြေခံ၍ သတ်မှတ်ခြင်းမဟုတ်ဘဲ တိုင်းရင်းသား လူမျိုးများ အခွင့်အရေး တန်းတူညီမျှစွာရရှိစေရန် မြို့နယ်ကို အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူပေါင်း ၆၁၈၅ ဦးရှိပြီး အတည်ပြုသူ ၆၀၆၅ ဦးရှိကြောင်း၊ အမျိုးသားကိုယ်စားလှယ်လောင်း ၅၂၇၄ ဦး (၈၆.၈%) နှင့် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၈၀၀ (၁၃.၂%) ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းစိစစ်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများမှာ မြို့နယ် ၀ါးမြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈၈ အုပ်စုဖြစ်ပါကြောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မှန်ကန်မျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာမှ မိတ်ဆွေ အဖွဲ့အစည်းများကလည်း အားပေးကူညီကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာသော၊ လွတ်လပ်သော၊ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအခြေခိုက်နှင့် ပူးတွဲထမ်းဆောင်သည့် သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ဖိတ်ခေါ်လေ့လာစေသည့်လုပ်ငန်းလည်း ပါရှိကြောင်း၊ သံတမန်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုများကို မြန်မာနိုင်ငံအနှံ့ သွားရောက်လေ့လာလျက်ရှိပါကြောင်း၊ ထိုသို့လေ့လာရာတွင် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင် ရုံးခွဲများ၊ မဲဆန္ဒရှင်များနှင့်လည်း တွေ့ဆုံလျက်ရှိကြောင်း၊ ရွေးကောက်ပွဲကာလတွင်လည်း နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအဖြစ် ပါဝင်ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များအပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ၁၉၆၁ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်းပါ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန် တာဝန်ဝတ္တရားများရှိကြောင်း၊ တရားမျှတပြီး လွတ်လပ်သည့်၊ ထင်သာမြင်သာရှိသည့်၊ ယုံကြည်ရသည့် ရွေးကောက်ပွဲများကို အေးအေးချမ်းချမ်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သံတမန်များအပါအဝင် အားလုံး၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ သံတမန်များ၏ လှုပ်ရှားမှုများသည် ရွေးကောက်ပွဲ၏ တရားမျှတမှုကို မထိခိုက်စေရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ(၃-က)ဖြင့် လျှောက်ထားလာမှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား မိမိတို့၏ အမြဲတမ်းနေရပ်သို့သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် ၁၀-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ(၃-က)ဖြင့်လျှောက်ထားသွားကြရန် ၁၀-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ်(၃၄/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

၂။ နိုင်ငံတစ်ဝန်းလုံးတွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားလာသူ စုစုပေါင်း ၁၀၃၁၅၅၉ ဦးရှိပါသည်။ ပုံစံ(၃-က) ဖြင့် အများဆုံးလျှောက်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၄၉၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀၁၀၅ ဦး၊ ကချင်ပြည်နယ်တွင် ၇၁၉၇၀၊ ရှမ်းပြည်နယ်တွင် ၅၈၈၈၄ ဦး၊ ပြည်ထောင်စုနယ်မြေတွင် ၄၅၇၈၄ ဦး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်)၏ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

လေးစားအပ်ပါသော မိဘပြည်သူများသိရှိစေရန်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ယခုအခါမိဘပြည်သူများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ လည်းကောင်း၊ ပြည်သူများဘေးကင်းလုံခြုံစိတ်ချရသော အစားအသောက်များ၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများဝယ်ယူသုံးစွဲနိုင်စေရန်အလို့ငှာလည်းကောင်း နိုင်ငံတော်မှချမှတ်ထားသောဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်လျက်ဆောင်ရွက်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် အစားအသောက်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်းများဆိုင်ရာ ကိစ္စရပ်များအတွက် မေးမြန်းစုံစမ်းလိုသည့်အခါတွင်လည်းကောင်း၊ မိမိတို့ပတ်ဝန်းကျင်၌ သံသယရှိသောကျန်းမာရေးကိုထိခိုက်စေနိုင်သော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့်ပြည်သူများအကြားတွင် ဝယ်ယူသုံးစွဲရန်နည်းမျိုးစုံဖြင့် လိုက်လံစည်းရုံးခြင်း၊ ကြော်ငြာခြင်းစသည့် သတင်းအချက်အလက်များပေးပို့သည့်အခါတွင်လည်းကောင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များနှင့် အီးမေးလိပ်စာသို့ဆက်သွယ်၍သတင်းပေးတိုင်ကြားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
နေပြည်တော်

(၁)	ဒေါက်တာထွန်းဇော်(ညွှန်ကြားရေးမှူး/အစားအသောက်ဌာနခွဲ)	-	၀၆၇-၄၀၃၁၆၇
(၂)	ဒေါက်တာသီဝိဇင်(ညွှန်ကြားရေးမှူး/ဆေးဝါးဌာနခွဲ)	-	၀၆၇-၄၀၃၀၉၁
(၃)	ဒေါက်တာဒေါ်ခင်ချစ်(ညွှန်ကြားရေးမှူး/ဓာတ်ခွဲဌာနခွဲ)	-	၀၆၇-၄၀၃၂၄၂
(၄)	ဒေါက်တာသဇင်ရီလှိုင်(ညွှန်ကြားရေးမှူး/အလှကုန်၊ ဆေးပစ္စည်းဌာနခွဲ)	-	၀၆၇-၄၀၃၄၈၉ ၀၆၇-၄၀၃၂၄၂
(၆)	ဒေါက်တာဇင်ဇင်နွယ်(ညွှန်ကြားရေးမှူး/ရန်ကုန်တိုင်းဒေသကြီး)	-	၀၁-၃၇၇၀၂၉
(၇)	ဒေါက်တာဒေါ်ခင်စောလှ(ညွှန်ကြားရေးမှူး/မန္တလေးတိုင်းဒေသကြီး)	-	၀၂-၆၂၁၁၈ ၀၉-၆၅၀၀၂၈၅
(၅)	စီမံရေးဌာနခွဲ၊ နေပြည်တော်	-	၀၆၇-၄၀၃၆၀၉
	ဒေါက်တာထွန်းလင်းအောင်(လက်ထောက်ညွှန်ကြားရေးမှူး/စီမံ)		fdanptl@gmail.com
	ဒေါက်တာဥက္ကာဖြိုး၊ ဒေါက်တာရန်လင်းမောင်၊ ဒေါက်တာမိုးမြင့်ဟိန်း(ဦးစီးအရာရှိ/စီမံ)		

မဲပေးရန်ကြိုတင်လေ့ကျင့်နိုင်

ရန်ကုန် အောက်တိုဘာ ၂၃ လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်

ကြမည့်ပါတီများ များပြားခြင်းနှင့် ၂၀၁၀/၂၀၁၂ ရွေးကောက်ပွဲများကဲ့သို့ အမှန်အမှတ်အသားခြစ်ရမည်မဟုတ်ဘဲ တံဆိပ်တုံးနှိပ်၍ မဲပေးကြရမည်ဖြစ်သည်။

ထိုသို့ တံဆိပ်တုံးနှိပ်မဲပေးရာတွင် အမှားအယွင်းမရှိရလေအောင် အောက်တိုဘာ ၂၁ ရက်က အနော်ရထာလမ်းနှင့် ၃၂ လမ်းထောင့်၌ စေတနာရှင်တစ်ဦးက မဲပေးရမည့် ပုံစံစာရွက်နမူနာနှင့် တံဆိပ်တုံးနမူနာ ချထားပေးပြီး ဗီနိုင်းပေါ်တွင်လည်း "မည်သူမဆိုမဲပေးရန်အတွက် တံဆိပ်တုံး စမ်းသပ်ရိုက်နှိပ်နိုင်ပါသည်"ဟု အခမဲ့အကျိုးဆောင်ပေးလျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။

ဘော်ဂါသွေး

မူဆယ်တွင် မဲရုံ ၃၃၅ ရုံထားရှိမည်

မူဆယ် အောက်တိုဘာ ၂၃ လာမည့်နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၌ မဲရုံ စုစုပေါင်း ၃၃၅ ရုံထားရှိမည်ဖြစ်သည်။ မြို့နယ်အလိုက်အနေဖြင့် မဲရုံအရေအတွက်မှာ မူဆယ်မြို့နယ်တွင် ၉၃ ရုံ၊ နမ့်ခမ်းမြို့နယ်တွင် ၁၁၁ ရုံနှင့် ကွတ်ခိုင်မြို့နယ်တွင် ၁၃၁ ရုံဖြစ်ပြီး မဲဆန္ဒရှင် စုစုပေါင်းမှာ ၂၉၃၇၈၈ ကျော်ရှိမည်ဖြစ်ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

လက်ရှိအစိုးရသစ်လက်ထက်တွင် ဟားခါးမြို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိချိန် လာမည့်ဖေဖော်ဝါရီလတွင် ဟားခါးမြို့ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဖြူးရေးစီမံကိန်းပြီးစီးမည်

ဟားခါး အောက်တိုဘာ ၂၃

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါအဆောက်အအုံသစ်ရှေ့ မျက်နှာစာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းဝိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့ကွက်သစ် ဖော်ထုတ်နေမှုများအား လှည့်လည်ကြည့်ရှုကြပြီး ရှင်းလင်းဆောင်၌ မြို့သစ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီး ဦးငွန်ဆန်းအောင်က ဟားခါးမြို့သစ်၌ ဘေးသင့်ပြည်သူများပြန်လည်နေရာချထားရေးအစီအမံများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က မြို့သစ်ထပ်မံတိုးချဲ့မည့် စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဟားခါးမြို့သစ်ပြန်လည်နေရာချထားရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှုများအား လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဇူလိုင်လနှင့် သြဂုတ်လများ အတွင်း ဟားခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမြေပြိုမှုများကြောင့် ဟားခါးမြို့ပေါ်တွင် လူနေအိမ် ၇၃၂ လုံး၊ ကျေးလက်ဒေသတွင် ၁၃၈ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုပါ သဘာဝဘေးသင့်မှု အခြေအနေများကြောင့် ဆက်လက်နေထိုင်ရန် မသင့်လျော်သည့် အိမ်ရာများ ပြန်လည်နေရာ ချထားပေးနိုင်ရေး အတွက် အန္တရာယ်ကင်းဇုန် အဖြစ် သတ်မှတ်ထုတ်ပြန်ထားသည့် ဟားခါး-ဖလမ်း ကားလမ်းအထက်ရှိ မြေကော ၅၂၀ တွင် ဟားခါးမြို့သစ်ကို ဖော်ထုတ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း နေရာချထားပေးသွားမည်ဖြစ်သည်။ နေအိမ်အလုံး ၂၀၀ ကျော်အား လာမည့် ဒီဇင်ဘာလအတွင်း သက်ဆိုင်သူများ လက်သို့ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ကွန်ကရစ်ပတ်လမ်းခင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကလေး-ပြင်သာလမ်း ပေ ၅၀၀၀ ကွန်ကရစ်လမ်းခင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကလေးမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ပေးရန်ရှိသည့် လုံးချင်းအိမ် ၃၅၈ လုံးအနက် ၁၈၅ လုံး တည်ဆောက်ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဒီဇင်ဘာလအတွင်း ပြီးစီးရေး ဆောင်ရွက်နေမှုများအပေါ် တာဝန်ရှိသူများနှင့် ဆွေးနွေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ချင်းပြည်နယ် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဟားခါးမြို့ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းပြီးစီးမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးထလာဟရဲက ဟားခါးမြို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆိုင်ရာများကို လည်းကောင်း ၊ မြန်မာ့အလှကုမ္ပဏီ စီမံကိန်းတာဝန်ခံက ဟားခါးမြို့ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဟားခါးမြို့ အနောက်မြောက်ဘက်ရှိ တီးမစ်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် တီးမစ်တမံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် ဟားခါးမြို့တွင်း သန့်ရှင်းသည့်သောက်သုံးရေ ဖြန့်ဖြူးပေးဝေမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တမံတည်ဆောက်ရေးလုပ်ငန်းများ၊ သန့်ရှင်းသော သောက်သုံးရေ ပေးဝေဖြန့်ဖြူးရေးလုပ်ငန်းဆိုင်ရာများ၊ လျှပ်စစ်မီးဖြန့်ဖြူးနိုင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၌ စနစ်တကျစီမံဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့သစ်ရှိရေစစ်ကန်တည်ဆောက် နေမှုနှင့် တီးမစ်တမံတည်ဆောက်ရေးလုပ်ငန်းခွင်များအား ကြည့်ရှုစစ်ဆေးသည်။

ဟားခါးမြို့တွင် တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး၊ စိုက်ပျိုးလယ်ယာမြေများ ရေဖြန့်ဝေပေးနိုင်ရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးတို့အတွက် ဟားခါးမြို့ အနောက်မြောက်ဘက် ၆ မိုင်အကွာရှိ တီးမစ်ချောင်းတွင် တမံတည်ဆောက်လျက်ရှိသည်။ အဆိုပါ ကွန်ကရစ်တမံသည် အမြင့် ၅၄ ပေ၊ အလျား ၁၉၆ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၁၆၈ ကေပေ ရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဟားခါးမြို့ မြို့ကွက်သစ်ဖော်ထုတ်ရာ၌ အိမ်ရာများဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းရေးကိစ္စများဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူနက်စကိုရုံးမှ မစ္စတာ ဆန်ဒါအူမာအလမ်တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မစ္စတာ ဆန်ဒါအူမာအလမ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီ၊ ပုထိုးများ ထိန်းသိမ်းရေးအတွက် ယူနက်စကိုက လျှဒါန်းမည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ကို လက်ခံရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်ကို ယဉ်ကျေးမှုဝန်ကြီးဌာန အစီအစဉ်ဖြင့် ငှားရမ်းတာဝန်ပေးအပ်ရေး၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ စေတီ၊ ပုထိုးများ ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းသုံးခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အီတလီနိုင်ငံက ယူရို ၄၅၀၀၀၀ လျှဒါန်းမည့် ကိစ္စများကိုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးသည့်ကိစ္စသုံးရပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စာဖြင့်ပေးပို့ရန် ပြန်လည်ဆွေးနွေးသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ်၌ အထူးရဲသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၃

အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးတာဝန်ယူဆောင်ရွက်ကြမည့် အထူးရဲများ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားမှုများနှင့် လုံခြုံရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်း၌ အထူးရဲသင်တန်းသား ၅၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) သင်တန်းဆင်း

မန္တလေး အောက်တိုဘာ ၂၃

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာနသည် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးရည်ရွယ်ချက်ဖြင့် စက်မှုသင်တန်းကျောင်း ခြောက်ခုဖွင့်လှစ်၍ လူစွမ်းအား အရင်းအမြစ်ကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ အမှတ်(၂)စက်မှု သင်တန်းကျောင်း(မန္တလေး)၏ အမှတ်စဉ်(၇) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးသွင်မြင့်မောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**

အမှတ်စဉ်(၇) သင်တန်းမှ သင်းတန်းသား သင်တန်းသူ ၁၄၄ ဦး အား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းများ၏ အလုပ်အကိုင်ရရှိရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ဆက်သွယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ်စဉ်(၇) သင်တန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စက်မှုဘာသာရပ်လေးမျိုးကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၁-၁၀-၂၀၁၅ ရက်မှ ၂၃-၁၀-၂၀၁၅ ရက်အထိ ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မုံရွာဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကန့်ဘလူမြို့ဒေသခံကလေးငယ်တစ်ဦးက ကြိုဆိုနှုတ်ဆက်စဉ်။(သတင်းစဉ်)

ဧရာဝတီတံတား(ထီးချိုင့်)ဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံကင်းထောက်လူငယ်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရှမ်းပြည်နယ် ရွာင်မြို့နယ်ရှိ မြို့ကြီးရေလှောင်တမံတွင် ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ထီးချိုင့်)ဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗိုးကုတ်မြို့လယ်အင်း (မုံကွင်း)ကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-YHT)

မဟာနန္ဒာကန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-YHT)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြိုဆိုကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှုနှင့် ဂျင်နရေတာ တာဘိုင်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြို့ကြီးပင်မရေလှောင်တမံအပေါ်သို့ရောက်ရှိကြပြီး ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တမံရှင်းလင်းဆောင်ရွက်ရပ်သို့ ရောက်ရှိပြီး ပင်မတမံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ပြီးစီးနေမှုနှင့် စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ထားသည့်အခြေအနေ၊ ဇော်ဂျီဆည် ရေသောက် ဧရိယာကေ ၈၂၀၀၀ ကို ရေပိုမိုပေးဝေနိုင်မည့်အခြေအနေ၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် မြေဧရိယာ ၃၃၀၀၀ ကေကို စိုက်ပျိုးရေပေးဝေနိုင်မည့်အခြေအနေတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းအတွက် အဓိကဆောင်ရွက်ရမည့် ရေစီမံ့တံတားကွန်ကရစ်နံရံ၊ ရေလွှဲဥမင်၊ ပင်မတမံ၊ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရန် ရေယူတူးမြောင်းများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်ခဲ့သော်လည်း စီမံကိန်းကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရသည့် နှစ်များရှိခဲ့သည့်အတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ဤစီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြို့ကြီးရေလှောင်တမံ စီမံကိန်းသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြည့်ဆည်းပေးရန်ရည်ရွယ်၍ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိတ္ထီလာမြို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် မိတ္ထီလာကန်တော်ကိုလည်း မိမိတို့ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြို့ကြီးရေလှောင်တမံစီမံကိန်းနှင့်အတူ ရှိပြီးရေလှောင်တမံများ၊ ကန်များပေါင်းစပ်ခြင်းဖြင့် မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး အစိမ်းရောင်လွင်ပြင်ဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မြို့ကြီးရေလှောင်တမံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်သည့်အတွက် လက်ရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်များမှတစ်ဆင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်လိုကြောင်း။

ဒေသခံပြည်သူများ အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို သာမန်အိမ်သုံးအတွက်သာ သုံးစွဲခြင်းမပြုဘဲ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ တည်ထောင်သုံးစွဲရန်လိုကြောင်း၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကလည်း ဒေသနှင့်ကိုက်ညီသည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အကူအညီပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် ကျောက်ဆည်စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်းမှာကြားသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ် တောင်ပိုင်း ရွာငံမြို့နယ် ဟံမြင့်မိုရ်-ရွာငံကားလမ်း မိုင်တိုင် ၁၄ ရှိ မြို့ကြီးရွာ၏ မြောက်ဘက်တစ်

စာမျက်နှာ ၉ ကော်လံ ၁ သို့



မိတ္ထီလာကန်နှင့် မြို့ရွှေခင်းကို ဝေဟင်ပေါ်မှတွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

မိုင်ခန့်အကွာ၌ တည်ရှိသည်။ တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ ထုတ်လွှတ်ရေနှင့် ဇော်ဂျီတမံနှင့် မြို့ကြီးတမံကြား အတွင်းရှိ ရေဆင်းဧရိယာမှ စီးဆင်းရေများကို သိုလှောင်ပြီး လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်တပ်ဆင်ကာ နှစ်စဉ်ပျမ်းမျှလျှပ်စစ်စွမ်းအား ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီသန်း ထုတ်လုပ်ရန်နှင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

မြို့ကြီး ရေလှောင်တမံသည် ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၅၉၇၀ သိုလှောင်နိုင်မည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံစီမံကိန်းသည် ယခုအခါ ၉၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ယင်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာ(မြောက်) ကန်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာ(မြောက်) ကန်တွင်ရောဝင်ရောက်မှုအခြေအနေနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မသုခကန်ဦး ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့ကြီး ရေလှောင်တမံသည် ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၅၉၇၀ သိုလှောင်နိုင်မည်။

မြို့ကြီးရေလှောင်တမံစီမံကိန်းသည် ယခုအခါ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ယင်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အခွန်ဦးစီးမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၃

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာနစုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ၄င်းတို့ပြည်တွင်းအခွန်များ ဦးစီးဌာနသည် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်သတ်မှတ်ပြီး ပိုမိုထိရောက်ကောင်းမွန်သည့် အခွန်စီမံခန့် ခွဲမှုစနစ်ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ အခွန်ဝန်ထမ်းများတိုးချဲ့ခန့်ထားရေးနှင့် အခွန်ဌာနကို နိုင်ငံတကာ စံနှုန်းအဆင့်မီဆောင်ရွက်နိုင်စေရေးအတွက် ဖွဲ့စည်းပုံအသစ်တိုးချဲ့နိုင်ရန် အသစ်ရေးဆွဲ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ထိရောက်ကောင်းမွန်သည့် အခွန်စနစ်ဖြစ်စေရန် တာဝန်ရှိသူအားလုံးက ကြိုးစားဆောင်ရွက်နေခိုန်တွင် ဝန်ထမ်းများအနေဖြင့် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စည်းကြပ်ကောက်ခံရမည့် အခွန်ငွေများကိုလျော့နည်းလွတ်ကင်းမှုမရှိစေဘဲ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ကြရန် လိုကြောင်းပြောကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ထူးချွန်ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

(မြန်မာ့အလင်း)

ဆူးလေလူကူးခုံးကျော်တံတား ဆက်စပ်တည်ဆောက်သွားမည်

ရန်ကုန် အောက်တိုဘာ ၂၃

ဆူးလေဘုရားလမ်းပေါ်မှ ဖြတ်ကျော် ကူးသန်းသည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မှကင်းဝေးစေရေးအတွက် လူကူးခုံးကျော်တံတား(တော်ဝင်တံတား) တစ်စင်းကို တပ်မတော်အစိုးရ လက်ထက်ကတည်းက တည်ဆောက်ပေးခဲ့သည်။

သို့သော် ခရီးသွားပြည်သူများ အသုံးပြုမှုနည်းခဲ့ပြီး တံတားအနီးရှိ "ဤနေရာမှ လမ်းမကူးရ" ဆိုသည့်ဆိုင်းဘုတ်ဘေးမှပင် ဖြတ်ကျော်၍ကားလမ်းပေါ်မှသာ ကူးသန်းမှုများခဲ့ကြသည်။ လူနှင့်ကားများ ရှုပ်ထွေးလျက်ရှိပြီး မကြာခဏ အန္တရာယ် ဖြစ်ခဲ့ကြသည်။

တာဝန်ရှိသူတို့၏ ပြန်လည်သုံးသပ်စဉ်းစား အဖြေရှာမှုကြောင့် ယခုအခါ တော်ဝင်တံတားနှင့် ဆက်စပ်၍ တည်ဆောက်သွားတော့မည်ဟုဆိုကြသည်။ ပြီးခဲ့သော အပတ်က လမ်းလယ်ကျွန်း၌ မြေတူးခြင်းလုပ်ငန်းများစတင်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက်က လမ်းလယ်ကျွန်းရှိယာဉ်ထိန်းရုံးကို စတင်ဖျက်သိမ်းနေကြောင်း သိရသည်။

"တံတားတည်ဆောက်ဖို့ကတော့ သေချာသွားပါပြီ။ တိုင်းတာမှုတွေ ပြီးလို့ မြေကြီးတူးတဲ့အဆင့်တော့ ရောက်လာပါပြီ။ ဘယ်လိုပုံနဲ့တည်ဆောက်သွားမှာလဲတော့ မသိရသေးဘူး"ဟု ယာဉ်ထိန်းရဲတစ်ဦးထံမှ ထပ်မံသိရှိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် ပြည်တွင်းကုမ္ပဏီတစ်ခုက တည်ဆောက်သွားမည်ဖြစ်ပြီး တံတားပုံစံကို ထိုင်းနိုင်ငံကုမ္ပဏီတစ်ခုက ထုတ်လုပ်ရေးဆွဲထားခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

အောက်တိုဘာ ၂၂ ရက်က လမ်းလယ်ကျွန်းရှိ ယာဉ်ထိန်းရဲရုံးအား ဖျက်သိမ်းနေသည်ကို တွေ့ရစဉ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြိုဆိုပွဲများကျင်းပ

သီပေါ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သီပေါမြို့နယ်မှ ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုတို့မှ တိန်းချေတိန်းစ်၊ ဘော်ကြို၊ မန်ဟဲ၊ မိုးတေ၊ ရွာသစ်၊ တုံစင့်၊ ပန်ဆောက်မိန်း၊ လော်ခွန်၊ ကျင်သီ၊ ကုန်းသာ၊ နောင်အန်၊ စံဖိတ်အုပ်စုများမှ တိုင်းရင်းသားပြည်သူ ငါးထောင့်ခြောက်ရာကျော်တို့က စစ်ကြောင်းများအလိုက် ဒေသခံပြည်သူများက အိုးစည်ဗုံမောင်းများ တီးခတ်၍ မဟာမြတ်မုနိဘုရားကြီးကွင်း၌ စုရုံးကြပြီး မိုင်းပွန်လမ်းမှ စတင်ကာ ပြည်ထောင်စုလမ်းမကြီးအတိုင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြောင်း ပိုစတာများနှင့် လက်ကိုင်ပိုစတာများကိုင်ဆောင်ပြီး NCA စာချုပ်ပါ သဘောတူညီချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။ **(ယာဝုံ)**

စိုင်း(သီပေါ)

သာယာဝတီ

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား နေပြည်တော်တွင်ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက သာယာဝတီခရိုင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသူများက NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ထောက်ခံကြောင်း စုပေါင်း သံပြိုင်ကြွေးကြော်ကာ ထောက်ခံခဲ့ကြကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

ကျောက်မဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ အောက်တိုဘာ ၂၃ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း ထောက်ခံကြိုဆိုပွဲအခမ်းအနားကို ကျောက်မဲမြို့နယ်၌ကျင်းပရာ ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ၁၉ အုပ်စုမှ တိုင်းရင်းသားပြည်သူ ၇၅၀၀ ခန့် တက်ရောက်ကြိုဆိုထောက်ခံခဲ့သည်။

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်ပြီး ပြည်သူလူထုထံမှ သဘောထားများရယူခဲ့ကြောင်း သိရသည်။ **သိန်းသန်း(ကျောက်မဲ)**

ကြာအင်းဆိပ်ကြီး

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးပွဲအား ကြိုဆိုထောက်ခံပွဲကို အောက်တိုဘာ ၂၃ ရက်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာကြသော ဒေသခံပြည်သူများက နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအမြန်ဆုံးဖြစ်ပေါ်လာရေး ကြွေးကြော်ကာ ထောက်ခံခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကဝ

ပဲခူးတိုင်းဒေသကြီး(ရှေ့) ကဝမြို့နယ် အားကစားကွင်း၌ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲအခမ်းအနား ကျင်းပသည်။

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အဆိုတင်သွင်းခြင်းကို မြို့မိ မြို့ဖတစ်ဦးဖြစ်သူ ဦးကျော်ရဲထွန်းက အဆိုတင်သွင်းပြီး ထိုအဆိုကို မြို့မိ မြို့ဖဖြစ်သူ ဦးတင်ထွေးက ထောက်ခံသည်။ သဘာပတိက တက်ရောက်လာသူများအား ထောက်ခံသဘောတူခြင်းကို ဆက်လက်ရယူရာ တက်ရောက်လာသူများက တစ်ခဲနက်ထောက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတာရှည်

နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက်သဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ထောက်ခံကြိုဆိုပွဲအား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မအားကစားကွင်း၌ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ကရင်၊ ပအိုဝ်း၊ မြန်မာ၊ ရခိုင်တိုင်းရင်းသားများနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည် ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။ **ကိုလွင်(ဆွာ)**

ရွှေတောင်

အောက်တိုဘာ ၁၅ ရက်က ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားအား ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်သူ့အားကစားကွင်း၌ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ အင်အား ၉၄၂ ဦးတို့က ထောက်ခံကြကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

တောင်ငူ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး ခြင်းထောက်ခံသည့်အခမ်းအနားကို တောင်ငူခရိုင်ရှိ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ရေတာရှည်၊ ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်များတွင် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက တစ်ပြိုင်နက်တည်းကျင်းပရာ တောင်ငူမြို့နယ်တွင် ၈၀၀၊ အုတ်တွင်းမြို့နယ် ၁၇၇၉ ဦး၊ ဖြူးမြို့နယ်တွင် ၁၂၀၀၊ ရေတာရှည်မြို့နယ်တွင် ၁၀၀၀၊ ထန်းတပင်မြို့နယ်တွင် ၆၅၀ နှင့် ကျောက်ကြီးမြို့နယ်တွင် ၂၀၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

မောင်ရွှေဝင်း(ပြည်)

ကြေးရှိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့်အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၆ နာရီခွဲက ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဗီနိုင်းပိုစတာများ၊ လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် အောင်မြတ်ခန်းမသို့ တစ်ပတ်စီတန်းလှည့်လည်ကြစဉ်။ **(ခရိုင် ပြန်/ဆက်)**

ဖြူး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားအား အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ဖြူးမြို့ မြို့နယ်ခန်းမသစ်၌ ကျင်းပသည်။

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ကျီးမနိုးရွာနေ စောသန်းကြူးထူးက အဆိုတင်သွင်း၍ စောဆဲပရယ်တီက ထောက်ခံစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကရင်၊ ရှမ်းတိုင်းရင်းသားပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖြူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ စုစုပေါင်း ၁၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

နောင်ချို

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် က နောင်ချိုမြို့မအားကစားကွင်း၌ ကျင်းပရာ ဓနုတိုင်းရင်းသားဦးအောင် ကျော်က အဆိုတင်သွင်းခြင်း၊ ရှမ်းတိုင်းရင်းသား ဦးစိုင်းထွန်းရွှေက အဆို ထောက်ခံခြင်းများကို ဆွေးနွေးပြောကြားသည်။ **စိုးဝင်း(နောင်ချို)**

လားရှိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားအား အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူ ၅၀၀၀ ခန့် တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

NCA လက်မှတ်ရေးထိုးပွဲမှ ပြန်လည်ရောက်ရှိလာသော RCSS / SSA ဥက္ကဋ္ဌနှင့်အဖွဲ့အား ဒေသခံများက ဂုဏ်ပြုကြိုဆို

တာချီလိတ် အောက်တိုဘာ ၂၃

နေပြည်တော်တွင် ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကာ လက်မှတ်ရေးထိုးခဲ့သည့် RCSS/SSA ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က လေကြောင်းခရီးဖြင့် တာချီလိတ်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက တာချီလိတ်လေဆိပ်၌ ကြိုဆိုဂုဏ်ပြုကြသည်။

ထို့နောက် RCSS/SSA ဥက္ကဋ္ဌသည် ဆောမ်းရပ်ကွက် လွန်းကျိုင်းရာဇဌာန်ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ NCA စာချုပ်နှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ ထုတ်ဝေသည့် "ငြိမ်းချမ်းရေး" စာအုပ်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ရေနံသဘာဝဓာတ်ငွေ့ရည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

စွမ်းအင်ဝန်ကြီးဌာနနှင့် World Bank Group ၏ ကူညီထောက်ပံ့မှုဖြင့် ကြီးမှူးကျင်းပသော သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (LNG Workshop) ကို နေပြည်တော် သင်္ဘာဟိုတယ်၌ အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ

ဝန်ကြီး ဦးမြင့်ဇော်နှင့် World Bank Group၊ Practice Manager ဖြစ်သူ Ms. Julia Fraser တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ LNG စီးပွားရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စွမ်းအင်ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သဘာဝဓာတ်ငွေ့ရည်လုပ်ငန်း တင်သွင်း ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် နိုင်ငံခြားကုမ္ပဏီတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ World Bank မှ Senior Energy Specialist Mr. Alan Townsend နှင့် တာဝန်ရှိသူများက ကမ္ဘာ့သဘာဝဓာတ်ငွေ့ရည်လိုအပ်ချက်နှင့်ဖြည့်ဆည်းမှု၊ ထုတ်လုပ်မှုနှင့် စျေးကွက်အခြေအနေ၊ ဒေသအလိုက် စျေးနှုန်းကွာခြားချက်နှင့် တွက်ချက်မှုစနစ်များ၊ နောင်အနာဂတ်ကာလအတွက် သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်ဖြန့်ဖြူးမှု အလားအလာများ၊ စျေးကွက်ဆိုင်ရာ သုံးသပ်တင်ပြမှုများ၊ သဘာဝဓာတ်ငွေ့ရည် တင်သွင်းဖြန့်ဖြူးရောင်းချရေးကဏ္ဍအတွက် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းပညာများနှင့် ရောင်းဝယ်မှုစနစ်များ၊ အသေးစားနှင့် အလတ်စား LNG Plant များ၏ ဖြစ်နိုင်ခြေများနှင့် သဘာဝဓာတ်ငွေ့ရည် တင်သွင်းခြင်းအတွက် Floating Storage and Regasification Units-FSRUs)၏ အရေးပါမှုအခန်းကဏ္ဍများကို ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံ သဘာဝဓာတ်ငွေ့ရည် တင်သွင်းဖြန့်ဖြူးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာမြို့ ရွှေတော်ဝင်ပုဂ္ဂလိကဆေးရုံကြီး၏ အလုပ်ရှင်နှင့် အလုပ်သမားကြား ဖြစ်ပွားလျက်ရှိသော မကျေနပ်မှုများပြေလည်မှုရရှိ

မုံရွာ အောက်တိုဘာ ၂၃

အခြေခံ အလုပ်သမားများ၏ လုပ်ခတစ်ရက်လျှင် ငွေကျပ် ၃၆၀၀ နှုန်းသတ်မှတ်ပေးပြီး နောက်ပိုင်းတွင် အလုပ်ရှင်နှင့် အလုပ်သမားများကြားတွင် သတ်မှတ်လုပ်ခလစာများ ပေးချေရေးနှင့် အလုပ်ချိန်သတ်မှတ်ရေးစသည့် ပြဿနာဖြစ်ပွားလျက်ရှိရာ အဆိုပါပြဿနာများကို နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ရွှေတော်ဝင်ပုဂ္ဂလိကဆေးရုံကြီး၌ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့် အထွေထွေအလုပ်သမားများကြား နိုင်ငံတော်မှသတ်မှတ်ပေးသော အနည်းဆုံး လုပ်ခလစာအတိုင်းရရှိရေးနှင့် တစ်ရက်အလုပ်ချိန် ရှစ်နာရီ သတ်မှတ်ရေးတို့နှင့် ပတ်သက်ပြီး စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက အငြင်းပွားမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရွှေတော်ဝင် ပုဂ္ဂလိကဆေးရုံကြီးတွင် အလုပ်လုပ်ကိုင်ကြသော အထွေထွေ လုပ်သားများအနေဖြင့် တစ်ရက်လျှင် အလုပ်ချိန် ၁၁ နာရီ လုပ်ကိုင်နေရခြင်း၊ လုပ်ခလစာအဖြစ် တစ်ရက်လျှင် ငွေကျပ် ၃၆၀၀ သတ်မှတ်ထားသော်လည်း မရရှိခြင်း၊ အလုပ်ချိန်အား အဆိုင်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် နေ့ဆိုင်း ညဆိုင်း တစ်ဆက်တည်းဆင်းရခြင်း၊ အခြေခံ လစာထဲမှ လစဉ်စုကြေးငွေအဖြစ် ငွေကျပ် ၅၀၀၀ ဖြတ်တောက်ခြင်း စသည့် မကျေနပ်ချက် လေးချက်ကို ဦးသန့်ဇင်ဦးပါ အထွေထွေလုပ်သား ၂၆ ဦးတို့က စက်တင်ဘာလအတွင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဖြေရှင်းပေးနိုင်ရေး တင်ပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆေးရုံကြီးမှာ အထွေထွေအလုပ်သမားတွေအနေနဲ့ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ ပုံမှန် အလုပ်ချိန် ရှစ်နာရီဆင်းတဲ့အဆိုင်း ရှိမယ်။ အချိန်ပိုပါပြီး ဆင်းပေးမယ့် အဆိုင်းတွေရှိမယ်။ ပုံမှန်ဆင်းတဲ့ အဆိုင်းအနေနဲ့ကတော့ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ လုပ်ခလစာ အတိုင်းခံစားခွင့်ရှိစေပါမယ်။ တစ်လကို ပိတ်ရက်အဖြစ် လေးရက်ခံစားခွင့်ရှိစေမယ်။ အချိန်ပိုဆင်းပေးမယ့် အဆိုင်းတွေကိုတော့ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ လုပ်ခလစာအတိုင်း ခံစားခွင့်ရှိမယ်။ တစ်လကို ပိတ်ရက်အဖြစ် ခြောက်ရက်ခံစားခွင့်ရှိမယ့် အပြင် ဆေးရုံရဲ့ အစီအစဉ်ဖြစ်တဲ့ ဝန်ဆောင်မှုကြေးအဖြစ် ဆေးရုံကြီးရဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်နဲ့ ငွေကျပ် ၂၀၀၀၀ အပိုအဖြစ် ပေးသွားမှာပါ။ ဒီအစီအစဉ်အားလုံးကို အလုပ်သမားတွေ၊ စေ့စပ်ရေးအဖွဲ့တွေ၊ ဆေးရုံတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှု သုံးကြိမ်ပြုလုပ်ကာ အောက်တိုဘာ ၁ ရက်က စတင်ပြီး ခံစားခွင့်ရှိမှာ ဖြစ်တဲ့အကြောင်းကို သဘောတူညီမှု ရရှိခဲ့ပါတယ်"ဟု ရွှေတော်ဝင် ပုဂ္ဂလိကဆေးရုံကြီး၏ အုပ်ချုပ်မှု မန်နေဂျာ ဦးဆန်းအောင်က ပြောသည်။

အထွေထွေ လုပ်သားများ၏ မကျေနပ်ချက် လေးချက်ကို ရွှေတော်ဝင် ပုဂ္ဂလိကဆေးရုံကြီးမှ အလုပ်ချိန် ရှစ်နာရီ သတ်မှတ်ပေးပြီး နေ့ဆိုင်းနှင့် ညဆိုင်းအား ဆက်တိုက်လုပ်ကိုင်ရခြင်းမျိုး မရှိစေဘဲ ခွဲခြားသတ်မှတ် လုပ်ကိုင်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးသည့် တစ်ရက်လုပ်ခလစာ ငွေကျပ် ၃၆၀၀ နှုန်းအား အောက်တိုဘာ ၁ ရက်မှ စတင်ခံစားခွင့်ရရှိစေမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ လုပ်ခလစာမှ ဖြတ်တောက်လျက်ရှိသောငွေများအား ဖြတ်တောက်ခြင်းကိုရပ်ဆိုင်းပြီး ဖြတ်တောက်ပြီးငွေများကို အောက်တိုဘာလအတွင်းအပြီး ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အလုပ်ရှင်နှင့် အလုပ်သမားများ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့တင်ပြတဲ့ အဓိက အချက်ကတော့ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ အလုပ်ချိန်၊ လုပ်ခလစာ အတိုင်းရရှိရေးနဲ့ လစာထဲက ဖြတ်တောက်နေတဲ့ စုငွေတွေဆက်ပြီး မဖြတ်ဖို့အတွက်ပါ။ အလုပ်ရှင်တွေဘက်က လိုက်လျောပေးတဲ့အတွက် ပြေလည်မှုရှိသွားပါပြီ။ စာချုပ်ပါ အချက်အလက်တွေကို အလုပ်သမားတွေအနေနဲ့ ကျေနပ်မှုအပြည့်အဝ ရှိပါတယ်"ဟု မကျေနပ်ချက်များအား ဦးဆောင်တင်ပြသူ အထွေထွေ လုပ်သား ဦးသန့်ဇင်ဦးက ပြောသည်။

အဆိုပါ အငြင်းပွားမှုများအား တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံ အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့က ကြားဝင်စေ့စပ် ဖျန်ဖြေပေးမှုကြောင့် ယခုအခါတွင် ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

"အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ တိကျတဲ့ စာချုပ်စာတမ်းမရှိလို့ ဖြစ်တဲ့ပြဿနာတွေပါ။ အခုတော့ နှစ်ဦးနှစ်ဖက် မျက်နှာစုံညီခေါ်ယူညှိနှိုင်းတဲ့အတွက် ပြေလည်မှုရှိသွားပါပြီ။ ရှေ့ဆက်ပြီးတော့လည်း ကျွန်တော်တို့အနေနဲ့ အလုပ်သမားဥပဒေအတိုင်း ဆောင်ရွက်သွားမှာပါ။ အလုပ်ချိန်နဲ့ပတ်သက်တဲ့ သဘောတူ စာချုပ်တွေကိုလည်း ဆက်လက် ချုပ်ဆိုသွားဖို့အတွက် စီစဉ်နေပါတယ်"ဟု ရွှေတော်ဝင် ပုဂ္ဂလိကဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ဇင်လတ်က ပြောသည်။

မုံရွာမြို့တွင် ပုဂ္ဂလိကဆေးရုံကြီးများအဖြစ် ငါးခုရှိရာတွင် အလုပ်ရှင်နှင့်အလုပ်သမားကြား မပြေလည်မှုများတွင် ပထမဆုံးအကြိမ်အဖြစ် ရွှေတော်ဝင် ပုဂ္ဂလိကဆေးရုံကြီးမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ဆေးရုံကြီးတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ ငွေစာရင်း၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဌာန၊ သူနာပြုဌာနနှင့် ကုသရေးဌာနတို့တွင် စုစုပေါင်းအင်အား ၁၅၀ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကျေးရွာမြေဌားဂရန်များ ရန်ကုန်တောင်ပိုင်းခရိုင်၌ ထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ကျေးရွာများအား မြေဌားဂရန်များ ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီ တွင် သန်လျင်မြို့ ရှင်စောပုခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး မြေဌားဂရန်များထုတ်ပေးရေး တိုင်းဒေသကြီး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းက ကျေးရွာများသို့ မြေဌားဂရန်များထုတ်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူများ၊ မြေအသုံးချမှုခိုင်မာစွာရှိပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့နယ်အလိုက် ကျေးရွာမြေဌားဂရန်များရရှိသော သန်လျင်မြို့နယ်မှ ၈/ပကျေးရွာ၊ ကျောက်တန်းမြို့နယ်မှ ကြံပင်ကျေးရွာ၊ သုံးခွမြို့နယ်မှ ပျဉ်းမကန်ကျေးရွာ၊ ခရမ်းမြို့နယ်မှ ကမာမက်ကျေးရွာ တွံတေးမြို့နယ်မှ ရှမ်းစုကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်မှ ထန်းတောကျေးရွာ၊ ကော့မှူးမြို့နယ်မှ ခရိုက္ခနိ ကျေးရွာ၊ ဒလမြို့နယ်မှ ညောင်ငုတ်တိုကျေးရွာတို့အတွက် မြေဌားဂရန်များကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများအား တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်၍ သေဆုံးဒဏ်ရာရမှုများဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောရပ် ရွှေမုဒ္ဓောဘုရားအတက်လမ်း ဓာတ်တော်ကြိုဘုန်းကြီးကျောင်းသွား မြေသားလမ်း၌ အောက်တိုဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းလမ်းအတိုင်း အရှေ့မှ အနောက်သို့ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ ဦးကျော်လှ(၄၅ နှစ်) မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးအားရှင်(၂၄ နှစ်)နှင့် ရွှေညောင်မြို့နယ် ကုန်းလိမ်ရွာနေ ဦးခမ်းရွှင် (၅၂နှစ်)တို့ လိုက်ပါလာသည့် ၇ခ/---- ပါဂျဲရိုးခဲပြာရောင် ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ပေ ၂၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးကျော်လှမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးခမ်းရွှင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးကျော်လှအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၃

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၌ ၁၃၇၇-၇၈ ခုနှစ် ပညာသင်နှစ် သာသနာ့တက္ကသီလဓမ္မာစရိယ(ပထမနှစ်)သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတီယဂ်ဏာစာသင်တန်း၊ သက္ကသီဟစာသင်တန်းတစ်ခုခုအောင်မြင်ပြီးသော အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)၀ါ အောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတမေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ်နှင့် တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ စုစုပေါင်း နှစ်ရက်ဖြေဆိုကြရမည်ဖြစ်သည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလွှာများကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက် (သောကြာနေ့)မှစတင်၍ အစိုးရရုံးပိတ်ရက်မှအပ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများ၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း၊ ၀၁-၆၆၅၃၆၂၊ ၀၉-၄၃၁၂၅၈၂၊ ၀၉-၅၃၀၀၈၂၊ ၀၉-၂၅၀၀၃၇၈၉၉ ၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း၊ ၀၁-၆၆၄၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး၊ ဖုန်း၊ ၀၂-၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ်၊ MD-11 တွင် 3D Seismic Survey လုပ်ငန်းများ၌ MV.SANCO SWORD ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquistition Survey လုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Location A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၃၈ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၅၆ ဒသမ ၀ စက္ကန့်၊ Location B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၄၅ ဒသမ ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၃ ဒသမ ၇ စက္ကန့်၊ Location C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ မိနစ် ၃၀ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၄ ဒသမ ၆ စက္ကန့်နှင့် Location D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ မိနစ် ၂၃ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၄၂ ဒသမ ၄ စက္ကန့်အတွင်းတွင်ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် MD-11 တွင် 3D Seismic Survey လုပ်ငန်းများကို MV. SANCO SWORD ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရော်ဘာလုပ်ငန်းစတင်သော်လည်း ကျွမ်းကျင်လုပ်သားဌားရမ်းရခက်ခဲ

သထုံ အောက်တိုဘာ ၂၃

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးသူ အများစုမှာ ခြံလုပ်ငန်းများ စတင်နေကြပြီဖြစ်သော်လည်း အစေးခြစ်ကျွမ်းကျင်ခြံလုပ်သားများ ဌားရမ်းမှု မှာ ယမန်နှစ်ကထက် ပိုမိုခက်ခဲလာကြောင်း ညောင်ချောင်းကျေးရွာမှ ရော်ဘာခြံရှင်တစ်ဦးက ပြောသည်။

"မနှစ်က ရော်ဘာစျေးကျတော့ အလုပ်သမားခလောက်ပဲ ရကြတာ။ ဒီနှစ်လည်း စိုးရိမ်နေရတယ်။ ဒါကြောင့် စျေးပိုမပေးနိုင်တော့ ကျွမ်းကျင်တဲ့သူ ခေါ်ရခက်တယ်။ ကျွန်တော်တို့ဆီက ကျွမ်းကျင်သူ တချို့ကလည်း ထိုင်းမှာအလုပ်သွားလုပ်ကြတယ်။ တခြားနယ်ကလာလုပ်တဲ့သူတွေတော့ ရှိပါတယ်။ အစေးခြစ်တာက ကျွမ်းကျင်မှုမရှိရင် အပင်ပါပျက်စီးမှာဆိုတော့ စိတ်ချရတဲ့သူကိုပဲ သုံးချင်တယ်" ဟု တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူ ကိုကျော်ဇင်က ပြောသည်။

ခြံရှင်အများစုမှာ ပြီးခဲ့သည့်လမှ စတင်ကာ တောခုတ်၊ ခြံထွင်ခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းကြပြီး ကျွမ်းကျင်လုပ်သားများကို ရှာဖွေဌားရမ်းကာ အများစုမှာ သီတင်းကျွတ်လ ပွင့်လင်းရာသီတွင် ခြံလုပ်ငန်းများ စတင်နေကြပြီဖြစ်သည်။

ရော်ဘာအစေးခြစ် ကာလသည် စက်တင်ဘာလ ဒုတိယအပတ်မှ စတင်ကာ မေလအလယ်ထိ လုပ်ကိုင်နိုင်ပြီး အစေးထွက်ဆုံးအချိန်သည် အောက်တိုဘာလမှ ဇန်နဝါရီလအထိ ဖြစ်ကြောင်း ၄င်းကပြောသည်။

ရော်ဘာစျေးနှုန်းမှာ သထုံမြို့နယ်၌ ပြီးခဲ့သည့်နှစ်က ခြံပိတ်ချိန်တွင် တစ်ပေါင်လျှင် ငွေကျပ် ၇၄၅ ကျပ် ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မှိုင်းခံအမျိုးအစား တစ်ပေါင်လျှင် ငွေကျပ် ၇၀၀ နှုန်း စျေးပေါက်နေပြီး အစေးအထွက်ဆုံး အချိန်တွင် စျေးနှုန်း ဆက်လက်ကျဆင်းမည်ကို ခြံရှင်အများစုက စိုးရိမ်နေကြောင်း သိရသည်။

သက်ဦး(သထုံ)

တနင်္သာရီကမ်းလွန်လုပ်ကွက်၌ ဖွံ့ဖြိုးရေးတွင်းတူးဖော်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong)Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက် အမှတ်၊ M-12,M-13 နှင့် M-14 တို့၌ ဖွံ့ဖြိုးရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Tender Assisted Drilling Unit"WEST VENCEDOR"ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12,M-13 နှင့် M-14 တို့၌ ဖွံ့ဖြိုးရေးတွင်းများ တူးဖော်မည့်တွင်းတည်နေရာမှာ Yetagun A Platform မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၅၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇ ဒသမ ၇၃၆ စက္ကန့်တွင် ဖြစ်ပါသည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်M-12,M-13 နှင့် M-14 တို့၌ ဖွံ့ဖြိုးရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Tender Assisted Drilling Unit"WEST VENCEDOR"ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တွင်းတည်နေရာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန

အောက်တိုဘာ ၂၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံစျေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့ စျေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံစျေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	စျေးကွက်	စျေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၅၅၀၀ မှ ၅၀၀၀၀
၂	ဇီရာ/ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၅၀၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၂၀၀၀
၄	မြီးတုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၆၀၀၀ မှ ၂၉၀၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၇၀၀၀ မှ ၂၈၀၀၀
၆	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၂၃၂၅၀၀
၇	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ)	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၂၅၀ မှ ၂၆၇၀
၈	ကြက်သွန်နီ	ဆိပ်ဖြူ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၉၅၀ မှ ၁၇၅၀
၉	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၅၇၀ မှ ၂၆၀၀
၁၀	ကြက်သွန်ဖြူ	တောင်ကြီး	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၄၀၀ မှ ၃၂၅၀
၁၁	အာလူး	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၇၃၀ မှ ၉၂၀
၁၂	ဩဇာသီး		တစ်တာ	သီရိမင်္ဂလာစျေးကုန်စည်ဒိုင်	၃၀၀၀ မှ ၆၀၀၀
၁၃	လိမ္မော်သီး		တစ်ပိဿာ	သီရိမင်္ဂလာစျေးကုန်စည်ဒိုင်	၁၃၀၀

လယ်ယာဈေးကွက်ပျိုးရေးနှင့် စျေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

ကျိုင်းတုံမြို့ တောင်ပေါ်တိုင်းရင်းသားကျေးရွာများ ဆိုလာဖြင့် မီးထိန်ထိန်လင်းပြီ

ကျိုင်းတုံ အောက်တိုဘာ ၂၃

ကျိုင်းတုံမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာမီးများ တပ်ဆင်ပေးလျက်ရှိသည်။ အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီက ကတ်ထိုက်အုပ်စု ကုန်းကော်ကျေးရွာ၌ ဆိုလာမီးတပ်ဆင်ခြင်း အခမ်းအနားပြုလုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး ရှင်းလင်းပြောကြားခဲ့သည်။

ဆိုလာမီးတပ်ဆင်ပေးသည့်အတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် ယခင်က ညအမှောင်ကို လရောင်ဖြင့်သာ အလင်းရခဲ့ကြောင်း၊ ယခုလို ဆိုလာမီးများ တပ်ဆင်ပေးသည့်အတွက် အမှောင်ခွင်းပြီး အလင်းဆောင်သည့် ဘဝကို ကျေးလက်နေတိုင်းရင်းသားများ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဆိုလာမီးများ တပ်ဆင်ပေးသည့်အတွက် ဒေသခံတိုင်းရင်းသားများ ဝမ်းသာရကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တင်ထပ်ကျေးရွာအတွက်လည်း ဆိုလာမီး ၁၇ စုံကို ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် မြို့နယ်ဦးစီးမှူး ဦးရဲခေါင်တို့က ကျေးရွာကိုယ်စား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသို့ပေးအပ်သည်။ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာမီး ၇၁၄ စုံ တပ်ဆင်ဆောင်ရွက်ပေးပြီးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

ဆွာမြို့လယ်၌ ဆိုင်ကယ်နှင့် ၂၂ ဘီးကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်သမားသေဆုံး

ရေတာရှည် အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့လယ်၌ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ၂၂ ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူမှာ နေရာ၌ပင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ မြောက်မှ တောင်သို့ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ဦးဝင်းမြင့် (၅၁ နှစ်)၊ မြိုင်သာယာ ကျေးရွာ မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော 3G/------ ၂၂ ဘီးယာဉ်သည် ဆွာမြို့လယ် မိုင်တိုင် ၂၀၁ နှင့် ၂၀၂ ကြား အရောက်၌ ရှေ့မျက်နှာချင်းဆိုင် ဘက်မှ ညာဏ်ဖုန်းမြင့်(၃၁ နှစ်) ပိတောက်မြိုင်ရပ်ကွက် ဆွာမြို့နေသူ မောင်းနှင်လာသည့် ၉ယ/------ လော့ဂျာယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူညာဏ်ဖုန်းမြင့်တွင် ဒဏ်ရာများရရှိကာ နေရာ၌ပင်သေဆုံးသွားခဲ့၍ ဆွာနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကသာမြို့နယ် ညောင်ပင်သာကျေးရွာ၌ တရားမဝင် တမလန်းသစ်များဖမ်းမိ

ကသာ အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ညောင်ပင်သာကျေးရွာ၌ တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက်က ကသာမြို့ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်နှင့်အဖွဲ့သည် ညောင်ပင်သာရွာနေ ဝင်းကို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဝင်းကိုအားတွေ့ရှိရပြီး နေအိမ်အတွင်းစုပုံထားသော တမလန်းဓားရွေတုံး ၁၀၆ တုံး(၁ ဒသမ ၇၅၂၄)တန်နှင့် တမလန်းဓားရွေ ၁၀၄ တုံး(၀ ဒသမ ၆၅၄၄)တန်တို့ကို တွေ့ရှိရပြီး ဝင်းကို၏ပြောပြချက်အရ ယင်းတမလန်းတုံးများမှာ ဆွေဝင်းဆိုသူနှင့် အောင်နိုင်စိုးတို့၏ ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

တရားမဝင်တမလန်းသစ်ပြုလုပ်သူ ဝင်းကို(၄၃ နှစ်)၊ ဆွေဝင်း(၄၁ နှစ်)နှင့် အောင်နိုင်စိုး(၃၅ နှစ်) ညောင်ပင်သာကျေးရွာနေသူတို့သုံးဦးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ကောက်ညှင်းပေါင်းဖိုးအကြွေးတောင်းရာမှ လူသတ်မှုဖြစ်ပွား

မကွေး အောက်တိုဘာ ၂၃

မကွေးမြို့နယ် မိကျောင်းရဲချမ်းမြရပ်ကွက်နေ ဦးသံပေလုံး(၄၀နှစ်) သည်အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက စျေးရောင်းသွားသည့် ညီမဖြစ်သူ မမြင့်မြင့်နွယ် (၃၈ နှစ်) ပြန်ရောက်မလာသဖြင့် တစ်ရပ်ကွက်တည်းနေ ကိုကျော်စိုး၊ ကိုမောင်ဌေး၊ ကိုအောင်မိုးတို့နှင့် သွားရောက်ရှာဖွေခဲ့ရာ မိကျောင်းရဲရေမြောက်ဘက် တစ်မိုင်ခန့် မိကျောင်းရဲ ရေထွက်သွားလှည်းလမ်းအရှေ့ဘက်ပေ ၁၀၀ ခန့် အကွာ ရိုးချောက်ထဲ၌ မမြင့်မြင့်နွယ်မှာ ဒဏ်ရာဖြင့်သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ဦးသံပေလုံးက အောက်တိုဘာ ၂၀ ရက်တွင် တိုင်ကြားခဲ့သောကြောင့် မိကျောင်းရဲနယ်မြေရဲစခန်းက အမှုဖွင့်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အခင်းဖြစ်ရပ်အနီး မျက်မြင်သက်သေများကို ရှာဖွေစုံစမ်းခဲ့ပြီး သက်သေအား စစ်ဆေးရာ သေဆုံးသူ မမြင့်မြင့်နွယ်နောက်မှ လိုက်ပါသွားသူမှာ ရေထွက်ကျေးရွာနေ ကျော်ကျော်လတ်(၂၇နှစ်)ဖြစ်ကြောင်း သိရသည်။ ကျော်ကျော်လတ်ကို စစ်ဆေးခဲ့ရာ မမြင့်မြင့်နွယ်က ၎င်းထံရရန်ရှိသော ကောက်ညှင်းပေါင်းဖိုးငွေကျပ် ၄၀၀ ကို တောင်းခံသဖြင့် ရုတ်တရက်ဒေါသထွက်ကာ ရိုးချောက်ထဲသို့ ထင်းကောက်ရန်ဆင်းသွားသော မမြင့်မြင့်နွယ်နောက်သို့ လိုက်သွားပြီး နောက်ကျောကို လက်ဖြင့် ဆောင့်တွန်း လိုက်ရာ ရှေ့၌ရှိနေသော ကျောက်တုံးနှင့်နဖူးတိုက်မိရာမှ လဲကျဒဏ်ရာရသွားပြီး ငြိမ်သက်နေသဖြင့် ကျော်ကျော်လတ်က မမြင့်မြင့်နွယ်အား တရွတ်ဆွဲသွားပြီး ရိုးချောက်ထဲရှိ ချဲပုတ်အတွင်း ရောက်သောအခါ အနီးဒ်အသင့်တွေ့ရှိသော ကျောက်ခဲနှစ်ခဲဖြင့် မမြင့်မြင့်နွယ်၏ နဖူးနှင့် ဦးခေါင်းဆံစပ်ကို ထုသတ်ခဲ့ကြောင်း၊ သေဆုံးသူ မမြင့်မြင့်နွယ်ထံမှ ငွေကျပ် ၁၇၂၀၀ ကို ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ကျော်ကျော်လတ်အား အောက်တိုဘာ ၂၁ ရက်က

ဖမ်းဆီးခဲ့ပြီး အမြန်ဆုံးတရားစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မိကျောင်းရဲနယ်မြေရဲစခန်းမှ သိရသည်။

ကျော်ဇေယျ

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက်က ဖားကန့်မြို့နယ် မျောက်ဖြူကျေးရွာနေ အောင်သိန်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၄၆၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၃၀ တို့ကို သိမ်းဆည်းရမိသည်။

အောက်တိုဘာ ၂၂ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရွာသစ်ကလေးရွာထိပ် နောင်ခမ်းကြီးကျေးရွာဘက်မှ စိန်ထွန်း(ခ) နားလေး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်က ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွန်းကွက်သစ် ကျေးရွာနေ အိုက်ထွန်း(ခ)ရွှေထွန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ စိုးကျော်မင်းအားတွေ့ရှိရပြီး ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ ဘိန်းဖြူ ၀ ဒသမ ၁၅၈ ကီလိုသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

အောင်သိန်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တိုက်ကြီး အောက်တိုဘာ ၂၃

တိုက်ကြီးမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းနှင့် နယ်ထိန်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က တိုက်ကြီးမြို့ ဥပုံစုရပ်ကွက် အောင်သိဒ္ဓိလမ်းပေါ်၌ ရပ်ထားသော ယာဉ်အမှတ် 7C/---- Toyota MARK II ကို စစ်ဆေးရာ ယာဉ်မောင်းစိုးသီဟ(ခ)သီဟအောင်(၂၄ နှစ်) မော်လမြိုင်မြို့နေသူနှင့် ၎င်း၏ဇနီး မအေးချမ်း(ခ)အိန်ဂျယ်(၁၉ နှစ်)တို့အား ယာဉ်ရှေ့ပိုင်း၌ တွေ့ရှိရပြီး တူးဘောက်စ်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၄ ပြားဖမ်းဆီးရမိသည်။

အလားတူ ဥပုံစုရပ်ကွက် အဘယသုခလမ်းနေ ဒေါ်အေးအေးဝင်း(၆၆ နှစ်) ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားကို တွေ့ရှိရသဖြင့် အဆိုပါသုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အဆိုပါနှစ်ဦး၏ဖော်ထုတ်ချက်အရ အဆိုပါမူးယစ်ဆေးဝါးများကို ဦးအေးမင်း(၄၂ နှစ်) လသာကုန်းကျေးရွာမှ ဖုန်းဆက်မှာကြားချက်အရ ဦးမောင်မောင်တာ (၄၅ နှစ်) အောင်သိဒ္ဓိလမ်း ဥပုံစုရပ်ကွက်မှတစ်ဆင့် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

ယင်းဆေးပြားများကို စိုးသီဟ(ခ)သီဟအောင်နှင့် ၎င်း၏ဇနီးမအေးချမ်း(ခ) အိန်ဂျယ်တို့က မြဝတီမြို့နှင့် မဲဆောက်မြို့အကြားရှိ ရေလယ်ကျွန်းဒေသနေ အမျိုးသမီးတစ်ဦး(၃၅ နှစ်)ခန့်ထံမှ သွားရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူ ဦးမောင်မောင်တာမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရပြီး ကွင်းဆက် ဦးအေးမင်းအား မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြောင်း သိရသည်ဖြင့် ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ISO 9001 : 2008 လက်မှတ်ရ
 သုခစုစ်
ISO 9001 : 2008 Cert No. 603655
Quality Summit
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ
၏
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှုသင်တန်းကျောင်းမှ
စင်ကာပူနိုင်ငံရှိ သဘော်ဘာကျင်းများတွင် "ပိုက်ဆင်လုပ်သား"
အဖြစ်သွားရောက်လုပ်ကိုင်လိုသူများအား
"အင်ဂျာကျူးအောင်မြင်စေရန်"
အနီးကပ်(အမြန်သင်တန်း) ဖွင့်၍လျှောက်ပြင်ပေးနေပါပြီ။
အမြန်စာရင်းသွင်းရန်
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၄၃ ၊ ၃၇၇ ၃၄၄ ၊ ၃၀ ၅၅ ၇၇ ၊ ၃၀ ၆၀ ၇၇ ၊ ၃၉ ၂၂ ၃၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းထွန်း ၁၀/ရမန(နိုင်)၁၂၀၇၇၏Passport(No-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၂၀၃၅

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ထူး ၁၀/မဒနေ(နိုင်) ၁၁၂၀၇၇ ၏ Passport (No- မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၁၆၅၀၆၀

ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုဝင်းဇော်ဌေး ၈/ခမန(နိုင်) ၁၅၁၇၇၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
ကိုဝင်းဇော်ဌေး၊ ဖုန်း-၀၉-၇၉၆၉၂၀၀၆၉

ပစ္စည်းတင်ဒါခေါ်ယူခြင်း (အမှတ်စဉ်-၂)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈) ဖောင်းပြင်မြို့မှ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	ဘိလပ်မြေ(အပါချီ)	၆၈၇.၅၀ တန်	မော်လိုက်နှင့်ဖောင်းပြင်မြို့
၂။	သံချောင်းလုံးရွယ်စုံ	၂၈.၄၃ တန်	များရှိသတ်မှတ်နေရာများသို့
၃။	ဒီဇယ်ဆီ	၇၆၉၀၅ ဂါလန်	အရောက်ပို့ရန်ဖြစ်ပါသည်။
၄။	အုတ်	၃၁၆၀၂၈ ချပ်	
၅။	သဲ	၃၆၇ ကျင်း	
၆။	ကျောက်စရစ်	၅၇၇.၅၀ ကျင်း	

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၂၆-၁၀-၂၀၁၅ ရက်
တင်ဒါပုံစံ ရောင်းချမည့်နေရာ	-	ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) မော်လိုက်ခရိုင်၊ မော်လိုက်မြို့
နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်	-	၃-၁၁-၂၀၁၅ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန်	-	၃-၁၁-၂၀၁၅ ရက်၊ မွန်းလွဲ ၁၄:၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ	-	ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) မော်လိုက်ခရိုင်၊ မော်လိုက်မြို့

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မော်လိုက်မြို့
ဖုန်း-၀၇၃-၄၂၀၀၅

❍ ကျောဖုံးမှ

ယနေ့ရွေးချယ်ထုတ်ပြန်လိုက်သည့် မြန်မာယူ-၂၁ အမျိုးသားဘောလုံးအသင်းတွင် ဂိုး-ဘုန်းသစ္စာမင်း (MFF Youth)၊ ဆန်းဆက်နိုင်(MFF Youth)၊ ဝေလင်းအောင် (MFF Youth)၊ ထွန်းအောင်ကျော် (Horizon)၊ နောက်တန်း-ထိုက်ထိုက်အောင် (ဧရာဝတီယူနိုက်တက်)၊ နန်းဝေမင်း၊ သီဟထက်အောင် (ရန်ကုန်ယူနိုက်တက်)၊ နိုင်လင်းထွန်း (မကွေး)၊ ရဲရင့်အောင်၊ စိုးမိုးထွန်း (MFF Youth)၊ ကိုကိုဟိန်း(ဒွဲကပင်ယူနိုက်တက်)၊ အလယ်တန်း-မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ သက်ပိုင်ဦး (ဇေယျာရွှေမြေ)၊ စွမ်းထက်နိုင်၊ ထူးခန့်လွင် (ရန်ကုန်ယူနိုက်တက်လူငယ်)၊ ကျော်ဇေယျ၊ မောင်မောင်လွင် (ဟံသာဝတီ ယူနိုက်တက်)၊ အောင်ကျော်နိုင် (ဧရာဝတီယူနိုက်တက်)၊ လှိုင်မျိုးအောင်(ကမ္ဘောဇ)၊ ဇင်ဖြိုးအောင် (ဒွဲကပင်)၊ အောင်မိုးသူ (MFF Youth)၊ ရှေ့တန်း-အောင်ဇင်ဖြိုး (Horizon)၊ ကောင်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ပြေမိုး(ရခိုင်ယူနိုက်တက်)၊ သန်းဇော်ဟိန်း (မကွေး)တို့ကို ရွေးချယ်ခဲ့ပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့ကို ဦးတင်မြင့်အောင် (မန်နေဂျာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)အဲရစ်ဝီလျံ(နည်းပြချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) ဦးညီညီလတ် (လက်ထောက်နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဦးမျိုးမင်းထွန်း(လက်ထောက်နည်းပြ၊ ရန်ကုန်ယူနိုက်တက်) ဦးအောင်သက် (ဂိုးနည်းပြ၊ဟံသာဝတီယူနိုက်တက်)၊ ဦးကျော်သန့်ဇင်(ဆရာဝန်၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဦးပြည့်ဖြိုးအောင် (ဆရာဝန်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဦးဇော်လတ် (မီဒီယာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)တို့ကို တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ထုတ်ပြန်ချက်မှ သိရသည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာယူ-၂၁ အမျိုးသားအသင်းသစ်သည် ဗီယက်နမ်နိုင်ငံတွင် လာမည့် နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် အသက် ၂၁ နှစ်အောက် နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် ယခုအောက်တိုဘာ ၂၆ ရက်မှစတင်စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ပြီး ပြည်တွင်းကလပ် အသင်းတစ်သင်းနှင့်လည်း ခြေစမ်းပွဲကစားရန် စီစဉ်ထားကြောင်း သိရသည်။ ယူ-၂၁ အသင်းသစ်ကို ဖွဲ့စည်းလိုက်သည့် မြန်မာယူ-၂၁ အမျိုးသားအသင်းကို အာဆီယံယူ-၁၆ ပြိုင်ပွဲတွင် ငွေတံဆိပ် ရယူပေးခဲ့သည့် ယူ-၁၆ အမျိုးသားအသင်းမှ နည်းပြချုပ် အဲရစ်ဝီလျံက ကိုင်တွယ်သွားမည်ဖြစ်သည်။ ၎င်းသည် ရန်ကုန်ယူနိုက်တက်အသင်း၏ နည်းပြချုပ်ဟောင်းတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖလမ်း၌ ချင်းနှစ်သစ်ကူး(Chin Chin Pek Thang)ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ဖလမ်း အောက်တိုဘာ ၂၂

၂၀၁၅ခုနှစ် ချင်းနှစ်သစ်ကူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ဖလမ်းမြို့ ဟရန်ထီးယိုးအားကစားကွင်း၌ Laileeng အသင်းနှင့် Peleng အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးချိန်အထိ တစ်ဖက် နှစ်ဂိုးစီဖြင့်သရေကျပြီး အချိန်ပိုပြန်လည်ကစားရာ Peleng အသင်းက Laileeng အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ချင်းနှစ်သစ်ကူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင် နှင့် တင်းနစ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယဆုရရှိအသင်းများအား သိက္ခာတော်ရဆရာတော် ဒေးနီးယားလ်ဗိုင်းလျန်ဇူလ်၊ ဒေါ်မိုင်စိမ်းချင်ထန်းနှင့် ဖလမ်းမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးငွန်ကျုံးလျန်တို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

❖ ကျောဖုံးမှ

အောင်ဆန်းကွင်း၌ မနောမြေအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၂၀) အပြီးတွင် ရန်ကုန်အသင်းက ပွဲ ၂၀ ကစား ၅၀ မှတ်၊ ရတနာပုံအသင်းက ပွဲ ၂၀ ကစား ၄၀ မှတ်၊ မကွေးအသင်းက ၁၉ ပွဲကစား ၃၅ မှတ်၊ ဧရာဝတီအသင်းက ၁၉ ပွဲကစား ၃၄ မှတ်၊ ကမ္ဘောဇအသင်းက ပွဲ ၂၀ကစား ၃၂ မှတ်၊ ဒွဲကပင်အသင်းက ပွဲ ၂၀ကစား ၂၃ မှတ်၊ ချင်းယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား၂၂ မှတ်၊ ဟံသာဝတီအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ပွဲ၂၀ ကစား၊ ၂၁ မှတ်စီ၊ ရခိုင်အသင်းက ပွဲ ၂၀ ကစား ၁၈ မှတ်၊ နေပြည်တော်အသင်းက ပွဲ ၂၀ ကစား ၁၇ မှတ်၊ မနောမြေအသင်းက ပွဲ ၂၀ ပွဲကစား ၁၆ မှတ်တို့ ရရှိထားသည်။

လက်ရှိ အနေအထားအရ တန်းဆင်းဇုန်ထဲတွင် အသင်းခုနစ်သင်း အပြိုင်ဖြစ်နေသော်လည်း အခြား အသင်းများထက်စာလျှင် ရခိုင်၊ နေပြည်တော်နှင့် မနောမြေ အသင်းတို့က အခွင့်အရေးနည်းနေသည်။ ယင်းသုံးသင်းမှာယခုတစ်ပတ်တွင် အနိုင်ရရှိမှသာ တန်းဆင်းဇုန်မှလွတ်ရန်မျှော်လင့်ချက်ရှိမည်ဖြစ်ပြီး နိုင်ပွဲပျောက်ဆုံးခဲ့လျှင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ယူရိုပါလိဂ်အုပ်စုပွဲ လီဗာပူးတို့ အိမ်ကွင်း၌ သရေဖြင့်ကျေနပ်ခဲ့ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (B) မှ အင်္ဂလန် ကလပ် လီဗာပူးနှင့် ရုရှားကလပ် ရူဘင်ကာဇန်တို့ပွဲတွင် တစ်ဖက်တစ်ဝိုး စီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အန်ဖီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ရှင် လီဗာပူးနည်းပြသစ် ဂျာဂျန် ကလော့ပ်၏ ယူရိုပါလိဂ် ပွဲဦးထွက်ပွဲ လည်းဖြစ်သည်။ နှစ်သင်းစလုံး ၄-၅-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစစချင်းအချိန် ၁၅ မိနစ်တွင် ဧည့်သည် ရူဘင်ကာဇန်တိုက်စစ်မှူးမာကိုဒေးဗစ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၆ မိနစ်တွင် ရူဘင်ကာဇန်နောက်တန်း ကစားသမား အိုလက်ကူတက်မင်း နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ပွဲချိန် ၃၇ မိနစ်တွင် လီဗာပူးအတွက် ချေပဂိုးကို ကွင်းလယ်ကစားသမား အီမရီကန်းက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း အနိုင်ဂိုးမရရှိဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အုပ်စု (B) မှ အခြားပွဲစဉ်အဖြစ် ဘော်ဒိုးနှင့် ဆီယွန်တို့ ယှဉ်ပြိုင်ခဲ့ရာ အဝေးကွင်းတွင် ဆီယွန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ် သုံးပွဲကစားအပြီး ဆီယွန်မှာ ရမှတ် ခုနစ်မှတ်ရရှိပြီး ဇယားထိပ်၌ ဦးဆောင်ထားသည်။ လီဗာပူးမှာ ရမှတ်သုံးမှတ်ရရှိပြီး ရူဘင်ကာဇန် နှင့်ဘော်ဒိုးမှာ နှစ်မှတ်စီရရှိထားသည်။

အုပ်စု (A)

မိုလ်ဒီ	၃-၁	ဆဲလ်တစ်
ဖိနာဘာချီ	၁-၀	အိုင်းယက်စ်

အုပ်စု (C)

ကာဘာလာ	၁-၃	ဒေါ့မွန်
PAOK	၀-၀	ခရက်စ်နိုဒါ

အုပ်စု (D)

လီဂီယာ	၁-၁	ကလပ်ဘရူ
ဝါဆော		
မစ်ဂျယ်လန်း	၁-၄	နာပိုလီ

အုပ်စု (E)

ဗီလာရီးရဲ	၄-၀	ဒိုင်နမိုမင့်ခ်
ရက်ပစ်ဝီအန်	၃-၂	ပါလ်ဇန်

အုပ်စု (F)

ဘရာဂါ	၃-၂	မာဆေး
လစ်ဘာရေ့စ်	၁-၁	ဂရိုနင်ဂျန်

အုပ်စု (G)

လာဇီယို	၃-၁	ရိုစင်ဘော့
ဒီနီပရို	၀-၁	စိန့်အက်
		တီယန်

အုပ်စု (H)

လိုကိုမိုတစ်	၁-၁	ဘက်ဆစ်တပ်
		ဝပ်ဒီတင်း
	၅-၁	စကန်ဒါဘူး

အုပ်စု (I)

ဘေဆယ်လ်	၁-၂	ဘလန်
		နန်ဆက်စ်
ဖီအိုရင်	၁-၂	လက်ချ်
တီးနား		ပေါ့ဇ်နန်

အုပ်စု (J)

မိုနာကို	၁-၀	ကာရာဘက်
အန်ဒါလက်ချ်	၂-၁	စပါး

အုပ်စု (K)

ရှော်လ်ကေး	၂-၂	စပါတာ
		ပရပ်
အေပိုးလ်	၂-၁	ထရီပိုလစ်

အုပ်စု (L)

အယ်လ်	၀-၁	အော့စ်ဘတ်
ခမာ		
ပါတီဇန်	၀-၂	ဘီလ်ဘာအို

သီဟ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၇၄၃၅ Kenbo CZI 125 / ဆိုင်ကယ် ယာဉ်လက် ဝယ်ရှိသူ ဦးကိုကိုစိုး ၅/အရတ(နိုင်)၀၀၆၂၃၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဒေါ်သီတာသိန်း နှင့် ဦးထွန်းရွှေ
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄ မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၇(က)နေ ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာသိန်းက ပဋ္ဌညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်တင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိမ့်မှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကိုယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖြေပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှော်ပွဲ သို့

▲ အင်းလေးပွဲ၊ တောင်ကြီး၊ မွေတော်ကဏ္ဍ၊ ကမ်စမ်းဂူ၊ ပင်းတယ Oct 23, 28
▲ ပုဂံ၊ ညောင်ဦး၊ ရွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ ..... Oct 23, 27, 30
▲ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့ ..... Oct 23, 27, 30
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား ..... Oct 23, 27, 30
▲ ကျိုက္ခမီဆွမ်းမျှော်ပွဲ၊ မော်လမြိုင်၊ ဓက်ခဲ၊ နွားလပို့တောင် ..... (Oct 26) နှင့်
(အပတ်စဉ်သောကြာ) ဆက်၍-ထား၊ဝယ်ရှင်ကိုးရှင်း၊ မောင်းမကန်၊ မျှော်ရပ်
▲ (ကျိုက်ထီးရိုး-နေ့စဉ်)(အကောက်တောင်)(ဇလွန်)(သာမည၊ မြတ်၊ မဲဆောက်-အပတ်စဉ်သောကြာ)
ယန်းဆိုးတန်း ☎ 01-240860,01-372290 ဒေါ်ပုံ 09-49282825 ကမၻာကြည် 09421029191

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့
ရွှေဆံတော်စေတီမြတ်ကြီးနှင့်မဟာပုဏ္ဏစေတီမြတ်ကြီးတို့၏
သီတင်းကျွတ်လ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေသင်္ကန်းကပ်လှူပွဲ
ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက်အတွင်း တည်ထားကိုးကွယ်သည့် ရွှေဆံတော်စေတီမြတ်ကြီးနှင့် မဟာပုဏ္ဏစေတီမြတ်ကြီးတို့၏ သီတင်းကျွတ်လဗုဒ္ဓပူဇနီယပွဲတော်ကို ရှမ်းတောဆရာတော်ကြီးဦးဆောင်၍ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်ညမှ ၁၄ ရက်ညအထိ ဧရယျသုခကျောင်းဆရာတော်၊ အင်းဝကျောင်းဆရာတော်၊ စန္ဒာရုံကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့၏ ညတရားပွဲ၊ သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် အနေကဇာတင်လှူပါမည်။ သီတင်းကျွတ်လပြည့်သည်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ် မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံပါမည်။ ဗျောဝိုင်း၊ အိုးစည်ပိုင်း၊ ပဒေသာပင်များ၊ ဖယောင်းတိုင် မီးပုံးကိုင်အဖွဲ့မှ လိုက်ပါပို့ဆောင်ပူဇော်ပါမည်။ လိုက်ပါပို့ဆောင်ပူဇော်သူများကို ဂေါပက ဦးဆောင်၍ ကံစမ်းမဲများချီးမြှင့်ပေးပါမည်။ ဖျော်ဖြေရေးအစီအစဉ်အရေးဖြင့် အင်္ဂပူမြို့ စိန်ဝင်းနိုင် ဆိုင်းအဖွဲ့ဖြင့်လည်းကောင်း၊ အင်္ဂပူမြို့ ဓဲဇလီကုန်းမြို့၊ ထူးကြီးမြို့၊ ကြံခင်းမြို့တို့မှ ခြင်းလုံးအလှခတ်အဖွဲ့များအပြင် အထူးဧည့်သည်တော် ရန်ကုန်မြို့မှ ခြင်းဟာသ ရဲမာန်နှင့် နွယ်ဘုရင် ခေတ္တရာအောင်အောင်တို့၏ ရိုးရာခြင်းလုံးပညာများဖြင့် ဧည့်ခံပါမည်။ ၄င်းအပြင် ဆရာတော်ကြီးဦးဆောင်၍ မဟာပုဏ္ဏစေတီတော်မြတ်ကြီးကိုလည်း လုံးတော်ပြည့် ရွှေဆေးသက်နန်းကပ်လှူပါမည်။ ရွှေဆေး ၃၀ ဂါလန်ခန့်၊ ကုန်ကျမည်ဖြစ်ပါသည်။ ရွှေဆံတော်စေတီတော်မြတ်ကြီးကိုလည်း ထီးတော်မှ သပိတ်မှောက်အထိ ရွှေစစ်သက်နန်းကပ်လှူပါမည်။ ရွှေဆိုင်း ၁၀၀၀ ခန့်ကုန်ကျပါမည်။ စေတီတော်သပိတ်မှောက်နှင့် ပစ္စယာများကို ရွှေဆေးသက်နန်းကပ်လှူပါမည်။ ရွှေဆေး ၁၅ ဂါလန် ကုန်ကျပါမည်။ အင်္ဂပူမြို့သူမြို့သားများ အဝေးရောက်မြို့သူ မြို့သားများ ဗုဒ္ဓဘာသာသူတော်စင်အပေါင်းတို့အား ဘုရားပူးလာရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။တတ်စွမ်းသရွေ့လည်း ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ **ဖုန်း-၀၉-၈၅၈၇၇၅၁၊ ၀၉-၃၆၀၇၇၉၇၆**

သိန်းမင်း
ဥက္ကဋ္ဌ
ရွှေဆံတော်စေတီဂေါပကအဖွဲ့၊ အင်္ဂပူမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9651 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9584 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊
သန်လျင်မြို့

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကုန်းစောင်းတိုက်နယ် အထက နဝမ တန်း(C) မှမောင်ဝေဖြိုးဇော်၏ ဖခင်အမည် မှန်မှာ ဦးသောင်းတန် ၉/ကပတ(နိုင်)၁၆၈၀၁၆ ဖြစ်ပါသည်။
ဦးသောင်းတန် ၉/ကပတ(နိုင်)၁၆၈၀၁၆

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတောအထက အထက နဝမ တန်း (C)မှ မောင်ကျော်ကျော်ဝိုင်း၏ မိဘအမည်မှန်မှာ ဦးသိန်းနိုင်စိုး ၅/ရဘန (နိုင်) ၂၇၁၇၈၇- ဒေါ်ယဉ်ယဉ်မော် ၅/ဝလန(နိုင်)၁၉၈၂၈ ဖြစ်ပါသည်။

လူပျောက်

ဦးအေးမြင့်၏သမီး မဖြိုးသီရိတင် အသက် (၁၇)နှစ် တက္ကသိုလ်ဝင်တန်းသည် စက်တင်ဘာ ၂၆ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမှတ် ၉၈၊ ကိုင်းမြောက် ၄လမ်း၊ ဖုန်း-၀၉-၂၅၂၃၇၄၄၁၊ ၀၉-၃၁၄၄၄၇၅ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ကျေးဇူးဆပ်ပါမည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆G/6286 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁/၅၂၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သောက်သုံးရေရရှိအသုံးပြုမှု စစ်တမ်းကောက်ယူ

တောင်တွင်းကြီး အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေရရှိမှုနှင့် အသုံးပြုနေမှု အခြေအနေများကို တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ ၂၂ ရက်မှစ၍ စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ ဒုတိယဦးစီးမှူးဦးခင်လေးနှင့် ဝန်ထမ်းများက ကျေးရွာ ၂၇၅ ရွာသို့ အဖွဲ့များခွဲ၍ ကွင်းဆင်းကောက်ယူနေခြင်းဖြစ်ပြီး အောက်တိုဘာ ၃၀ ရက်အတွင်း အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ကျေးလက်နေပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိနေမှု အခြေအနေများကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး ရေမီတာနှင့် ရေပိုက်လိုင်းများ စနစ်တကျတပ်ဆင်အသုံးပြုနိုင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၂၁)**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အား ထောက်ခံပွဲကျင်းပ

ကျောက်တံခါး အောက်တိုဘာ ၂၃

မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား ထောက်ခံပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့မအားကစားကွင်း၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ထောက်ခံပွဲတွင် ကရင်တိုင်းရင်းသား ဦးစောမောင်ဖိုးက သဘာပတိအဖြစ် ဆောင်ရွက်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်ကျော်လွင်က နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူလက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့်အဆိုကို ကရင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးစောမဲမယ်က တင်သွင်းပြီး ရပ်မိရပ်ဖဦးအောင်ဆွေက ထောက်ခံဆွေးနွေးခဲ့သည်။

ထောက်ခံပွဲသို့ ဖဒို၊ ကျောက်တံခါး၊ ပဲနွယ်ကုန်းနှင့် အောင်မြင်ကျေးရွာများမှ ကရင်၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသား ဒေသခံပြည်သူများ၊ မီဒီယာများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **မျိုးဦး(ကျောက်တံခါး)**

ပမာခရမ်းချဉ်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

ယင်းမာပင် အောက်တိုဘာ ၂၃

မြန်မာလူမျိုးတို့၏ နေ့စဉ် မီးဖိုချောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ဗမာခရမ်းချဉ်များကို ယင်းမာပင်မြို့နယ်အတွင်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် ညောင်ကိုင်းအရှေ့ရွာမှ ဗမာခရမ်းချဉ်စိုက်ပျိုးထားသည့် တောင်သူဦးကြည်ထွန်းက "ကျွန်တော်က ဗမာခရမ်းချဉ်သီး လေးဘူး စိုက်ပျိုးထားတာပါ။ ကိုယ့်အိမ်မှာတင် ပျိုးပေါင်နဲ့ပျိုးပြီး လယ်ထဲမှာ စိုက်ပျိုးခဲ့တာပါ။ တိုင်းထောင်ခရမ်းချဉ်နဲ့စာရင် ဒီဗမာခရမ်းချဉ်သီးက နည်းနည်းအလုပ်သက်သာတယ်လို့ ပြောရမယ်။ ဆေးလည်း ပင်ထောင်သီးလောက် မသုံးရဘူး။ ဒီခရမ်းချဉ်ပင်က ပေါင်းနိုင်နိုင်နုတ်၊ အပင်အရင်း မြေနိုင်နိုင်ဆွေးနိုင်ရင် ပိုပြီးအဖြစ်မြန်တယ်"ဟု ပြောသည်။

စိုက်ပျိုးထားသော ခရမ်းချဉ်ပင်များ အောင်မြင်ဖြစ်ထွန်းနေသဖြင့် တောင်သူများအနေဖြင့် အသီးပေါ်ခိုန်၊ ခူးဆွတ်ရောင်းချခိုန်တွင် စျေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။ "လက်ရှိအချိန်မှာ ခရမ်းချဉ်သီး စျေးကောင်းရနေတယ်။ နောက်တစ်ခုက တချို့ဒေသတွေမှာ ရေဝင်ရောက်မှုတွေရှိတော့ ဒီနှစ်ခရမ်းချဉ်သီး စျေးကောင်းမယ်ထင်တယ်။ ပင်ထောင်သီးလောက် အရင်းမများပေမယ့် အသီးပေါ်ခိုန် စျေးကောင်းရဖို့ မျှော်လင့်ပါတယ်"ဟု ဦးကြည်ထွန်းက ဆက်ပြောသည်။ **ဖိုးချမ်း(မုံရွာ)**

ကမ္ဘာလှည့်ခရီးသွားများ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်း အပျော်စီးသင်္ဘောဖြင့် လည်ပတ်

နေပြည်တော် အောက်တိုဘာ ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် ခရီးစဉ်များကို သွားရောက်လည်ပတ် လျက်ရှိသည်။

Interconnection Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩစတြေးလျှနိုင်ငံသား ဧည့်သည် ၃၅ ဦးတို့သည် စက်တင်ဘာ ၂ ရက်က RV Sriksetra ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-ကျောက်မြောင်း-နွယ်ငြိမ်း-တကောင်း-ကသာ-ဆင်ကိန်း-ကသာ- မိုးသား-မင်းကွန်း- အင်းဝ- စစ်ကိုင်း-မုံရွာ- ရန္တပိ- ရွှေပြည်သာ- ပုဂံ- မန္တလေးမြို့ခရီးစဉ်ဒေသများသို့လည်းကောင်း၊ Interconnection Travels & Tours Co.,Ltd. ၏စီစဉ်ဆောင်ရွက်မှုဖြင့်ပင် ဩစတြေးလျှနိုင်ငံသား ဧည့်သည် ၄၂ ဦးတို့သည် စက်တင်ဘာ ၂၂ ရက်က RV Sriksetra ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး- မြင်းမူ- မုံရွာ- စစ်ကိုင်း- အင်းဝ- အမရပူရ- မန္တလေး- ကျောက်မြောင်း- နွယ်ငြိမ်း- တကောင်း- ကသာ- ရွှေဂူ- ဆင်ကိန်း- မိုးသား- ကသာ- မင်းကွန်း-မန္တလေးမြို့ခရီးစဉ်ဒေသများသို့လည်းကောင်း သွားရောက်လည်ပတ်ခဲ့သည်။

အလားတူ Upland Travels & Tours Co.,Ltd. ၏စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည် ၁၈ ဦးတို့သည် စက်တင်ဘာ ၂၉ ရက်က RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ရန်ကုန်- မန္တလေး- အမရပူရ- နွယ်ငြိမ်း- ကြာညွှတ်ရွာ- တကောင်း- ထီးချိုင့်ရွာ- ကသာ- ကျွန်းတော်- ရွှေဂူ-စင်းခန်း- ဗန်းမော်- မိုးတားရွာ- သိယ်းဖာတောင်- ကျောက်ပုံရွာ- မင်းကွန်း- စစ်ကိုင်း- ရွှေပြည်သာ- ပုဂံမြို့ များသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်း ခရီးစဉ်များ သာမက နယ်စပ်ဖြတ်ကျော် ခရီးစဉ်များဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ လေယာဉ်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးစသည်တို့ဖြင့် လှည့်လည် လေ့လာကြသကဲ့သို့ ပြည်တွင်းသွား အပျော်စီးရေယာဉ်များဖြင့်လည်း ဧရာဝတီမြစ်ကြောင်းခရီးစဉ်၊ ချင်းတွင်းမြစ်ကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဝေလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို ထိတွေ့ခံစားသိရှိလိုရှိ၍ ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်သမား၊ ပန်းရန်သင်တန်း ဆင်းပွဲကျင်းပ

ပင်းတယ အောက်တိုဘာ ၂၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍နေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်သင်တန်း (၃/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို အောက် တိုဘာ ၂၀ ရက်မွန်းလွဲပိုင်းက မြင်းမူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကျေးရွာမှလက်သမား၊ ပန်းရန်နည်းပညာ သင်တန်းသား ၃၀ တို့ကိုသင်တန်းဆရာဝါးဦးက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းပွဲတွင် သင်တန်းသားများကိုယ်စား အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လစဉ်အခြားကျေးရွာများ၌လည်း သင်တန်းများဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်-ပြည်-မန္တလေးကားလမ်းပိုင်း အဆင့်မြှင့်တင်လျက်ရှိ

တောင်သာ အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်နှင့် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ကြားရှိ ရန်ကုန်-ပြည်-မန္တလေးကားလမ်းပိုင်းကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းကို မူလလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းလမ်းအဖြစ် တိုးချဲ့နေခြင်းဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၅ မိုင်ဖြစ်ကာ တိုးချဲ့ဆောင်ရွက်နေသော လမ်းပိုင်းတွင် ထိပ်ဝအကျယ် ၅ ပေ၊ အရှည်ပေ ၄၀ရှိသော ပိုက်ရေပြွန်တံတား ၁၅ စင်းပါဝင်ကြောင်း သိရသည်။ လမ်းအဆင့်မြှင့်တင်မှုများကို လုပ်ငန်းတင်ဒါရ ကုမ္ပဏီခြောက်ခုက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ခရိုင်လမ်းဦးစီးဌာနမှူး ဦးခင်မောင်ထွေးတို့ အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးမှာကြားခဲ့သည်။ **စော်မင်းနိုင်(မြင်းခြံ)**

မဲဆန္ဒပေးနည်း လက်တွေ့သရုပ်ပြပွဲများ ကျွန်းလှမြို့နယ်၌ ပြုလုပ်

ကျွန်းလှ အောက်တိုဘာ ၂၃

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရန်ရည်ရွယ်၍ မဲပေးပုံ မဲပေးနည်း လက်တွေ့သရုပ်ပြပွဲကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လမ်းညွှန်မှုဖြင့် ရပ်ကွက်၊ ကျေးရွာများရှိ မဲများတွင် အောက်တိုဘာ ၂၁ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။ မဲပေးနည်း လက်တွေ့သရုပ်ပြပွဲတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မဲဆန္ဒရှင်ပြည်သူများအား ဖိတ်ခေါ်ပြီး မဲရုံလုပ်ငန်းဆိုင်ရာများဖြစ်သည့် မမေးမီ မဲပုံးများကို စစ်ဆေးပြသခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ မဲပေးခြင်း၊ မဲပေးပြီး ဘယ်ဘက်လက်သန်း မင်နှိပ်ခြင်း စသည့်မဲပေးနည်းအဆင့်ဆင့်၊ မဲဆန္ဒရှင်ပြည်သူများ သတိပြုသင့်သည့် ပယ်မဲနှင့် ခိုင်လုံမဲများအကြောင်း၊ မဲလက်မှတ်ရေတွက်ခြင်းစသည်တို့ကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

အထူးရဲတပ်ဖွဲ့သင်တန်းဖွင့်

ကောလင်း အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ အထူးရဲတပ်ဖွဲ့သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ ကောလင်းမြို့နယ်တွင် မဲရုံပေါင်း ၁၂၀ ရှိပြီး မဲဆန္ဒရှင်တစ်သိန်းကျော် ခန့်ရှိကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင် ၁၂၀ ခန့်ထားပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

အောင်ကျော်စိုး(ကောလင်း)

ပေါက်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအား တီဘီရောဂါ အခမဲ့စစ်ဆေးကုသမှုများ ဆောင်ရွက်ပေး

ပေါက် အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများအား တီဘီရောဂါစစ်ဆေးခြင်းနှင့် အခမဲ့ကုသပေးခြင်းများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါ တိုက်ဖျက်ရေးဌာနက အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ 3 MDG ၏ ထောက်ပံ့မှုဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာတင်မောင်ဆွေနှင့် အဖွဲ့က ကျေးရွာများသို့ကွင်းဆင်း၍ အထွေထွေရောဂါကုသခြင်း၊ တီဘီရောဂါရာဇဝင်ဆွေးနွေးခြင်း၊ ကွန်ပျူတာဓာတ်မှန် စစ်ဆေးခြင်း၊ သလိပ်တွင် တီဘီပိုးရှာဖွေခြင်း၊ ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၉ ရက်တွင် အိုင်ကိုင်းကျေးရွာသို့လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် နံ့သာကျေးရွာသို့လည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဆယ်ပင်းကျေးရွာသို့လည်းကောင်း ကွင်းဆင်းသွားရောက်၍ စစ်ဆေးကုသပေးခဲ့ရာ အထွေထွေလာရောက်ပြသသူ စုစုပေါင်း ၆၉၈ ဦးရှိခဲ့ပြီး ကွန်ပျူတာဓာတ်မှန်စစ်ဆေးမှုကို ၆၃၄ ဦးနှင့် သလိပ်စစ်ဆေးမှုကို ၇၀ အတွက် စမ်းသပ်ပေးနိုင်ခဲ့ကာ တီဘီလူနာ ၁၉ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှု အမေရိကန်သံရုံးမှ လာရောက်လေ့လာ

တာချီလိတ် အောက်တိုဘာ ၂၃

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် တာချီလိတ်မြို့နယ်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အမေရိကန်သံရုံးမှ ပထမအတွင်းဝန်နှင့်အဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် လာရောက်လေ့လာခဲ့ပြီး တာချီလိတ်မြို့နယ်ရှိ ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်လည်း ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ Golden Cherry ဟိုတယ်ခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန်သံရုံးမှ ပထမအတွင်းဝန် Me.Jashua Morris၊ စကားပြန် မရွှေစင်ညွှန့်၊ ဒေသည့်လမ်းညွှန် ဦးစီလျှံနိုင်တို့ ပါဝင်သောအဖွဲ့က နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်း ၁၄ ဦးနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အမေရိကန်သံရုံး ပထမအတွင်းဝန်က အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ မဲပေးရာတွင် စနစ်ကျနှ၍ မှန်ကန်စေလိုကြောင်း၊ မဲပေးရာတွင် တိုင်းရင်းသားအချို့မှာ စာမတတ်၍ နားလည်မှုလွဲမှားပြီး မဲမှားယွင်းပေးပါက များစွာထိခိုက်နစ်နာနိုင်ကြောင်း၊ ပြည်သူများမှ မဲပေးမည့်သူအား မှန်ကန်စွာရွေးချယ်နိုင်မှသာ အဖိုးတန်သည့် မဲတစ်ပြားဖြစ်လာမည်ဖြစ်ကြောင်းပြောကြားပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများက မဲပေးပုံနည်းစနစ်များမှန်ကန်ရေးအတွက် ပြည်သူလူထုအတွင်းသို့ ကွင်းဆင်း၍ လက်တွေ့သရုပ်ပြဆောင်ရွက်လျက်ရှိကြောင်း ပြောကြားကာ သံရုံးပထမအတွင်းဝန်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြင့်မိုရ် (တာချီလိတ်)**

သစ်သားဓာတ်တိုင်များကို ကွန်ကရစ်တိုင်သစ်များဖြင့် အစားထိုးလဲလှယ်

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှု မရှိစေရန်အတွက် မြို့ပေါ်ရပ်ကွက်လမ်းများရှိ သစ်သားဓာတ်တိုင်အဟောင်းများနေရာတွင် ၉ မီတာ ကွန်ကရစ်တိုင်သစ်များကို အောက်တိုဘာ ၂၁ ရက်မှစ၍ အစားထိုးလဲလှယ်လျက်ရှိကြောင်း သိရသည်။

ဓာတ်တိုင်များလဲလှယ်ခြင်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာဦးသူရဇော်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခြင်းဖြစ်သည်။

ကျောက်ပန်းတောင်းမြို့ပေါ် သာယာအေးရပ်ကွက်၊ မြို့မရပ်ကွက်၊ စံပြရပ်ကွက်၊ ဘူတာရပ်ကွက်၊ တမ္ဘဝတီရပ်ကွက်နှင့် လွတ်လပ်ရေးရပ်ကွက်များတွင် ၉ မီတာ ကွန်ကရစ်တိုင် ၁၀၀ နှင့် ၁၁ ကေဗီဓာတ်အားလိုင်းအတွက် ၁၀ မီတာ တိုင် ၁၄ တိုင်ကို လဲလှယ်တပ်ဆင်မည်ဖြစ်ပြီး တိုင်ထူခြင်း၊ ကြိုးလဲခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်စေရေးအတွက် ၁၁ကေဗီထရန်စဖော်မာလေးလုံးကိုလည်း လွတ်လပ်ရေးရပ်ကွက်၊ တမ္ဘဝတီရပ်ကွက်၊ ပြည်တော်သာရပ်ကွက်နှင့် ပုပ္ပားမြို့တို့တွင် နိုဝင်ဘာပထမပတ်အတွင်း အပြီးတည်ဆောက် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

နေအောင် (iprd)

မလှိုင်မြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ လျှပ်စစ်မီးရရှိ

မလှိုင် အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကမ္ဘားဖြူကျေးရွာအုပ်စုရှိ လျှော်ဖြူကုန်း၊ သဖန်းကန်နှင့် ရေတွင်းရွာ ကျေးရွာသုံးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ၁၀၀ ကေဗီအေ ထရန်စဖော်မာသစ်ကို မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ငိုလ်ဗိုလ်နှင့် အလျှုရှင်ဒေါ်တင်တင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ အလျှုရှင် ဒေါ်တင်တင်သိန်းက လျှုဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးဝင်းက လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် ရှောင်ရန် ဆောင်ရန်များကို ပညာပေးဟောပြောခဲ့သည်။

ကျေးလက်မီးလင်းရေးလုပ်ငန်းများကို လွှတ်တော်ရန်ပုံငွေမှ ကျပ် ၁၀ သိန်းနှင့် အလျှုရှင်များ၏ ထည့်ဝင်လျှုဒါန်းငွေများနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေများ စုပေါင်း၍ ကျပ်သိန်း ၃၂၀ အကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လျှပ်စစ်မီးရရှိသဖြင့် ဘုန်းတော်ကြီးကျောင်းအပါဝင် လျှော်ဖြူကုန်းကျေးရွာမှ အိမ်ခြေ ၅၆ အိမ်၊ ရေတွင်းရွာမှ အိမ်ခြေ ၂၂အိမ်နှင့် သဖန်းကန်ကျေးရွာမှ အိမ်ခြေ ၃၈ အိမ်ကို ၂၄ နာရီ ဓာတ်အားဖြန့်ဝေပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **အောင်ရွှေး (မလှိုင်)**

ဖားကန့်မြို့နယ်တွင် အထူးရဲသင်တန်းဖွင့်ပွဲကျင်းပ

ဖားကန့် အောက်တိုဘာ ၂၃

အထွေထွေရွေးကောက်ပွဲကြီးတွင် လုံခြုံရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ရန်အတွက် အထူးရဲသင်တန်းဖွင့်ပွဲကို ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အောက်တိုဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အထူးရဲများ ခန့်အပ်တာဝန်ပေးခြင်းအကြောင်းနှင့် သင်တန်းတွင် ရဲတပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများအကြောင်းကို စနစ်တကျ ပို့ချသွားမည်ဖြစ်ကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင်များအဖြစ် သတ်မှတ်စည်းကမ်းများနှင့်ပြည့်စုံပြီး နိုင်ငံရေးကင်းရှင်းသူများကိုသာ စိစစ်ရွေးချယ်ထားပြီး မြို့နယ်အတွင်းရှိ မဲရုံများတွင် မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် တာဝန်ချထားပေးမည်ဖြစ်ပြီး အထူးရဲများအဖြစ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံအရပ်သားများပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကို အောက်တိုဘာ ၃၁ ရက်အထိ ပို့ချမည်ဖြစ်ပြီး အထူးရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ချိန်မှာ တစ်လဖြစ်ကာ လစာမှာ ရဲလုပ်သားလစာနှင့် နေ့တွက်စားစရိတ် စုစုပေါင်းကျပ်တစ်သိန်းခွဲဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဦး(ဖားကန့်)**

သတင်းတိုများ

ပုလဲသွယ်စပါးစံကွက်မှ တစ်ဧက တင်း ၂၀၀ကျော်ထွက်ရှိ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စု၌ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပုလဲသွယ်မိုးစပါး စံကွက်ရိတ်သိမ်းမှုကို အောက်တိုဘာ ၂၁ ရက်ကပြုလုပ်ခဲ့ရာ စပါး(အစို)၂၀၃ တင်းထွက်ခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခုံကြီး၊ ဆိပ်ကြီးနှင့် ချောင်းဝကျေးရွာအုပ်စုများမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုစိုးက တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာပြုပြင်ခြင်း၊ မြေဆီဩဇာစနစ်တကျသုံးစွဲ၍ ပိုးမွှားအန္တရာယ်များ ကြိုတင်ကာကွယ်ခြင်းနှင့် ထွက်နှုန်းကောင်းမွန်သည့် ပုလဲသွယ်စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးရေးတို့ကို တောင်သူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

မူလတန်းကျောင်းဆောင်နှင့် ကျောင်းအဝင်လမ်းများ ပြုပြင်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ မင်းကျောင်းအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်ပြုပြင်ခြင်း၊ ကျောင်းအဝင်လမ်းမနှင့် ကျောင်းရင်ပြင်တွင် ကွန်ကရစ်ခင်းခြင်းများကို မြို့နယ်အလျှုရှင်များ၏ လျှုဒါန်းမှုဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ ပြုပြင်ဆောင်ရွက်ပြီးသော ကျောင်းဆောင်နှင့် ကျောင်းလမ်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်သွင်နှင့် ကျောင်းပြုပြင်ရေးအလျှုရှင် ဒေါ်မြင့်မြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းဆောင်ပြုပြင်မှုများကို ဒွေကျပ် ၅၃ သိန်း အကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

တာချီလိတ် အောက်တိုဘာ ၂၃

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို တာချီလိတ်ခရိုင်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရှမ်းပြည်နယ်တာဝန်ခံ ဦးစိုင်းနွံတောင်းနှင့် တာချီလိတ်ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုင်းနွံတောင်းက အထွေထွေရွေးကောက်ပွဲကို အေးချမ်းတည်ငြိမ်ပြီး လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာကျင်းပနိုင်ရန် လိုအပ်ကြောင်း၊ ပြည်သူများက ကိုယ်စားလှယ်လောင်းများအား ရွေးချယ်ရာတွင် အရည်အချင်းရှိပြီး မျှတမှုရှိသည့် ခေါင်းဆောင်ကောင်းများအား ဥပဒေနှင့်အညီ ရွေးချယ်နိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်အနေဖြင့် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေများကိုလေ့လာ၍ ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို သိရှိနားလည်ပြီး ဆောင်ရန် ရှောင်ရန်များကိုလေးစားလိုက်နာဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းလုံးရဲန်က ကြိုတင်မဲဆိုင်ရာများနှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ လုပ်ငန်းစဉ်များကို လည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ဝင်းမောင်က လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မဲရုံများ၊ ဒုမဲရုံများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ ဆင့်ပွားသင်တန်း ဖွင့်လှစ်မှု၊ မဲရုံလုံခြုံရေး စီစဉ်ထားရှိမှုနှင့် မဲရုံများအား ဆက်သွယ်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးရဲမြင့်က မဲရုံဝရဝုဏ် သတ်မှတ်ခြင်းဆိုင်ရာများနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထိန်မင်းက မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှု၊ မဲရုံမှူးများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပေးနိုင်မှုနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သင်တန်းဆက်လက်ဖွင့်လှစ်မည့် အစီအစဉ်များ၊ မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများစီစဉ်ထားရှိမှု၊ ကြိုတင်မဲထုတ်ပေးမည့် အစီအစဉ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများက ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းနွံတောင်းက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မဲရုံများလုံခြုံရေးအတွက် အထူးရဲသင်တန်းများပွင့်

မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲများခန့်အပ်၍ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက မင်းဘူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဥပဒေဘာသာရပ်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို မင်းဘူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား ၁၇၂ ဦးကို အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ပို့ချလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

မန်စီ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွင်း မဲရုံလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ရဲဝန်မှာရုံ၌ အောက်တိုဘာ ၂၀ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦးက အထူးရဲခန့်အပ်ထားရှိမှု သင်တန်းပို့ချမည့် အစီအစဉ်၊ မဲရုံလုံခြုံရေးဆောင်ရွက်မည့်စီမံဆောင်ရွက်ထားရှိမှုတို့ကို တင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပုံး

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ပေးအပ်မည့် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီကမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက ပြောကြားသည်။

အဆိုပါအထူးရဲတပ်ဖွဲ့ဝင်သင်တန်းတွင် (လက်နက်မဲ့) စစ်ရေးပြ၊ လူ့အခွင့်အရေးဘာသာရပ်၊ ရဲကျင့်ဝတ်၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ၊ ပြည်သူလူထုပူးပေါင်းပါဝင်သောရဲ လုပ်ငန်းစနစ်၊ ရဲကျင့်ဝတ် ဘာသာရပ်များကိုအထူးရဲတပ်ဖွဲ့ဝင် ၇၀ တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

စေတုတ္တရာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အထူးရဲသင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ဥပဒေ၊ ကျင့်ဝတ်၊ လက်နက်မဲ့စစ်ရေးပြတို့အား အထူးရဲသင်တန်းသား ၆၈ ဦး သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **သူရထွန်း**

ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ပခုက္ကူ အောက်တိုဘာ ၂၃

ပခုက္ကူမြို့နယ် စဘေအနောက်စုကျေးရွာ၌ အလင်းတမန် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲတွင် ပခုက္ကူမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်ဝင်းမေက စာကြည့်တိုက်ရေ ရှည်တည်တံ့ခိုင်မြဲရေးအကြောင်းဟောပြောပြီး စာကြည့်တိုက်ဆောက်လုပ်ရန် လှူဒါန်းသည့် ဂရုဏာလူမှုကူညီရေးအသင်းမှ အသင်းဝင်တစ်ဦးက စာကြည့်တိုက်တည်ဆောက် လှူဒါန်းသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အလင်းတမန် စာကြည့်တိုက်ကို ကျေးလက်နေပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတရရှိရေးအတွက် ရန်ကုန်ရောက် ဒေသခံ လူငယ်များဖွဲ့စည်းထားသည့် ဂရုဏာ လူမှုကူညီရေးအသင်းက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျား ၁၅ပေ၊ အနံ ၁၀ပေ၊ အမြင့် ၁၂ပေရှိသွပ်မိုး၊ အုတ်ကာအဆောက်အအုံဖြစ်ကာကျပ် ၁၅သိန်းကုန်ကျခဲ့ကြောင်း သိရသည်။ **ဥာဏ်တိုး(iprd)**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ကျပ်သန်း ၅၀ နီးပါး အကုန်အကျခံဖွင့်လှစ်လျက်ရှိ

ထားဝယ် အောက်တိုဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ကျေးလက်ဒေသများ၌ နေထိုင်သော ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးနှင့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျပ်သန်းပေါင်း ၅၀ နီးပါး အကုန်ကျခံ၍ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း သင်တန်းများဖွင့်လှစ်ရန်အတွက် ထားဝယ်မြို့နယ်တွင် ရန်ပုံငွေကျပ် ၁၄ သန်း၊ ရေဖြူမြို့နယ်တွင် ရန်ပုံငွေကျပ် ၁၃သန်း၊ လောင်းလုံးမြို့နယ်တွင် ရန်ပုံငွေကျပ် ၁၃ သန်းနှင့် သရက်ချောင်းမြို့နယ်တွင် ကျပ်ကိုးသန်း၊ စုစုပေါင်းကျပ် ၄၉ သန်းကို ခွင့်ပြုထားကြောင်း သိရသည်။ အဆိုပါရန်ပုံငွေများဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် စက်ချုပ်သင်တန်း၊ လက်သမားနှင့် ပန်းရံသင်တန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်း၊ သံချိသံကွေးသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။

သင်တန်းဖွင့်လှစ်ပြီးမှအနေဖြင့် ထားဝယ်မြို့နယ်တွင် စက်ချုပ်သင်တန်း တစ်ကြိမ်နှင့် လက်သမား/ပန်းရံသင်တန်းတစ်ကြိမ်ကိုလည်းကောင်း၊ ရေဖြူမြို့နယ် တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာပေးသင်တန်း သုံးကြိမ်နှင့် လက်သမား/ပန်းရံသင်တန်းတစ်ကြိမ်ကိုလည်းကောင်း၊ လောင်းလုံးမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်း ခြောက်ကြိမ်နှင့် လက်သမား/ပန်းရံသင်တန်း တစ်ကြိမ်ကိုလည်းကောင်း၊ သရက်ချောင်းမြို့နယ်တွင် စိုက်ပျိုးရေးနှင့်မွေးမြူ ရေးပညာပေးသင်တန်း သုံးကြိမ်၊ လက်သမား/ပန်းရံသင်တန်း တစ်ကြိမ်နှင့် သံချိသံကွေးသင်တန်းတစ်ကြိမ်ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းများတွင် စုစုပေါင်း ကျေးရွာ ၁၈ ရွာမှ သင်တန်းသား သင်တန်းသူ ၉၀၀ ကျော်ကို သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သရက်ချောင်းမြို့နယ် ပြင်းဖြူကြီးကျေးရွာ၌ စိုက် ပျိုးရေးနှင့်မွေးမြူရေးပညာပေးသင်တန်းတစ်ခုကို ဖွင့်လှစ်လျက်ရှိပြီး သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

တောင်သူလုပ်ငန်းခွင်အားလပ်ချိန်များတွင် အပိုဝင်ငွေရရှိစေသည့် ရက်ကန်းလုပ်ငန်း

သတင်းဆောင်းပါး
ဖိုးချမ်း(မုံရွာ)

"လက်ခတ်သံ လက်ခတ်သံ၊ မလေးလက်ခတ်သံ၊ လက်ခတ်သံ လက်ခတ်သံ၊ ပျိုလေးလက်ခတ်သံ၊ လက်ခတ်သံ ကျွန်းဖိုသား၊ သောင်းတိုင်က ကြားသလေ လေ့" ဆိုသည့် ရွှေစာဆိုများ ရေးစပ်သီကုံးဖွဲ့ဆိုထားခဲ့သော မလေးလက်ခတ်သံသီချင်းကိုကြားလျှင် ရက်ကန်းစင်နှင့် ပတ်သက်သည့် သီချင်းလေးတစ်ပုဒ်ဖြစ်ကြောင်း သိရှိကြပေမည်။

ရက်ကန်းရက်လုပ်ခြင်းကို ရှေးက မြန်မာအမျိုးကောင်းသမီးတို့ တတ်အပ်သည့် ပညာရပ်များစွာရှိသည့်အနက်မှ အတတ်ပညာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။ ယောက်ျားများ စာမတတ်လျှင် အကန်းနှင့်တူပြီး မိန်းမများ ရက်ကန်းမတတ်လျှင် အကျိုးနှင့်တူသည်ဟု စာဆိုတစ်ရပ်လည်းရှိခဲ့သည်။

ယနေ့အချိန်တွင် ရက်ကန်းရက်ခြင်းမှာ မိန်းကလေးတိုင်းတတ်အပ်သည့် ပညာတစ်ရပ် မဟုတ်တော့သော်လည်း ကျေးလက်ဒေသများမှ အမျိုးသမီးငယ်လေးများအတွက်မူ ရက်ကန်းလုပ်ငန်းမှာ တောင်သူလုပ်ငန်းခွင်ကင်းလွတ်ချိန်တွင် အိုးမကွာအိမ်မကွာ ဆောင်ရွက်နိုင်ပြီး မိသားစုအပိုဝင်ငွေရစေသည့် လုပ်ငန်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

ယက်ကန်းလုပ်ငန်း ထွန်းကားဆဲဖြစ်သော ယင်းမာပင်မြို့နယ် ညောင်ကိုင်းအရှေ့ရွာမှ ဒေါ်မိသေးက ၄၄ဦးတို့ကျေးရွာမှ ယက်ကန်းလုပ်ငန်းအခြေအနေနှင့် ပတ်သက်ပြီး "ကျွန်မသမီးတွေကို သူများတွေလို ထိုင်းတို့ မလေးရှားတို့ကို အလုပ်ထွက်မလုပ်ချင်အောင် ရက်ကန်းစင်လေး ဝယ်ပေးထားတယ်။ အခုနောက်ပိုင်း အမျိုးသမီးငယ်လေးတွေ ချမ်းသာချင်တော့ နိုင်ငံရပ်ခြားတွေအထိ အလုပ်တွေထွက်လုပ်ကြတယ်။ သတင်းတွေထဲမှာ လူကုန်ကူးခံရတာတွေ၊ ငါးဖမ်းစက်လှေတွေနဲ့ မကောင်းတဲ့လုပ်ငန်းတွေမှာ ရောင်းစားခံရတာတွေ အမျိုးမျိုးကြားနေရတော့ ကိုယ့်သမီးလေးတွေကို ဒီလိုအဖြစ်မျိုးတွေ မဖြစ်စေချင်ပါဘူး။ နောက်ပြီး မိရိုးဖလာလုပ်ကိုင်လာခဲ့တဲ့ တောင်သူလုပ်ငန်းအပြင် အခုလိုအားလပ်ချိန်မှာ ရက်ကန်းရက်လုပ်ပြီး အပိုဝင်ငွေရရှိနိုင်ပြီး ကိုယ့်တိုင်းပြည် ကိုယ့်မိဘရဲ့အရိပ်မှာတင် ဒီအလုပ်အကိုင်လေးတွေနဲ့ သူတို့ဘဝလေးတွေ တိုးတက်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့လေးတွေကို ရက်ကန်းရက် အတတ်ပညာသင်ခိုင်းပြီး ရက်ကန်းစင်လေးဝယ်ပေး၊ အိမ်မှာတင်ရက်ခိုင်းပါတယ်"ဟု ပြောသည်။

ရက်ကန်းစင်ဝယ်ယူသည့် ကုန်ကျစရိတ်နှင့် ရက်ကန်းစင်မှ ဝင်ငွေပြန်လည်ရရှိမှုနှင့် ပတ်သက်၍လည်း "ရက်ကန်းစင်က ၁၀ လွှား ရက်ကန်းစင်ပါ။ အမျိုးသမီး၀တ်လုံချည်အထည် ၅၀ ခန့် ရက်လုပ်နိုင်တဲ့ ချည်လိပ်နဲ့ ပစ္စည်းအစုံအပါ သုံးသိန်းခွဲပေးရပါတယ်။ သုံးတဲ့ချည်ကတော့ အိန္ဒိယချည်ကို သုံးဖြစ်ပါတယ်။ အားလပ်ချိန်မှာ ရက်လုပ်တာဆိုတော့ မိန်းမ၀တ်လုံချည်တစ်ကွင်းဆိုရင် နှစ်ရက်လောက်တော့ ရက်ရပါတယ်။ လုံချည် ၁၀ ကွင်းလောက်ရရင် မုံရွာက အထည်ဆိုင်တွေကို သွားသွင်းပါတယ်။ ဆိုင်ကနေမှာတဲ့ ဒီဇိုင်းအတိုင်းလည်း ရက်လုပ်ပေးပါတယ်။ ဆိုင်သွင်းစျေးက လုံချည်တစ်ကွင်းကို ကိုးထောင်ကနေ တစ်သောင်းကျပ်လောက်အထိ ရပါတယ်။ ဆောင်းပိုင်းဆို ရက်ကန်းထည်လေးတွေက စျေးပိုရပါတယ်။ အရိပ်လေးမှာတင် အပူအပင်မရှိ လုပ်ကိုင်နိုင်ပြီး မိသားစုအပိုဝင်ငွေ ရရှိတဲ့လုပ်ငန်းဖြစ်ပါတယ်"ဟု ဒေါ်မိသေးက ဆက်ပြောပြသည်။

ရက်ကန်းလုပ်ငန်းသုံး ချည်များကို ယခင်က ချည်အဖြူများသာလာသဖြင့် ဆေးပြန်ဆိုးရကြောင်း၊ ယခုအခါ ချည်အရောင်မျိုးစုံ ဝင်ရောက်လာသဖြင့် ဆေးဆိုးစရာမလိုတော့ဘဲ အဆင်သင့် ဝယ်ယူရက်လုပ်နိုင်ပြီး လုပ်ငန်းများ ပိုမိုအဆင်ပြေလာကြောင်း၊ ခေတ်ပေါ် ရယ်ဒီမိတ်အ၀တ်အစားများ ပေါများနေသည့်အချိန်ဖြစ်သော်လည်း မြန်မာ့ရိုးရာ ရက်ကန်းချည်ထည်လေးများကို မြတ်မြတ်နိုးနိုး ဝယ်ယူ၀တ်ဆင်ကြသူများ ရှိနေသဖြင့် ရက်ကန်းလုပ်ငန်းများမှာ ပြန်လည်ဆန်းသစ်လာလျက်ရှိကြောင်းလည်း သိရသည်။

မိုဘိုင်းဖုန်းပြုပြင်နည်းကို အင်တာနက်တွင် လေ့လာသူများလာ

မိုဘိုင်းဖုန်းများပြုပြင်ရာတွင် အဓိကကျသည့် Firmware တင်ခြင်းအပါအဝင် ဆော့ဖ်ဝဲပိုင်းပြုပြင်မှုများကို လူငယ်များအနေဖြင့် ယခင်က သင်တန်းတက်ရောက်၍ လေ့လာကြသော်လည်း သင်တန်းတက်ရောက်လေ့လာခြင်းထက် မိမိတို့နီးစပ်ရာ တတ်ကျွမ်းသူများထံတွင် မေးမြန်းခြင်းနှင့် အင်တာနက်မှတစ်ဆင့် လေ့လာခြင်းများဖြင့် သင်ယူသူများလာကြောင်း သိရသည်။

လူငယ်များအနေဖြင့် မိုဘိုင်းဖုန်းပြုပြင်ခြင်း နည်းပညာများကို လေ့လာရာတွင် မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းများတက်ပါက သင်တန်းကြေး ကုန်ကျစရိတ်မှာ Software အတွက် ကျပ်သုံးသိန်းခန့်ရှိပြီး Hardware ပိုင်းအတွက် ကျပ်သုံးသိန်းခန့်ရှိရာ သင်တန်းကြေးကုန်ကျစရိတ်ကြောင့် အချို့မှာ ဆော့ဖ်ဝဲပိုင်းကို ကိုယ်တိုင်လေ့လာပြီး Hardware ပိုင်းကိုသာ သင်တန်းများတက်ရောက်၍ လေ့လာကြကြောင်း သိရသည်။

“Hard ware ပိုင်းကတော့ သင်တန်းမတက်လို့ မရဘူးပေါ့။ အင်တာနက်ပေါ်က Tutorial ဗီဒီယိုတွေကြည့်ပြီး စမ်းမယ်ဆိုရင်တောင် စမ်းစရာဖုန်းနဲ့ ပစ္စည်းကိရိယာက မရှိဘူးလေ။ ဒါကြောင့် Hardware ပိုင်းအတွက်ကတော့ သင်တန်းတက်ရပါတယ်။ ဆော့ဖ်ဝဲပိုင်းကျတော့ ကိုယ်တိုင်က အင်္ဂလိပ်စာကို ကျွမ်းကျင်ရင်ကျွမ်းကျင်သလောက် နိုင်ငံခြားက နည်းပညာဝက်ဘ်ဆိုက်တွေကနေ လေ့လာနိုင်သလို အင်္ဂလိပ်စာမကျွမ်းကျင်ရင်လည်း ပြည်တွင်းက နည်းပညာဆိုက်တွေမှာ လေ့လာလို့ရတယ်။ ပြီးတော့ Facebook ပေါ်က မိုဘိုင်းနည်းပညာ Group တွေမှာ မေးမြန်းလိုက်ရင် ကိုယ့်ထက်ကျွမ်းကျင်တဲ့လူတွေက မြန်မာလို ဖြေပေးသွားတယ်။ တကယ်ဝါသနာပါပြီး လေ့လာချင်စိတ်ရှိရင် ဆော့ဖ်ဝဲပိုင်းအတွက်က ကိုယ်တိုင်လေ့လာတာက ပိုကောင်းတယ်”ဟု မိုဘိုင်းဖုန်းဆော့ဖ်ဝဲဆိုင်ရာများကို ကိုယ်တိုင်လေ့လာနေသူ ကိုကျော်ကျော်ဝင်းက ပြောသည်။

ဆော့ဖ်ဝဲနည်းပညာပိုင်းလေ့လာသူများအနေဖြင့် အဓိကအားထားသည့် ဝက်ဘ်ဆိုက်မှာ www.myanmarmobileapp.com ဝက်ဘ်ဆိုက်ဖြစ်ပြီး အဆိုပါဝက်ဘ်ဆိုက်တွင် ပြည်တွင်း၊ ပြည်ပမှ မိုဘိုင်းဖုန်းသတင်းများ၊ မိုဘိုင်းဆိုင်ရာ နည်းပညာများကို ဖော်ပြပေးထားကြောင်း သိရသည်။ ဖေ့စ်ဘုတ်တွင်လည်း Myanmar Mobile App စာမျက်နှာရှိပြီး အဆိုပါစာမျက်နှာတွင်လည်း မိုဘိုင်းနည်းပညာများကို မေးမြန်းနိုင်သဖြင့် ကိုယ်တိုင်လေ့လာသူများအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။ အခြားဝက်ဘ်ဆိုက်များအနေဖြင့် ညီနေမင်းဝက်ဘ်ဆိုက်(www.nyinaymin.org)၊ ဝင်းကမ္ဘာကျော်ဝက်ဘ်ဆိုက်(www.winkabarkyaw.net)နှင့် မောင်(စွယ်စုံကျမ်း)(www.mssk.info)ဝက်ဘ်ဆိုက်များမှာလည်း ဆော့ဖ်ဝဲနည်းပညာများကို လေ့လာရန် အထောက်အကူပြုသည့် ဝက်ဘ်ဆိုက်များဖြစ်ကြောင်း သိရသည်။ ဖေ့စ်ဘုတ်တွင်လည်း Myanmar Mobile User Group နှင့် Myanmar Mobile User Club စသည့် Group များသည် လေ့လာရန်နှင့် နားမလည်သည်များကိုမေးမြန်းရန် များစွာအသုံးဝင်ကြောင်း မိုဘိုင်းဆော့ဖ်ဝဲနည်းပညာများကို အင်တာနက်မှ လေ့လာနေသူများထံမှ သိရသည်။

မိုဘိုင်းဆော့ဖ်ဝဲပြုပြင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတွင် Root ဖောက်ခြင်းနှင့် Firmware တင်ခြင်းများက အရေးအကြီးဆုံးဖြစ်သည်။ အခြေခံအကျဆုံးမှာ ဖုန်းတစ်လုံးကို Root access ရယူတတ်ရန်(Root ဖောက်တတ်ရန်)ဖြစ်ကာ ဖုန်းအမျိုးမျိုးအတွက် Root ဖောက်ခြင်းကို ကျွမ်းကျင်စွာလုပ်နိုင်ပါက ဝင်ငွေအတန်အသင့် ရရှိပြီဖြစ်သည်။ ဖုန်းများကို Root ဖောက်နိုင်ရန်အတွက် ဖုန်းဗားရှင်းအလိုက် လိုအပ်သည့် ဆော့ဖ်ဝဲများကို သင့်လျော်အောင်အသုံးပြုတတ်ရမည်ဖြစ်ပြီး ဆော့ဖ်ဝဲများကို အင်တာနက်ပေါ်တွင် ရှာဖွေကာ ဒေါင်းလုပ်ရယူစုဆောင်းထားနိုင်ရန် လိုအပ်မည်ဖြစ်သည်။

နောက်ထပ်အများဆုံး ဝန်ဆောင်ပေးရသည့် ဝန်ဆောင်မှုမှာ မြန်မာစာကို မှန်အောင်ထည့်ပေးခြင်းဖြစ်သည်။ ဖုန်းများတွင် မြန်မာစာထည့်သွင်းရာ၌ ယခင်က စျေးကွက်တွင်ရောင်းချနေသော ဖုန်းများတွင် မြန်မာစာမပါဝင်သဖြင့် မြန်မာစာထည့်ပေးခြင်းမှာ သီးသန့်ဝန်ဆောင်မှုတစ်ခုဖြစ်သလို နောက်ပိုင်းထွက်ဖုန်းများတွင် မြန်မာစာပါဝင်လာသော်လည်း အသုံးများသော Font တစ်ခုဖြစ်သည့် ဇော်ဂျီမှာ ဖုန်းအမျိုးအစားအချို့တွင်သာ ပါဝင်ပြီး ဖုန်းအမျိုးအစားသစ်အများစုမှာ Unicode သာ ပါဝင်ရာ အသုံးပြုသူများ လတ်တလောအဆင်ပြေစေရန် မြန်မာစာ(ဇော်ဂျီ)ကို မှန်အောင် ထည့်ပေးနိုင်ရမည်ဖြစ်သည်။

ဖုန်းအသစ်များကို Root ဖောက်ပေးသည့်အပြင် ပြုပြင်မှုအနေဖြင့် Firmware တင်ပေးနိုင်ရမည်ဖြစ်သည်။ ဖုန်းအမျိုးမျိုးတွင် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ ပြဿနာအမျိုးမျိုးကြုံသည့်အခါ နောက်ဆုံးအဆင့်အနေဖြင့် Firmware ပြန်တင်ခြင်းဖြင့် ပြုပြင်နိုင်မည်ဖြစ်ရာ ဖုန်းအမျိုးမျိုးကို Firmware ပြန်တင်ခြင်း၊ Firmware အသစ်မတင်မီ Data Backup ယူခြင်းများကို တတ်ကျွမ်းလျှင် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ ပြုပြင်မှုအများအပြားကို လုပ်ကိုင်နိုင်ပြီဖြစ်သည်။

လူငယ်များအနေဖြင့် ဖုန်းဆော့ဖ်ဝဲပိုင်းကို သင်တန်းမတက်ဘဲ အင်တာနက်မှတစ်ဆင့်လေ့လာရာတွင် အန်းဒရွိုက်ဖုန်းများအတွက် လေ့လာရန် လွယ်ကူသော်လည်း iPhone များတွက် လေ့လာရာတွင်မူ ခက်ခဲနေသေးကြောင်း သိရသည်။ ပြည်တွင်းတွင် iPhone အသုံးပြုသူဦးရေမှာ Android ဖုန်းအသုံးပြုသူဦးရေထက် များစွာနည်းနေသေးသဖြင့် iPhone ၏ စက်လည်ပတ်မှုစနစ်ဖြစ်သော iOS နှင့်ပတ်သက်၍ လေ့လာစရာ ရှားပါးကြောင်း၊ အခြေခံဝန်ဆောင်မှုဖြစ်သော Jailbreak လုပ်ခြင်းအပါအဝင် iOS ၏ စနစ်များကို လေ့လာရန်ခက်ခဲပြီး အင်္ဂလိပ်စာကျွမ်းကျင်မှသာ နိုင်ငံခြားနည်းပညာဝက်ဘ်ဆိုက်များတွင် လေ့လာနိုင်ကြောင်း သိရသည်။

သူရဖြိုး

New Product

စမတ်ဖုန်းနှင့် Professional ကင်မရာလုပ်ဆောင်ချက်များ ပေါင်းစပ်ထားသော Lenovo VibeShot

စမတ်ဖုန်းတစ်လုံးအနေဖြင့် အဆင့်မြင့်လုပ်ဆောင်ချက်များ ပါဝင်သည့်အပြင် ကင်မရာပိုင်းတွင် Professional လုပ်ဆောင်ချက်များအထိ ပေါင်းစပ်ထားသည့် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ကာ ပြည်တွင်းစျေးကွက်သို့ အောက်တိုဘာလဆန်းပိုင်းက စတင်ဝင်ရောက်လာသည်။

နောက်ဘက်ကင်မရာ ၁၆ မဂ္ဂါပစ်ဇယ်နှင့် ရှေ့ကင်မရာမှာ ၈ မဂ္ဂါပစ်ဇယ်ရှိသည်။ အဆင့်မြင့်ကင်မရာလုပ်ဆောင်ချက်များအနေဖြင့် ဓာတ်ပုံကင်မရာတစ်လုံးကဲ့သို့ ပုံရိပ်များကို လျှပ်တစ်ပြက်အတွင်း ရိုက်ကူးနိုင်မည့် Shutter ခလုတ် ပါဝင်သည်။ Infrared auto-focusing(AF) နည်းပညာပါဝင်သဖြင့် ပုံမှန် စမတ်ဖုန်းကင်မရာများတွင် ပါဝင်သော Autofocus များထက် ပိုမိုကောင်းမွန်သည့် ဓာတ်ပုံများကို ရိုက်ကူးနိုင်မည်ဖြစ်ကာ ဖလက်ရှ်မီးအရောင်မှာလည်း tri-color LED ဖြစ်သဖြင့် ဓာတ်ပုံအရောင်အသွေးများ ပိုမိုကောင်းမွန်မည်ဖြစ်သည်။ အလင်းရောင်နည်းပါးသောနေရာများနှင့် ညအချိန်များတွင် ပုံများကို ပိုကောင်းအောင်ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များ၊ ဓာတ်ပုံရိုက်ချိန်တွင် ဖုန်းအားလျှပ်ရှားမိလျှင် ဓာတ်ပုံအရည်အသွေးဝေဝါးမှုများမရှိစေမည့် နည်းပညာများလည်း ပါဝင်သည်။

Lenovo VibeShot ၏ ထူးခြားချက်မှာ သာမန်ဓာတ်ပုံရိုက်ကူးသူများအတွက် အလွယ်တကူးရိုက်ကူးနိုင်မည့် Auto Mode ကိုရွေးချယ်နိုင်သလို ကင်မရာ၏ Aperture ၊ Shutter Speed ၊ ISO Setting နှင့် အခြားနည်းစနစ်များကို ကိုယ်တိုင်ထိန်းချုပ်ရိုက်ကူးနိုင်ရန်အတွက် Professional Mode ကိုလည်း ရွေးချယ်နိုင်ခြင်းနှင့် အခြားဖုန်းများတွင် ပါဝင်ခြင်းမရှိသေးသော မြင်ကွင်းကျယ်ဆယ်လ်ဖီ(Panoramic Selfie)ပါဝင်ခြင်း ဖြစ်သည်။

Processor အနေဖြင့် Qualcomm Snapdragon 615 processor ကိုသုံးထားပြီး RAM မင်မိုရီ 3 GB နှင့် Internal Storage 32 GB အထိ ပါဝင်ကာ မင်မိုရီကတ်ကို 128 GB အထိ ထပ်ထည့်၍ အသုံးပြုနိုင်သည်။ အန်းဒရွိုက်ဗားရှင်းမှာ 5.0.2(Lollipop)ဖြစ်သည်။ ဖုန်းကိုယ်ထည်ကို အလူမီနီယံအပြည့် ပြုလုပ်ထားပြီး ဒီဇိုင်းပိုင်းအနေဖြင့်လည်း လှပမှုရှိသည်။ မျက်နှာပြင်အကျယ်မှာ ဝါးလက်မရှိပြီး Gorilla Glass မှန်ဖြင့် ပြုလုပ်ထားသည်။ ကိုယ်ထည်အရောင်မှာ အနီရောင်နှင့် မီးခိုးရောင်နှစ်မျိုးဖြစ်သည်။ ဆင်းကတ် နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်သော Dual SIM ဖုန်းအမျိုးအစားဖြစ်ပြီး နက်ဝပ်မှာ GSM နှင့် WCDMA နက်ဝပ်နှစ်မျိုးလုံး သုံးနိုင်သည်။ အင်တာနက်အသုံးပြုရန်အတွက် 3G နှင့် 4G နှစ်မျိုးလုံးကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

Lenovo Vibe Shot Smartphone ကို KMD ကွန်ပျူတာက တရားဝင် အရောင်းကိုယ်စားလှယ်အဖြစ် အာမခံတစ်နှစ်ပေးကာ ရောင်းချလျက်ရှိပြီး စျေးနှုန်းမှာ ကျပ် ၃၈၉၀၀၀ ဖြစ်သည်။

သူရဖြိုး

ဖုန်းလိုင်းဆက်သွယ်မှုပြတ်တောက်ခဲ့ခြင်းနှင့်ပတ်သက်၍ MPT မှ သတင်းထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၂၃

အောက်တိုဘာ ၁၇ ရက်တွင် နေ့လည် ၁၂ နာရီခွဲခန့်မှ ၄ နာရီခွဲခန့်အထိ MPT မိုဘိုင်းဖုန်းများ ဖုန်းခေါ်ဆိုမှုပြတ်တောက်ခဲ့ခြင်းမှာ ဓာတ်အားချို့ယွင်းမှုကြောင့်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ခဲ့သည်။

ဓာတ်အားချို့ယွင်းမှုကြောင့် MPT ၏ တယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက်စနစ် ပြတ်တောက်သွားပြီး မွန်းလွဲ ၁၂း၃၀ နာရီ မှ ညနေ ၄း၃၀ အချိန်အထိ GSM/WCDMA တယ်လီဖုန်းခေါ်ဆိုမှု ဆက်သွယ်ရေးမှာ အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ နေရာအချို့တွင် MPT ၏ GSM နှင့် WCDMA ဖုန်းများ ခေါ်ဆိုခြင်းနှင့် အင်တာနက်အသုံးပြုမှုများပါ အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ နေ့လယ် ၂ နာရီကျော်ခန့်တွင် ဖုန်းလိုင်းအချို့ ပုံမှန်အနေအထားအတိုင်း ဝန်ဆောင်မှုများပြန်ရခဲ့ပြီး ညနေ ၄ နာရီခွဲခန့်တွင် မိုဘိုင်းကွန်ရက်အားလုံး ပုံမှန်အတိုင်းပြန်လည်ကောင်းမွန်ခဲ့ကြောင်း၊ အသုံးပြုသူများ ထိုသို့သော အခက်အခဲများ ထပ်မံမဖြစ်စေရန် လိုအပ်ချက်များကိုလည်း အမြန်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ပြုပြင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ပြည်ပမှ ဆက်သွယ်ရေးအော်ပရေတာသစ်နှစ်ခု ဝင်ရောက်လာပြီးနောက် ပိုင်းတွင် MPT သည် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် အပြိုင်အဆိုင် ဆောင်ရွက်လာသကဲ့သို့ ဝန်ဆောင်မှုအသုံးပြုသူများ၏ အကြံပြုချက်များ၊ လိုအပ်ချက်များကိုလည်း Customer ဟော့လိုင်းနံပါတ် ၁၀၆ နှင့် MPT ၏ Facebook စာမျက်နှာများမှတစ်ဆင့် ဖြေရှင်းပေးလျက်ရှိသည်။ MPT ၏ Facebook စာမျက်နှာတွင် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သတင်းများကို အချိန်မီထုတ်ပြန်ခြင်း၊ မေးမြန်းသောပြဿနာများကို စိတ်ရှည်လက်ရှည်ပြန်လည်ဖြေကြားပေးခြင်းတို့ကြောင့် အသုံးပြုသူများအနေဖြင့် ကြိုက်နှစ်သက်လျက်ရှိကြောင်း သိရသည်။

သူရဖြိုး

စေတုတ္တရာမြို့နယ် ရေဘေးထူထောင်ရေးအတွက် တယ်လီနောမှ ထောက်ပံ့ပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၃

ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို ရှေးဦးစွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ဌေးကျပ်သိန်း ၃၄၃၈ ကျပ်ကို တယ်လီနောမြန်မာက NGO အဖွဲ့အစည်းတစ်ခုဖြစ်သော Network Activities Group(NAG) မှတစ်ဆင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများထံသို့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာသည် စေတုတ္တရာနယ်အတွင်း ဇူလိုင်လမှစ၍ ရေဘေးကယ်ဆယ်ရေးထောက်ပံ့မှုများပေးခဲ့ပြီး ထိခိုက်မှုများသောဒေသများတွင် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စေတုတ္တရာမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးရာတွင် ကျေးရွာ ၂၈ ရွာမှ ရေဘေးသင့်ခဲ့သည့် မိသားစု ၂၈၀၀ ခန့်နှင့် အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသေးသည့် မိသားစု ၁၉၆ ခုကို ဦးစားပေးကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း NAG မှ သိရသည်။

တယ်လီနောမှထောက်ပံ့သည့် ရန်ပုံငွေဖြင့် ကောက်ပဲသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် မွေးမြူရေးတိရစ္ဆာန်များ ထောက်ပံ့ပေးရန်လည်းကောင်း၊ လယ်ယာမြေများ၊ တူးမြောင်းများ၊ လူသွားလမ်းများပြန်လည်ပြုပြင်ရန်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုသင်တန်းများပေးရန်နှင့် လယ်ယာစိုက်ပျိုးရေးနည်းပညာသစ်များကို သင်ကြားပေးရာတွင်လည်းကောင်း အသုံးပြုသွားမည်ဟု သိရသည်။

တယ်လီနောမြန်မာသည် ရေဘေးသင့်ပြည်သူများအတွက် ဇူလိုင်လအတွင်းမှစ၍ အလှူငွေများ ထောက်ပံ့ပေးလျက်ရှိရာ ယခုလှူဒါန်းမှုမပါဝင်ဘဲ အလှူငွေကျပ်သိန်း ၁၇၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ကို စစ်ကိုင်း၊ မကွေးနှင့် ရောဝတီတိုင်းဒေသကြီးများတွင် လှူဒါန်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သူရဖြိုး

Bee Talk အပလီကေးရှင်းတွင် Public Account ဝန်ဆောင်မှု စတင်ပြုလုပ်

ရန်ကုန် အောက်တိုဘာ ၂၃

ပြည်တွင်းမှ မိုဘိုင်းအခြေပြု Chatting Application တစ်ခုဖြစ်သော Bee Talk တွင် Public Account များကို လူတိုင်းအသုံးပြုနိုင်ရန် စတင်ဝန်ဆောင်မှုပေးထားပြီဖြစ်ကြောင်း သိရသည်။

Public Account ကို အသုံးပြုခြင်းဖြင့် Bee Talk အသုံးပြုသူအများအပြားထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ခြင်း၊ Digital Marketing ပြုလုပ်နိုင်ခြင်း စသည့် အားသာချက်များရှိမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ၊ အွန်လိုင်းရှော့ပင်းလုပ်ငန်းများအနေဖြင့် Public Account များ ဖွင့်ထားခြင်းဖြင့် လုပ်ငန်းများကို ပို၍လူသိများလာအောင် ကြော်ငြာနိုင်မည်ဖြစ်သကဲ့သို့ Public Account များ ပိုများလာခြင်းဖြင့်လည်း တစ်ဦးချင်းအသုံးပြုသူများအနေဖြင့် သတင်းအချက်အလက်များ ပို၍ရလာနိုင်မည် ဖြစ်ကြောင်း သိရသည်။ Bee Talk ၏ Public Account Platform မိတ်ဆက်ပွဲကို နိုဗင်တယ်ဟိုတယ်၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

သူရဖြိုး

ဒီတစ်ပတ်မှာလည်း ဘိုင်ယန်မြူးနစ်တို့ အမှတ်ပြည့်ယူဦးမှာပါ

ဒီတစ်ပတ်ရဲ့ ဘွန်ဒက်လီဂါပွဲစဉ် (၁၀)ကို အောက်တိုဘာ ၂၄ ရက် ညပိုင်းမှာ ဆင်နွဲ့ကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်က ကိုလုံးနဲ့ တွေ့ဆုံရမှာဖြစ်လို့ အမှတ်ပြည့်ရဦးမယ့်အခြေအနေရှိသလိုဝုဖ်ဘတ်တို့က အဝေးကွင်းမှာ အမှတ်ရဖို့ အကြိတ်အနယ် ကစားရဖို့ရှိနေပါတယ်။ အသင်းကြီးတွေ ရမှတ်လိုအပ်နေတာမို့ အဓိက ကစားသမား အစုံအလင်ကြောင့် ပွဲထွက်လာကြမှာမို့ မြင့်မြင့်ဆိုင်ဆိုင်ရှိတဲ့ ပွဲတွေအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ကိုလုံး

ကိုလုံးနဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲတွေချည်းရရှိထားပါတယ်။ လက်ရှိအနေအထားမှာလည်း အိမ်ရှင်တို့က ခြေစွမ်းကောင်းရရှိနေပြီး ပြိုင်ဘက်တွေကို အနိုင်ယူနေပါတယ်။ ချန်ပီယံလီဂ်ပွဲစဉ်ဖြင့် ပွဲပမ်းနေတဲ့ ဘိုင်ယန်မြူးနစ်တို့ဟာ အခုပွဲကို မာမာတင်းတင်းကစားပြီး အမှတ်ပြည့်ရရေးပဲ အားထုတ်ပါလိမ့်မယ်။ ကိုလုံးရဲ့ လက်ရှိကစားအားက အားရစရာမရှိတာမို့ အခုပွဲဟာ အိမ်ရှင်တို့ပဲ အောင်ပွဲခံပါလိမ့်မယ်။

လေဗာကူဆင်နှင့် စတုဂတ်

ခြေစွမ်းယိမ်းယိုင်နေတဲ့ လေဗာကူဆင်တို့ဟာ အခုပွဲအိမ်ကွင်းဖြစ်တာမို့ အကောင်းဆုံးစုဖွဲ့မှုနှင့် ပြင်ဆင်ထားမှာ သေချာပါတယ်။ စတုဂတ်တို့ကတော့ ဒီနှစ် ဘွန်ဒက်လီဂါမှာ ရလဒ်တွေ ဆိုးရွားနေတဲ့အပြင် တန်းစီဇယားအောက်ဆုံးမှာ ရောက်နေတာမို့ လေဗာကူဆင်ဟာ ဒီပွဲကို အခက်အခဲမရှိကျော်ဖြတ်ပြီး ရမှတ်အပြည့်ဆောင်ကြဦးပါလိမ့်မယ်။

ဟန်နိုဗာနှင့် ဖရန့်ဖတ်

ဟန်နိုဗာရဲ့ လက်ရှိခြေစွမ်းက ကျေနပ်စရာတော့မရှိပါဘူး။ ဒါပေမယ့် ဖရန့်ဖတ်နဲ့ဆုံတိုင်း ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ ဟန်နိုဗာတို့က အခုပွဲကို အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချပြီး နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဟန်နိုဗာတို့ကလည်း အိမ်ကွင်းမှာ ကစားရတာဖြစ်လို့ အနိမ့်ဆုံးတစ်မှတ်ရအောင်ယူပြီး ပရိသတ်တွေကိုနှစ်သိမ့်မှုပေးပါလိမ့်မယ်။

မိန့်စ်နှင့် ဝါဒါဘရီမင်

ဒီနှစ်သင်းက တစ်လှည့်စီအနိုင်ယူနေကြပြီး ကစားအားလည်း ညီနေတဲ့ အသင်းတွေဖြစ်ပါတယ်။ ဒါပေမယ့် အခုတလောခြေစွမ်းကျဆင်းလာတဲ့ မိန့်ဇ်ဟာ ခြေစွမ်းတည်ငြိမ်နေတဲ့ ဝါဒါဘရီမင်ကို ခက်ခဲစွာရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဝါဒါဘရီမင်တို့ကတော့ ပွဲတိုင်းအမှတ်ရအောင် ကြိုးစားနေပြီး တိုက်စစ်၊ ခံစစ်မျှနေတာမို့ အိမ်ရှင်တို့ကံကောင်းမှ တစ်မှတ်ရမယ့် အခြေအနေရှိနေပါတယ်။

ဒမ်စတက်နှင့် ဝုဖ်ဘတ်

ဒမ်စတက်တို့ဟာ ခြေစွမ်းအတက်အကျရှိနေပြီး တစ်ခါတစ်ရံ ခံစစ်မှူးတွေရဲ့ အမှားအယွင်းတွေကြောင့် ရလဒ်ဆိုးရွားမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဝုဖ်ဘတ်တို့ကတော့ ရလဒ်ကောင်းအောင် ထိန်းသိမ်းနေပြီး ရမှတ်လိုအပ်ချက် မြင့်မားနေတာမို့ အဝေးကွင်းဆိုပေမယ့် ဝုဖ်ဘတ်တို့ကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

အင်ဂိုစတက်နှင့် ဟာသာဘာလင်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲစလုံး သရေဖြစ်ထားပါတယ်။ အခုတလော ပုံမှန်ခြေစွမ်းပြန်ရလာတဲ့ ဟာသာဘာလင်တို့က အင်ဂိုစတက်ကို ဖိအားပေး ကစားပါလိမ့်မယ်။ တိုက်စစ်မှူးတွေ အဆုံးသတ်အားနည်းတဲ့ အင်ဂိုစတက်တို့ ဒီပွဲမှာ အမြင့်ဆုံးမျှော်လင့်နိုင်တာက တစ်မှတ်ဖြစ်ပြီး အနိုင်ဆိုရင် ဧည့်သည်ဘက်က ရပ်တည်ရမှာဖြစ်ပါတယ်။

❑❑❑

မိုးမြင့်လင်းလက်

ဆီဗီလာကို ဒုတိယအကျော့မှာ အနိုင်ကစားမယ်ဆိုတဲ့ ဒီဘရိုင်း

မန်စီးတီးက နွေရာသီကာလမှာ ခေါ်ယူခဲ့တဲ့ ဒီဘရိုင်းက သူ့အနေဖြင့် မန်စီးတီးအသင်းကို ချန်ပီယံလီဂ်ဖလားရအောင် ကြိုးစားသွားမယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ မန်စီးတီးက ဆီဗီလာကို နှစ်ဝိုး-တစ်ဝိုးနဲ့ အနိုင်ရတဲ့ပွဲမှာ နောက်ကျဝိုးနဲ့ အနိုင်ရအောင် ဝိုးသွင်းယူပေးတဲ့ ဒီဘရိုင်းက ပြောဆိုလိုက်ပါတယ်။ မန်စီးတီးအသင်းက လာမယ့်အကျော့မှာ ဆီဗီလာရဲ့ကွင်းမှာ သွားရောက်ကစားရမှာဖြစ်ပါတယ်။ ဆီဗီလာကို သရေကစားဖို့ စပိန်ကိုသွားမှာ မဟုတ်ဘူးလို့ ဒီဘရိုင်းက ဆိုပါတယ်။ မန်စီးတီးက စပိန်မြေမှာ ဆီဗီလာကို အနိုင်ကစားပေးမယ်လို့ ဆိုပါတယ်။ ဆီဗီလာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုကောင်းတဲ့ အသင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ သုံးမှတ်အရယူသွားမှာပါလို့ ဒီဘရိုင်းက ဆိုပါတယ်။

ပြီးခဲ့တဲ့နွေရာသီက ဒီဘရိုင်းကို မန်စီးတီးက ပေါင် ၅၄ သန်းနဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တာပါ။ မန်စီးတီးအနေနဲ့ ထိုက်တန်တဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့အညီ ဒီဘရိုင်း ပြန်လည်ပေးဆပ်နေပါပြီ။ အဓိကတိုက်စစ်မှူးဖြစ်တဲ့ အဂူရိုရဲ့ ဆေးလ်ဗားတို့ ဒဏ်ရာရထားပေမယ့် မန်စီးတီးအသင်းသာ အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေတာ တွေ့ရပါတယ်။

ကောင်းမြတ်သူ ➢➢ စုစည်းသည်။

ဒိုလေးပွဲကို ဒိုကြီးလာအားပေး

ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုကို ပီအက်စ်ဂျီနဲ့ ရီးရဲမက်ဒရစ်တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့ ချန်ပီယံလီဂ်ပွဲမှာ အထူးဧည့်သည်တော်အဖြစ် ပီအက်စ်ဂျီက လက်ခံကြိုဆိုခဲ့ပါတယ်။ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒိုဟာ ပြင်သစ်ဝန်ကြီးချုပ်ဟောင်း နီကိုလတ်ဆာကိုဇီနဲ့အတူ ပတ်ဒက်ပရင့်ပွဲကြည့်စင်မှ အတူကြည့်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ရော်နယ်ဒိုကစားခဲ့တဲ့ အသင်းတွေထဲက တစ်သင်းဖြစ်ပါတယ်။ သူဟာ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရီးရဲမက်ဒရစ်အသင်းအတွက် ငါးနှစ်ကြာကစားပေးခဲ့ပြီး သူ့ရဲ့ခေတ်မှာ ရီးရဲမက်ဒရစ်အသင်းကို လာလီဂါဖလားဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ရော်နယ်ဒိုက ကမ္ဘာ့ဘောလုံးသမိုင်းမှာ ပေါ်တူဂီဘောလုံးသမားတစ်ဦးက သူ့ရဲ့အမည်နဲ့ ဆက်လက်အောင်မြင်မှုတွေရအောင်ကြိုးစားနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူလေးစားမိပါတယ်လို့ စီရော်နယ်ဒိုကို ရည်ရွယ်ပြောဆိုခဲ့ပါတယ်။ ရော်နယ်ဒိုဟာ ဘရာဇီးအသင်းနဲ့အတူ ၉စပွဲ ပါဝင်ကစားခဲ့ပြီး ၆၂ဂိုးသွင်းယူကာ ဘရာဇီးအသင်းကို ကမ္ဘာ့ဖလားနှစ်ကြိမ်ရယူပေးနိုင်ခဲ့ပါတယ်။

ဂိုးသွင်းဖို့ နှေးကွေးနေတယ်ဆိုတဲ့ ရွန်းနေ

မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ပြီးခဲ့တဲ့ စနေနေ့က အသက် ၃၀ ပြည့်သွားခဲ့ပါပြီ။ ရွန်းနေအနေနဲ့ အသက်အရွယ်အရရော အတွေ့အကြုံအရပါ ရင့်ကျက်တဲ့ တိုက်စစ်မှူးဖြစ်ပေမယ့် မန်ယူအတွက် ဂိုးတွေသွင်းပေးဖို့ လိုအပ်နေသေးတယ်လို့ မန်ယူကစားသမားဟောင်း ပေါစခိုးလ်က ပြောဆိုလိုက်ပါတယ်။

မန်ယူတိုက်စစ်မှူး ရွန်းနေအနေနဲ့ ဂိုးတွေသွင်းပေးဖို့ လိုအပ်နေတယ်ဆိုတာကို လက်ခံရမှာဖြစ်ပါတယ်လို့ ပေါစခိုးလ်က ဆိုပါတယ်။ မန်ယူနဲ့ စီအက်စ်ကေအေတို့ ကစားတဲ့ပွဲမှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။ အင်္ဂလန်သမိုင်းမှာ စံချိန်တင်ဂိုးသွင်းထားတဲ့ တိုက်စစ်မှူး တစ်ဦးအနေနဲ့ မကြာသေးမီက ရောက်ရှိလာတဲ့ မာရှယ်ရဲ့နောက်က လိုက်ကစားနေရတယ်လို့ ဆိုပါတယ်။ ရွန်းနေဟာ ဂိုးတွေသွင်းယူပေးဖို့ ဖိအားပေးခံနေရပါတယ်။

ခုတင် ၄၀၀ ဆံ့ ငါးထပ်ဆောင်သစ် မကြာမီဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၃

မြောက်ဥက္ကလာပ ဆေးရုံကြီးဝင်းအတွင်း ခုတင် ၄၀၀ ဆံ့ ငါးထပ်ဆောင်သစ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ငါးထပ်ပင်မအဆောင်သစ်မှာ ပေ ၇၀၊ ပေ ၂၅၀ ရှိပြီး ဗဟိုလေအေးပေးစနစ် ပါဝင်ကာ အဆင့်မြင့် ခေတ်မီပုံစံဒီဇိုင်းဖြင့် ဆောက်လုပ်ထားသည်။ ဆေးရုံအဆောင်သစ်အတွက် စက်ကိရိယာများ၊ ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် ဂက်စ်ပိုက်လိုင်းများနှင့် အခြားခေတ်မီစက်ကိရိယာများ ပါဝင်တပ်ဆင် ဆောင်ရွက်ထားရှိသည်။ အဆောင်သစ်တွင် အဆင့်မြင့် ဓာတ်လှေကားသုံးစင်းပါဝင်ပြီး ပြည်ပရှိ ဆေးရုံများမှ လမ်းညွှန်ချက်များကို လေ့လာကာ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှဥက္ကဋ္ဌ ဦးကိုကိုထွေးက "ဒီအဆောင်သစ်ဟာ နှလုံးရောဂါလာရောက်ကုသကြတဲ့ လူနာများအတွက် အလွန်အထောက်အကူပြုပါလိမ့်မယ်။ ဆရာဝန်တွေအတွက်လည်း ဆေးရုံအတွင်း တစ်နေရာနဲ့ တစ်နေရာ ခက်ခက်ခဲခဲ မသွားရတော့ပါဘူး။ ဒီအဆောင်သစ်အတွက် ဓာတ်ခွဲခန်းပစ္စည်းများနဲ့ CATH-LAB (နှလုံးရောဂါနှင့် ပတ်သက်သည့် ဆေးကုသမှုများ) ကိုတော့ နိုင်ငံတော်က ပေးအပ်တာပါ။ အဆောင်သစ် အဆောက်အအုံနဲ့ ကျွန်တဲ့ကျွန်းမာရေးပစ္စည်းများကိုတော့ လူနာများအဆင်ပြေစွာ ဆေးကုသနိုင်ရေးနှင့် အကျိုးရှိစေရေးအတွက် ကျွန်တော်တို့တော်ဝင်မိသားစုက လျှုဒါန်းလိုက်တာပါ" ဟု ပြောသည်။ မြောက်ဥက္ကလာပဆေးရုံကြီးတွင် စုစုပေါင်း နေ့စဉ် လူနာဦးရေ ၉၀၀ ကျော်ရှိနေပြီး ပြင်ပလူနာ ၆၀၀ ကျော်ရှိနေကြောင်း၊ ပြီးခဲ့သည့်နှစ်က နေ့စဉ် အတွင်းလူနာဦးရေ ၇၀၀ ကျော်ခဲ့ကြောင်းနှင့် ပြင်ပလူနာ ၅၀၀ ဝန်းကျင်သာရှိခဲ့သဖြင့် လာရောက် ကုသကြသည့် လူနာဦးရေ ပိုမိုများပြားလာကြောင်း သိရသည်။

စိုးဝင်း(SP)

ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် ခုတင် ၄၀၀ ဆံ့ ငါးထပ်ဆောင်သစ် အဆောက်အအုံကို တွေ့ရစဉ်။

အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်

လှိုင်းဘွဲ့ အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သြစတြေးလျကြက်ခြေနီအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်မှုအခြေခံရှေးဦးပြုစုခြင်းသင်တန်း Basic First Aid Training သင်တန်းကို အောက်တိုဘာ ၂၂ ရက်က လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဘားအံမြို့နယ် ကြက်ခြေနီအသင်းဦးစီးမှူးနှင့် မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌတို့က သင်တန်း၏ အနှစ်သာရများကို ရှင်းလင်းပြောကြားခဲ့သည်။

ကြက်ခြေနီအသင်း လှုပ်ရှားမှုများ၊ အဓိပ္ပာယ်နှင့် သင်္ကေတများ၊ အပူလောင်ခြင်း၊ အရိုးကျိုးခြင်း၊ အရိုးအဆစ်ကြွက်သား ဒဏ်ရာပြုစုနည်း၊ မြွေကိုက်ဒဏ်ရာ ပြုစုနည်း၊ ပတ်တီးစည်းနှောင်နည်း၊ အခြေခံအသက်ကယ် အထောက်အကူပြုစုနည်းတို့ကို အောက်တိုဘာ ၂၆ ရက်အထိ ငါးရက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိရစ္ဆာန်များအတွက် အာဟာရပေဒသင်တန်းဖွင့်

အထက်မင်းလှ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များအတွက် အာဟာရပေဒသင်တန်းကို အောက်တိုဘာ ၂၂ ရက်က မင်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဆိတ်မွေးမြူရေးခြံ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်အတွင်းရှိ နယ်မြေခြောက်ခုမှ နယ်မြေတစ်ခုလျှင် ငါးဦး စုစုပေါင်း ၃၀ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(အထက်မင်းလှ)

မိတ္ထီလာမြို့ပေါ် ရပ်ကွက်အတွင်းရှိ လမ်းများ အဆင့်မြှင့်တင်

မိတ္ထီလာ အောက်တိုဘာ ၂၃

မိတ္ထီလာမြို့ရှိ ရပ်ကွက်နေပြည်သူများ သွားလာရ အဆင်ပြေစေရန် ရပ်ကွက်တွင်း လမ်းများအား ကတ္တရာခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေအား တင်ဒါစနစ်ဖြင့် မင်္ဂလာဇေယျုလမ်းမြို့သစ်(မြောက်) ရပ်ကွက်၌ အရှေ့အနောက် ဆက်သွယ်သွားလာသည့် ပြည်သာယာမြောက် (၄)လမ်းနှင့် (၂)လမ်းမှ ပြည်ထောင်စုလမ်းမကြီးအထိ အကျယ် ၁၂ ပေ အမြင့်ကိုးလက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းများ ပြီးစီး၍ ကျန်ရှိသည့် ဝမ်းတော်ပြည့် တိုးချဲ့ပညာဘဏ်ငါးလမ်းနှင့် ဝန်ဇင်းကန်ပေါင်မှ ရန်မျိုးအောင် (၁၁၃- ပန်းသပြေ) လမ်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၄င်းအပြင် နန်းတော်ကုန်းရပ်ကွက် မကျီးကုန်းလမ်းမှ ချမ်းအေးသာယာ အဝင်လမ်းအထိ ကတ္တရာထပ်ပိုးခြင်းနှင့် တိုးချဲ့ခြင်း၊ ရတနာမာရ်အောင်ဘုရားမှ ရွှေပြည်စိုးအထိ ကတ္တရာထပ်ပိုးခြင်း ရန်မျိုးအောင်ရပ်ကွက်မှ ယုဇနလမ်း၊ နန်းတော်ကုန်းရပ်ကွက်မှ အနော်ရထာလမ်း၊ အာသာဝတီလမ်းမှ ပေါက်ချောင်းဓမ္မာရုံထိပ်အထိနှင့် ကန်လေးကုန်းလမ်း (မန္တလေးလမ်းမှ ဘူတာဟောင်းလမ်း)များကို ကတ္တရာထပ်ပိုးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယခင်က မြို့ပေါ်ရပ်ကွက်အတွင်းရှိလမ်းများ၌ အဆင်မပြေမှုများ ကြုံတွေ့နေရာမှ သွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသူရက ပြောကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မြို့နယ် တိုင်းရင်းဆေးကုဌာနဖွင့်ပွဲကျင်းပ

မိုးမောက် အောက်တိုဘာ ၂၃

ကချင်ပြည်နယ် မိုးမောက်မြို့ မြို့နယ်တိုင်းရင်းဆေးကုဌာန ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျင်းပရာ ကချင်ပြည်နယ် သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးအောင်နိုင်နှင့်အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွေးနုံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဌေးက တိုင်းရင်းဆေးပညာရပ်အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနအတွက် ဆေးပဒေသာပင်လှုဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

မြိတ် အောက်တိုဘာ ၂၃

အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ စိတ်ဝင်တစား အားပေးကစားလာသော အားကစားနည်းတစ်မျိုးဖြစ်သည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားကို ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်၍ မြိတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်က မြိတ်ခရိုင် အားကစားခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲမစတင်မီ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲစတင် ကျင်းပခဲ့ရာ မဟာ(က)ကလပ်အသင်းက စတင် ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ခရိုင် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

JASMINE PALACE HOTEL

ရန်ကုန်မြို့၏အသဲနှလုံးအချက်အချာကျသည့် နေရာတွင် တည်ရှိသည့် နိုင်ငံတကာအဆင့်မီ " JASMINE PALACE HOTEL"အား ၂၀၁၅ ခုနှစ် အောက်တိုဘာလ(၂၀) ရက်နေ့တွင် ဖွင့်လှစ်လိုက်ပါသည်။

Starting in October 20th 2015, experience the world-class comfort of Jasmine Palace Hotel, Yangon's newest luxury hotel.

Located in the heart of Yangon, Jasmine Palace Hotel is conveniently close to the city's best attractions.

ဒဂုံ/မြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊မြေကွက်အမှတ်(၅၆)၊မြေကွက်တည်နေရာအမှတ်(၇၆)သင်းဝင်လမ်း၊၁၃ဝ/မြောက်ပြီး မောင်ဝေသန်း(TGK-၀၃၅၇၃၁)အမည်ပေါက်၊နေ့စိ(၆၀)ဂရမ်မြေအားအမည်ပေါက်ပြီး မောင်ဝေသန်းစာမေးပွဲဖြစ်သူ၊ခေါင်းမိုရ်(၁၂/မရက(နိုင်)၀၁၈၄၂၂)မှတိုင်ပြီးကြောင်းကြေငြာစာချုပ်-၅၄၀/၃၀-၁-၁၅နှင့် နစ်(၆၀)ဂရမ် လျှောက်ထားကြောင်း၊လုပ်ကွက်ဧရိယာ၊ပေးမှုနှုန်း၊ထောက်ပံ့စာ၊ရဲခန်း၊ထောက်ခံစာ၊ဂရန်လျှောက်ဆုံးကြောင်း၊ကျမ်းကျိန်လွှာ(၅-မြ-၁၅)မှားတင်ပြခဲ့ဂဂန်မိမိတွေးလျှောက်ထားရာ၊ဤဌာနမှ၊ဂရန်မိတ္တူနှင့်ပြုပြင်ပါရှိယခင်ထုတ်ပေးထားသည် မြေတိုင်းစာချုပ်အမှတ်-၈၇၄/သစ်လုပ်ငန်း/၃၃ ပါ၂နှစ်(၆၀)ဂရမ်မှရင်းစာချုပ်အားပယ်ဖျက်ပြီး ပြန်ကြောင်းအသိပေးကြော်ငြာအစပ်ပါသည်။

ဦးမျိုး၊ ဖြိုပြစ်မိဘ်ပိုးနှင့်မြေစိမ်ခန့်ခွဲဦးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ဓင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ Hi၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၅၄၊ မြေကွက်တည်နေရာ အမှတ် ၂၇၊ အထက်မန္တလေးလမ်းသွယ် (၂)လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မဂ်လာတောင်ညွှန့်မြို့နယ် ဒေါအုန်းတင် ၁၂/မဂတ(နိုင်)၀၂၅၀၈၆ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါအုန်းတင်(မိခင်)နှင့် ဦးတင်အောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးတင်ဝင်းအောင် ၁၂/ လမန(နိုင်)၁၂၀၁၁၊ (၂) ဦးစိန်ဝင်းအောင် ၁၂/မဂတ(နိုင်)၀၂၄၈၄၄(၃) ဦးကျော်မင်းအောင် ၁၂/မဂတ (နိုင်) ၀၆၈၅၅၊ (၄) ဦးသာဆန်းအောင် ၁၂/ မဂတ(နိုင်)၀၈၀၆၆၁၊ (၅) ဒေါသီတာအောင် ၁၂/မဂတ(နိုင်)၀၂၄၈၅၅၊(၆)ဒေါနီလာအောင် ၁၂/မဂတ(နိုင်)၀၂၄၈၅၆တို့က မိဘများထွင့် ၄င်းတို့သားသမီးခြောက် ဦးသာ ဝေးဖွားကြောင်းနှင့် သားသမီးများ တော်စပ်ကြောင်း ကျွမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ဝိုင်ဆိုင်ကြောင်းစာချုပ်ရရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်.ကွက်နိုင်ပါကြောင်းနှင့် ကန့်.ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် (၂၃ခိုင်)၊မြေကွက်အမှတ် V Class 65၊ မြေကွက်တည်နေရာအမှတ်၁၇၊ ဧရာဝတီ လမ်း၊ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးဝေ လင်း(ခ)ချောင်ချင်ပို အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝေ လင်း(ခ)ချောင်ချင်ပို ကွယ်လွန်သဖြင့် ဒေါခင်ရီ(ခ)စုဆွေလင် ၁၂/အလန(နိုင်) ၀၃၅၅၂၀၈ တစ်ဦးတည်းသောဇနီးတော် စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာနှစ်စောင်၊ အိမ်ထောင်စုစာ ရင်း၊ ၂၈-၇-၂၀၁၅ရက် ဦးဝေလင်း(ခ) ချောင်ချင်ပို သေဆုံးကြောင်းသေစာရင်း၊ ဂရန်၊ မှတ်ပုံတင်တို့ တင်ပြ၍ ပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်. ကွက်နိုင်ပါကြောင်းနှင့် ကန့်.ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၃၈)၊ မြေကွက်အမှတ် (၆၄၀)၊ မြေကွက်တည်နေရာ အမှတ် (၆၄၀) (၁၃၈) ရပ်ကွက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးမြသောင်း (၁၂/ဥကမ(နိုင်)၀၆၅၇၀၉) ၁၈အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြသောင်းထံမှ အရှင်ကတိစာချုပ် ဖအဆက်ပ်ဖြင့် ဝယ်ယူခဲ့သူ မောသောင်(ခ)ဒေါကြူကြောင်း (၁/ပဟစ(နိုင်)၀၇၉၉၀၅) မှ ပါမစ်လျှောက်ဆုံးကြောင်း ရပ်ကွက်တာ၀န်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဘဏ်အကြိန်လွှာ၊ ကိုယ်တိုင်ကတိခန်ခံချက်တို့အင်ပြည်၌ ပါမစ်လျှောက်ဖြင့် ဂရန်သစ်လျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်.ကွက်နိုင်ပါ ကြောင်းနှင့် ကန့်.ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၂၊ မြေကွက်အမှတ် (၄၈-ခ)၊ အမည်ပေါက် ဦးအေးလှိုင် HGU-130591 ၏ မြေချစလစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမြိမိမင်းသူ ၁၂/သဃက(နိုင်)၁၈၂၅၇၈ က မြေချပါ မစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည်ရက်မှ ၁၅ရက် အတွင်း ဤဦးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်.ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်.ကွက်ခြင်းမရှိပါက ၄င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်း တင်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
ဖြိုပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန်.ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်သကမ ၄မြေကွက်အမှတ်၃၄၂/ခ၊ မြေကွက်တည်နေရာအမှတ် ၃၄၂/ခ၊ မင်း ဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့ နယ် (ဦးစိုးမြင့်)အမည်ပေါက် ပါမစ်မြေ အား ဦးစိုးမြင့်ထံမှ အရပ်ကတိ အရောင်း စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းကိုကို ၈/နမန(နိုင်)၁၀၅၆၅၈၈ ပါမစ်ပျောက် ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ကိုယ် တိုင်ဝန်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ ရပ် ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေဌားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနှစ်ရက် အတွင်း ကန့်.ကွက်နိုင်ပါကြောင်းနှင့် ကန့်.ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၂၊ မြေကွက်အမှတ် (၄ခ)၊ အမည်ပေါက် ဦးအေးလှိုင် HGU-130591 ၏ မြေချစလစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမြိမိမင်းသူ ၁၂/သဃက(နိုင်)၁၈၂၅၇၈ က မြေချပါ မစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည်ရက်မှ ၁၅ရက် အတွင်း ဤဦးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်.ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်.ကွက်ခြင်းမရှိပါက ၄င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်း တင်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၁၃၈)၊မြေကွက်အမှတ်(၁၄၃)၊မြေကွက် တည်နေရာအမှတ်(၁၄၃)၊ရပ်ကွက်၊ဒဂုံမြို့ သစ်အရှေ့ပိုင်းမြို့နယ်ဦးတင်ရွှေအမည်ပေါက် ပါမစ်မြေအား၊ပါမစ်အမည်ပေါက်ကိုယ်တင်ရွှေ(၁၃/နမတ(နိုင်)၀၀၉၁၀၆)ထံမှအထွေထွေကိုယ်စား လှယ်လွှဲစာအမှတ်(၄၄၅၁-၁/၃-၄-၁၅)ဖြင့်ရသူ ဒေါခင်ရီလှ(ခ)ဦးသန်း(၁၂/ဂဝ(နိုင်)၀၁၆ဂ၆ ၆)ပါမစ်ပျောက်ဆုံးကြောင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ရဲစခန်း၊ထောက်ခံချက်၊ ကျွမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိခန်ခံချက်နှင့်ပါ၀ါပေးသူ သက်သိထင်ရှားရှိကြောင်းနှင့်ပါ၀ါမှပ်ပေါ်ပေးသူ ကြောင်း၊ကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ် ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာတရား ဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက် အတွင်းကန့်.ကွက်ပါကြောင်းနှင့်ကန့်.ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၂၊ မြေကွက်အမှတ် (၄ခ)၊ အမည်ပေါက် ဦးအေးလှိုင် HGU-130591 ၏ မြေချစလစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမြိမိမင်းသူ ၁၂/သဃက(နိုင်)၁၈၂၅၇၈ က မြေချပါ မစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည်ရက်မှ ၁၅ရက် အတွင်း ဤဦးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်.ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်.ကွက်ခြင်းမရှိပါက ၄င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်း တင်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဗိုလ်ချုပ်)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၂၊ မြေကွက်အမှတ် (ခ)၊ အမည်ပေါက် ဦးအေးလှိုင် HGU-130591 ၏ မြေချစလစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမြိမိမင်းသူ ၁၂/သဃက(နိုင်)၁၈၂၅၇၈ ၏ မြေချပါ မစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည်ရက်မှ ၁၅ရက် အတွင်း ဤဦးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်.ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်.ကွက်ခြင်းမရှိပါက ၄င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်း တင်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ မြေကွက်အမှတ်-၅ အတွင်းမှ တစ်စိတ် တစ်ဒေသ-၅/၂၃၊ ဆန့်မန်းစမ်ယာ (၀.၀၁၉)ဧက ခန့်၊ မြေကွက်တည်နေရာ၊ အမှတ် (၁၉/၂)၊ ကဲလမ်း (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေ အမျိုးအစား- အစိုးရမြေ၊ အမည်ပေါက်- ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အရောင်းအရမ်းတင်စာချုပ်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ တင်ပြ၍ ဒေါသန်းသန်းရွှေ (၁၂/ကမရ (နိုင်) ၀၂၁၉၂) မှနှစ်(၆၀) မြေဌားစာချုပ်(ဂရန်) လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်.ကွက်နိုင်ပါ ကြောင်းနှင့် ကန့်.ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
ဖြိုပြစ်မိဘ်ကိုး၊နှင့် မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၁၃၈)၊မြေကွက်အမှတ်(၁၄၃)၊မြေကွက် တည်နေရာအမှတ်(၁၄၃)၊ရပ်ကွက်၊ဒဂုံမြို့ သစ်အရှေ့ပိုင်းမြို့နယ်ဦးတင်ရွှေအမည်ပေါက် ပါမစ်မြေအား၊ပါမစ်အမည်ပေါက်ကိုယ်တင်ရွှေ(၁၃/နမတ(နိုင်)၀၀၉၁၀၆)ထံမှအထွေထွေကိုယ်စား လှယ်လွှဲစာအမှတ်(၄၄၅၁-၁/၃-၄-၁၅)ဖြင့်ရသူ ဒေါသန်းသန်းရွှေ(၁/ဂဝ(နိုင်)၀ဝ၆ဝ၆)ပါမစ် ပျောက်ဆုံးကြောင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ရဲစခန်း၊ထောက်ခံချက်၊ကျမ်းကျိန် လွှာ၊ကိုယ်တိုင်ကတိခန်ခံချက်နှင့်ပါ၀ါပေးသူ သက်သိထင်ရှားရှိကြောင်းနှင့်ပါ၀ါမှပ်ပေါ်ပေးသူ ကြောင်း၊ကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ် ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာတရား ဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက် အတွင်းကန့်.ကွက်ပါကြောင်းနှင့်ကန့်.ကွက်မှု မရှိပါ၊ကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်.ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၆ယ/၅၂၃၁ Honda Wave125(M/C) ယာဉ်လက်ဝယ် ရှိသူ ဒေါမိမိ ၁၄/ပသန(နိုင်)၂၃၃၀၀၁ က (ကမ-၃)စာအုပ် ပျောက်ဆုံးသွား ပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်.ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိယ်တိုင်လာရောက်ကန့်.ကွက်နိုင်ပါသည်။

ကည၅၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ကန်.ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဗိုလ်ချုပ်)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၂၊ မြေကွက်အမှတ် (ခ)၊ အမည်ပေါက် ဦးအေးလှိုင် HGU-130591 ၏ မြေချစလစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးမြိမိမင်းသူ ၁၂/သဃက(နိုင်)၁၈၂၅၇၈ ၏ မြေချပါ မစ်ပြုလုပ်ရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည်ရက်မှ ၁၅ရက် အတွင်း ဤဦးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်.ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်.ကွက်ခြင်းမရှိပါက ၄င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်း တင်သွင်းခြင်းကိစ္စအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖြိုပြစ်မိဘ်ကိုး၊နှင့်မြေစိမ်ခန့်ခွဲမှုဌာန
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နည်းပြချုပ် အဲရစ်ဝီလျံ၏ အုပ်ချုပ်မှုဖြင့် အာဆီယံယူ-၁۷ ပြိုင်ပွဲတွင် ဂြေတံဆိပ်ဆွတ်ခူးပေးခဲ့သော ယူ-၁۷ အသင်း လူငယ်ကစားသမားများ။

ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည် မြန်မာ ယူ-၂၁ အမျိုးသားအသင်းသစ် စတင်ဖွဲ့စည်း

သတင်း
မောင်စိန်လွင်
(မြန်မာ့အလင်း)
ဓာတ်ပုံ-မိုးမခ

ရန်ကုန် အောက်တိုဘာ ၂၃

ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် အမျိုးသား အသက် ၂၁ နှစ်အောက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အမျိုးသား ဘောလုံးအသင်းသစ်ကို စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း မြန်မာ့နိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ယနေ့ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ယနေ့စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည့် မြန်မာယူ-၂၁ အမျိုးသားအသင်းသစ်ကို ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းမှ မောင်မောင်လွင်၊ မျိုးကိုထွန်း၊ ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ ရန်နိုင်ဦး၊ သီဟထက်အောင် တို့နှင့်အတူ အာရှယူ-၁၉ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းမှ ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ရဲရင့်အောင်၊ စိုးမိုးထွန်း၊ ဇင်ဖြိုးအောင်၊ အောင်မိုးသူ၊ ထူးခန့်လွင်နှင့် အောင်ဇင်ဖြိုးတို့အပြင် ယူ-၂၃ အသင်းတွင် ခြေစွမ်းပြကစားခဲ့သည့် ကောင်းဆက်နိုင်ကိုလည်း ထည့်သွင်းပြန်လည်ရွေးချယ်ထားကြောင်းသိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

ယနေ့

ဖတ်စရာ

ကမ္ဘာ့ပထမဆုံးသော တိုင်းရင်းသားလူမျိုးများ အားကစားပွဲ နိုင်ငံပေါင်း ၃၀ ကျော်မှ အားကစားသမားများပါဝင် စာမျက်နှာ-၄

၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်ရန် ပုံစံ (၃-က)ဖြင့် လျှောက်ထားလာမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း စာမျက်နှာ-၅

ရွေးကောက်ပွဲကာလ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသည် ၁၉၆၁ ဗီယင်နာ ကွန်ဗင်းရှင်းပါ အိမ်ရှင်နိုင်ငံ ပြည်တွင်းရေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန်လိုအပ် စာမျက်နှာ-၅

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) ယနေ့စတင်မည်

သတင်း-ရဲရင့်ရွှင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ကို အောက်တိုဘာ ၂၄ ရက်(ယနေ့)စတင်ကျင်းပမည်ဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံအသင်း ထွက်ပေါ်ပြီးဖြစ်သော်လည်း တန်းဆင်းဇုန်အပါအဝင် ကျန်အဆင့်ရပ်တည်မှုများအတွက် လက်ကျန်ပွဲများမှာ အရေးပါနေဆဲ ဖြစ်သည်။

ပွဲစဉ်(၂၁)အဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်း၊ တောင်ကြီးကွင်း၌ကမ္ဘာဇ အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရန်ကုန်အသင်း၊

စာမျက်နှာ ၁၄ ကော်လံ ၆ ❖

မကွေးနှင့်နေပြည်တော်ရှိ ပထမအကျော့တွေ့ဆုံခဲ့စဉ်။

အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံ လွှာများ၂၀၁၁-၂၀၁၅ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်မြို့-ခွဲခန်း-အမှတ်(၅၃)၊ နေတော်ဆောက်လမ်းသွယ်(၁)၊ ဝဲလိုချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ စာတည်းအဖွဲ့ ၀၁-၅၄၁၄၂၊ ၀၁-၅၄၁၄၃ ဖုန်း ၀၁-၅၄၁၄၅ ကြေးနန်း ၀၁-၅၄၁၄၆။
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၁၄၀၊ ၀၁-၅၄၁၄၁ ဖုန်း ၀၁-၅၄၁၄၅ ကြေးနန်း ၀၁-၅၄၁၄၆။
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

မြန်မာ့အလင်း

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁–၂၀၁၅

ညီညီညွတ်ညွတ်လုပ်ကြ

အစိုးရနဲ့ ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် ညီညီညွတ်ညွတ် တိုင်းပြည်စီးပွားရေးတိုးတက်အောင်လုပ်ကြဖို့ လိုပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေရင်း တစ်ဖက်ကလည်း ပြည်သူတွေ လတ်တလောလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးရေးနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးတို့ကို တစ်ပြိုင်နက် ဦးစားပေးဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ (နိုင်ငံတော်သမ္မတ ၏ ၂၀၁၅ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အောက်တိုဘာ ၂၄၊ ၂၀၁၅ (စနေနေ့)

နိုင်ငံ့စီးပွားအတွက် တွင်းထွက်စက်မှုကုန်ကြမ်းနှင့် ကျောက်မျက်များ ပိုမိုထုတ်လုပ်နိုင်

သတ္တုတွင်းဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံတော်၏ စီးပွားရေးဖော်ဆောင်မှု မူဝါဒများနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုဆိုင်ရာ မူဝါဒရေးဆွဲ၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပုလဲ မိုမီ ၁၅ သန်းကျော်

သတ္တုတွင်းဝန်ကြီးဌာန၏ တွင်းထွက်စက်မှုကုန်ကြမ်းထုတ်လုပ်မှုလျာထားချက် ၄၅၂၉၆၈ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၇၀၃၉၀၈၉ ဒသမ ၁၄ မက်ထရစ်တန်၊ ကျောက်မျက်ထုတ်လုပ်မှု လျာထားချက် ကရက်ထောင်ပေါင်း ၄၃၉၈၈ ကရက်တွင် အမှန်ထုတ်လုပ်နိုင်မှု ကရက်ထောင် ပေါင်း ၅၂၈၃၁ ကရက် ၊ ပုလဲထုတ်လုပ်မှု လျာထားချက် ၁၃၂၅၆၂ ဒသမ ၇၃ မိုမီတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၀၆၈၅ ဒသမ ၇၂ မိုမီတို့ကို ထုတ်လုပ်နိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

သတ္တုထုတ်လုပ်မှုလျာထားချက် ၅၄၆၀၁၆ ဒသမ ၅၂ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၃၂၉၄၀၉ ဒသမ ၀၄ မက်ထရစ်တန်၊ ရွှေထုတ်လုပ်မှု လျာထားချက် ၂၁၉၆၇၈ ဒသမ ၀၉ ထရိုင်အောင်စတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၈၉၅ ဒသမ ၈၃ ထရိုင်အောင်စ၊ ကျောက်စိမ်းထုတ်လုပ်မှု လျာထားချက် ကီလိုထောင်ပေါင်း ၁၇၅၃၄၅ ကီလိုတွင် အမှန်ထုတ်လုပ်နိုင်မှု ကီလိုထောင် ပေါင်း ၁၀၆၅၀၁ ကီလို ထုတ်လုပ်နိုင်ခဲ့သည်။

ကျပ်သန်းပေါင်း တစ်သန်းကျော်

သတ္တုတွင်းဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှ ဝင်ငွေရရှိမှုမှာ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၆၂၄၃၃ ဒသမ ၅၈ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၈၆၆၀၆ ဒသမ ၅၃ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၂၆၃၈၆၈ ဒသမ ၇၀ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၂၈၄၄၆၃ ဒသမ ၅၈ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၃၀၅၂၅၂ ဒသမ ၅၀ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၃၁၁၂၅ ဒသမ ၆၉ သန်း ဖြစ်သည်။

လေးနှစ်တာကာလအတွင်း စုစုပေါင်း ဝင်ငွေ လျာထားချက်မှာ ကျပ်သန်း ပေါင်း ၉၄၁၈၀၅ ဒသမ ၉၉ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၁၁၀၃၇၇၇ ဒသမ ၄၁ သန်း ဖြစ်သည်။

စာမျက်နှာ (၁)သို့

သတ္တုတွင်း ဝန်ကြီးဌာန

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တူးဖော်ထုတ်လုပ်လျက်ရှိသည် စံပယ်တောင် ကြေးစင်တောင်စီမံကိန်း လုပ်ငန်းခွင်။ ဓာတ်ပုံ-MYTCL

လမ်းတံတား၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဘက်ပေါင်းစုံဖွံ့ဖြိုးရေးကြိုးပမ်းလျက်ရှိ

မုံရွာမြို့နေ ဝန်ထမ်းများအတွက် အဌားချထားသော နန္ဒဝန်အိမ်ရာကို တွေ့ရစဉ်။ ဓာတ်ပုံ-မြတ်မွန်ဆွေး

ဆောက်လုပ်ရေးဝန်ကြီးဌာန

အိမ်ရာစီမံကိန်းများ

၂၀၁၀-၂၀၁၂ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဝင်ငွေနည်း ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကိုအဓိကထား၍ တန်ဖိုးနည်းအိမ်ရာများကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည့်အပြင် ဝင်ငွေအလယ်အလတ်ရှိ ပြည်သူများအတွက် တန်ဖိုးသင့် အိမ်ရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ တန်ဖိုးမြင့်အိမ်ရာများ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာများ

(၁) အပိုင်း (၁) ၆ ခန်းတွဲ ၄ ထပ် ၃၂ လုံး ပေါင်း ၇၆၈ ခန်း
(၂) အပိုင်း (၂) ၈ ခန်းတွဲ ၄ ထပ် ၁၆ လုံး ပေါင်း ၄၉၆ ခန်း
(၃) အပိုင်း (၃) ၆ ခန်းတွဲ ၄ ထပ် ၂၀ လုံး ပေါင်း ၅၀၄ ခန်း
စုစုပေါင်း ၁၇၆၈ ခန်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ၁၄ ရပ်ကွက် တန်ဖိုးနည်းအိမ်ရာများ

(၁) ၄ ခန်းတွဲ ၃ ထပ် ၅ လုံး ပေါင်း ၆၀ ခန်း
(၂) ၄ ခန်းတွဲ ၄ ထပ် ၇ လုံး ပေါင်း ၁၁၂ ခန်း
(၃) ၈ ခန်းတွဲ ၄ ထပ် ၁၄ လုံး ပေါင်း ၄၄၈ ခန်း
စုစုပေါင်း အခန်း ၆၂၀

စာမျက်နှာ (၈)သို့

ပြည်သူ့အတွက်ကြီးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅

စနေ၊
အောက်တိုဘာ ၂၄၊ ၂၀၁၅

ရှေ့ဖုံးမှ

အခြေခံနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နှိုင်းယှဉ်ပါက တိုးတက်မှုရာခိုင်နှုန်းမှာ ၃၂.၈ ဒသမ ၅၁ ဖြစ်သည်။

ကျောက်မီးသွေး ရှာဖွေစမ်းသပ်တွက်ချက်

သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်မီးသွေး ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်း) ဒေသများတွင် ရှာဖွေခဲ့ရာ (သ-၂) အဆင့် ကျောက်မီးသွေးတန်ချိန် ၁ ဒသမ ၀၁ သန်းမက်ထရစ်တန်၊ (သ-၃) အဆင့် ကျောက်မီးသွေးတန်ချိန် ၄၃ ဒသမ ၄၁ သန်းမက်ထရစ်တန်၊ (သ-၄) အဆင့် ကျောက်မီးသွေးတန်ချိန် ၁ ဒသမ ၂၅ သန်း မက်ထရစ်တန်၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မဟူတောင်-ကျောက်တောင် ဝန်းကျင် ဒေသတွင် (သ-၃)အဆင့် တန်ချိန် ၀ ဒသမ ၀၃ သန်းမက်ထရစ်တန်နှင့် (သ-၄)အဆင့် ကျောက်မီးသွေးတန်ချိန် ၀ ဒသမ ၁၅ သန်းမက်ထရစ်တန်တို့ကို ရှာဖွေ စမ်းသပ်တွက်ချက်နိုင်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၁ သန်းကျော်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ကုမ္ပဏီ ၁၁ ခုနှင့် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၉၁ ဒသမ ၅၈ သန်း ဖြစ်သည်။

ကျပ်သန်းပေါင်း သုံးသောင်းကျော်

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် လုပ်ကွက် ၁၀၆၅ ခုတွင် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် သန်းပေါင်း ၃၂၄၀၀ နှင့် အမေရိကန်ဒေါ်လာ ၆သန်း ဖြစ်သည်။

ပြည်ပပို့

ပြည်ပပို့ကုန်တင်ပို့ရောင်းချမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၆ ဘဏ္ဍာနှစ် စက်တာဘာလအထိ ကာလအတွင်း သတ္တု၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်မှုကဏ္ဍများမှ ကျပ်သန်းပေါင်း ၃၇၆၀၉၃၄ ဒသမ ၂၂ သန်း တန်ဖိုးရှိ ပစ္စည်းများ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ပွင့်လင်းမြင်သာမှု (EITI) ဖော်ဆောင်

၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာ EITI ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) အဖြစ် လက်ခံခဲ့ရာ (၄၅) နိုင်ငံမြောက် အပြည်ပြည်ဆိုင်ရာ EITI အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်မှ စံချိန်မီအဖွဲ့ဝင်နိုင်ငံ (Compliant Country) အဖြစ် ဝင်ရောက်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပထမဆုံး အစီရင်ခံစာကို ရေးသားတင်ပြနိုင်ရန် သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်

ကျောက်စိမ်း /ကျောက်မျက် တူးဖော်ရာဒေသများ ရေကြီးရေလျှံမှု မဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် မိုးကုတ်ရတနာနယ်မြေတွင် ရေနီချောင်းအတွင်းမှ တန်ချိန် ၃၉၃၅၅.၉ တန်ခန့်၊ ကုဗပေပေါင်း ၇၀၄၈.၂၀၀ ခန့် အလေးချိန်ရှိ မုံကနယ်၊ သဲနုန်း၊ မြေစာများကို ဆယ်တင်ရှင်းလင်းခဲ့သည်။

လုံးခင်းရတနာနယ်မြေတွင် ဥရုချောင်းနှင့် ချောင်းလက်တက်များ အတွင်းရှိ သဲ၊ ကျောက်၊ မြေစာတန်ချိန် ၁.၂ ဒသမ ၃၀ တန်ခန့်၊ ကုဗပေပေါင်း ၁၈၅၅.၂ ဒသမ ၁၆၃ ပေခန့် ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

ဥရုချောင်းကမ်းပါးများ ပြိုကျခြင်းကို ထိန်းသိမ်းသည့်အနေဖြင့် သဲ၊ ကျောက်၊ မြေသားတန်ချိန် ၅.၅၆၃.၄ တန်၊ ကုဗပေ ၉၆၈၆.၄ ပေ တို့ဖြင့် တာပေါင်းများ ပြုလုပ်နိုင်ခဲ့သည်။

မိုးကုတ်ရတနာ နယ်မြေ ၁၀ ခုတွင် ပျိုးဥယျာဉ် ၁၀ ခု တည်ဆောက်၍ ပျိုးပင်ပေါင်း ၃၉၉၀၀ ပျိုးထောင်ထားပြီး ၂၄.၇.၇ ကို မြေဧရိယာ ၄၄ ဒသမ ၅၀ ဧကတွင် စိုက်ပျိုးပြီးစီးခဲ့သည်။

စပယ်တောင် ကြေးစင်တောင်စီမံကိန်းတွင် ကျွန်းမျိုးစေ့ ၁၀၀၀ ကို ပျိုးထောင်ခဲ့ပြီး အပင်စိုက်ရန် တွင်းပေါင်း ၃၉.၄.၀ တူးဖော်ခဲ့သည်။ ပြည်တွင်း



၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ ခေတ်သတ္တုထုတ်လုပ်မှု



၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သတ္တုတွင်းဝန်ကြီးဌာန၏ ဝင်ငွေရရှိမှု

သတ္တုတူးဖော်သော ကုမ္ပဏီများအနေဖြင့် လုပ်ကွက်များတွင် အရိပ်ရပင်များ၊ စားပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးဆောင်ရွက်စေလျက်ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီး

ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတစ်ဝန်းရှိ ဓာတ်သတ္တုထုတ်လုပ်ထွက်ရှိရာ နေရာဒေသများ၌ သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ချထားပေးခဲ့ရာ အမျိုးသား ၅၂.၂၀၄ ဦး၊ အမျိုးသမီး ၉၉.၂၄ ဦး၊ စုစုပေါင်း ၆.၁.၈ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရတနာနယ်မြေများဖြစ်သော လုံးခင်း၊ ဖားကန့်ဒေသတွင် ၁၁.၀.၂ ဦး၊ ခန္ဓီးတွင် ၂.၅ ဦး၊ မိုးကုတ်တွင် ၉.၁၆.၁ ဦး၊ မိုင်းချူးတွင် ၉.၅.၃ ဦး၊ မိုးညှင်းတွင် ၁၄.၂.၅ ဦး စုစုပေါင်း ၂.၄.၅.၀ ကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်

လုံးခင်း-ဖားကန့် ရတနာနယ်မြေတွင် ကျောက်မျက်လုပ်ငန်းရှင်အသင်းနှင့် ကုမ္ပဏီများက တံတားပြုပြင်ရန် ငွေကျပ် ၇.၄.၃ ဒသမ ၄.၄ သိန်းနှင့် လမ်းပြုပြင်ရန်အတွက် ငွေကျပ် ၅.၆.၅ သိန်း၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ကုမ္ပဏီများ စုပေါင်း၍ ရွာချင်းဆက်ကတ္တရာလမ်းဖောက်လုပ်ခြင်းအတွက် ငွေကျပ် သိန်း ၁.၂.၀၊ ခန္ဓီးရတနာနယ်မြေတွင် လမ်းပြုပြင်ရန်အတွက် ငွေကျပ် ၁၀.၃ ဒသမ ၆၀ သိန်း၊ မိုင်းချူးရတနာနယ်မြေတွင် တံတားဆောက်လုပ်ရန်အတွက် ငွေကျပ် ၁.၁ သိန်းနှင့် လမ်းပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို လျှုဒါန်းဆောင်ရွက်ပေးနိုင်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၁.၅.၈.၃ ဒသမ ၀.၄ သိန်း ကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဖားကန့်ရတနာနယ်မြေမှ ကျောက်မျက်ကုမ္ပဏီများ၏ တူးဖော်မှုလုပ်ငန်းခွင်။ ဓာတ်ပုံ-စိုးနိုင်ဦး

ရေရရှိရေး ထောက်ကူ

မိုးကုတ်ဒေသတွင် ရေပိုက်လိုင်းနှင့် ကျေးရွာသုံးရေကန် ဆောက်လုပ်ပေးခြင်းများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၄.၈.၀ကို ကုမ္ပဏီများက လျှုဒါန်း၍လည်းကောင်း၊ ထီးချိုင့်ဒေသတွင် ရေတွင်းတူးရန် တန်ဖိုး ငွေကျပ်သိန်း ၆.၀ ကိုလည်းကောင်း၊ တကောင်းနီကယ်လ်စက်ရုံ ပတ်ဝန်းကျင်ကျေးရွာများကို အခမဲ့ရေပေးဝေခြင်းအတွက် လျှုဒါန်းငွေကျပ် ၂.၅.၈ ဒသမ ၄.၀ သိန်းကိုလည်းကောင်း ဆောင်ရွက်ပေးရန် စည်းရုံးနိုင်မှုကြောင့် ပြည်သူများ ရေရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေခဲ့သည်။

လျှပ်စစ်မီးရရှိရေး

သပိတ်ကျင်းဒေသနှင့် ထီးချိုင့်ဒေသတွင် အမေရိကန်ဒေါ်လာ ၃.၅.၀.၀ တန်ဖိုးရှိ မီးစက်ကိုလည်းကောင်း၊ တကောင်းဒေသတွင် ပတ်ဝန်းကျင်ကျေးရွာများကို ငွေကျပ် ၁၆.၃ ဒသမ ၂.၂ သိန်းတန်ဖိုးရှိ မီးလင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ မိုးကုတ်ဒေသတွင် ငွေကျပ် သိန်း ၄.၀.၀ တန်ဖိုးရှိ ထရန်စဖော်မာနှစ်လုံးတို့ကိုလည်းကောင်း ဒေသဖွံ့ဖြိုးရေးအတွက် ကုမ္ပဏီလျှုဒါန်းမှုဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍ

မိုးကုတ်ဒေသတွင် ငွေကျပ်သိန်း ၁.၈.၅၀၊ ခန္ဓီးဒေသတွင် ငွေကျပ်သိန်း ၁.၂.၀၀၊ မိုးညှင်းဒေသတွင် ငွေကျပ် ၃ ဒသမ ၀.၅ သိန်း၊ ထီးချိုင့်ဒေသတွင် ငွေကျပ်သိန်း ၆.၀၊ သပိတ်ကျင်းဒေသတွင် ငွေကျပ် သိန်း ၁.၀.၀၊ လုံးခင်း-ဖားကန့်ဒေသတွင်ငွေကျပ် ၁.၃.၀.၅ သိန်းနှင့် တကောင်းဒေသတွင် ငွေကျပ် ၈.၃ သိန်း၊ စုစုပေါင်းငွေကျပ် ၄.၆.၀.၀ ဒသမ ၀.၅ သိန်းနှင့် ကလေးဝဒေသ၊ ပလူဇဝဒေသ၊ ကျောက်မဲနားဆိုင်းဒေသ၊ တန့်ယန်းနားငွေးဒေသ၊ မော်လိုက်နမ့်ပန်မွန်းချောင်းဒေသ၊ ပင်လယ်ဘူး ဘန့်ဘွေးကျင်းဒေသတို့တွင် ငွေကျပ် ၆.၁.၀ ဒသမ ၇.၉ သိန်း တန်ဖိုးတို့ကို ဆရာ ဆရာမများ အိပ်ဆောင်ဆောက်လုပ်ခြင်း၊ စာသင်ဆောင်များ ဆောက်လုပ်ခြင်းနှင့် စာကြည့်တိုက်တည်ဆောက်ပေးခြင်း စသည်တို့အတွက် ထုတ်လုပ်မှုဆောင်ရွက်နေသော ကုမ္ပဏီများ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရောင်းချရမှုအခြေအနေ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး(သန်းပေါင်း)		
				ယူရို	အမေရိကန်ဒေါ်လာ	ကျပ်
၁	ကျောက်စိမ်း	တန်	၃,၈၅၅.၇၄	၈၅.၄.၄	-	၂,၆၆၃,၈.၄
၂	ကျောက်မျက်	ကရက်	၆,၃.,၈.၂.၃	၃.၂.၄.၃	-	၂.,.,.,

ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တန်ဖိုးသင့်အိမ်ရာများ

(၁) အပိုင်း (၁) ၆ ခန်းတွဲ ၃ ထပ် ၈ လုံးနှင့် ၄ ခန်းတွဲ ၃ ထပ် ၇ လုံး ပေါင်း ၂၂၈ ခန်း

(၂) အပိုင်း (၂) ၄ ခန်းတွဲ ၄ ထပ် ၉ လုံး ပေါင်း ၁၄၄ ခန်း

စုစုပေါင်း ၃၇၂ ခန်း

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အကျိုးတူအိမ်ရာ စီမံကိန်း

(၁) ၁၂ ထပ်ခွဲ (B, C)၂ လုံး

(၂) ၁၅ ထပ်ခွဲ (A, D)၂ လုံး

မူလနေ ၂၂၄ ခန်း၊ ဌာန အခန်း ၁၆၀၊ ကုမ္ပဏီ ၁၄၂ ခန်း

စုစုပေါင်း ၅၂၆ ခန်း

မန္တလေးတိုင်းဒေသကြီး မြရည်နန္နာ တန်ဖိုးသင့်အိမ်ရာများ

(၁) ၄ ခန်းတွဲ ၄ ထပ် ၂၇ လုံး ပေါင်း ၄၃၂ ခန်း

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ စိတ္တရမဟီဝန်ထမ်းအိမ်ရာအဆင့်မြှင့်တင်ခြင်း

(၁) ၄ ခန်းတွဲ ၆ ထပ် ၁ လုံး

(၂) ၄ ခန်းတွဲ ၇ ထပ် ၁ လုံး

(၃) ၄ ခန်းတွဲ ၉ ထပ် ၂ လုံး

(၄) ၄ ခန်းတွဲ ၁၀ ထပ် ၁ လုံး

စုစုပေါင်း အခန်း ၁၄၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မနောသုခတန်ဖိုးသင့်အိမ်ရာများ

(၁) ၄ ခန်းတွဲ ၆ ထပ် ၁၈ လုံး

(၂) ၄ ခန်းတွဲ ၃ ထပ် ၁၂ လုံး

စုစုပေါင်း ၄၄၄ ခန်း

မကွေးတိုင်းဒေသကြီး ချမ်းမြေသာယာတန်ဖိုးနည်းအိမ်ရာများ

(၁) ၈ ခန်းတွဲ ၄ ထပ် ၉ လုံး -၂၈၈ ခန်း

(၂) ၄ ခန်းတွဲ ၃ ထပ် ၄ လုံး-၃၈ ခန်း

စုစုပေါင်း ၃၂၆ ခန်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝန်ထမ်းအိမ်ရာများ

(၁) ၂ ခန်းတွဲ ၂ ထပ် ၁ လုံး

(၂) ၄ ခန်းတွဲ ၂ ထပ် ၁ လုံး

(၃) ၄ ခန်းတွဲ ၄ ထပ် ၁၀ လုံး

(၄) ၆ ခန်းတွဲ ၂ ထပ် ၁ လုံး

စုစုပေါင်း ၁၈၄ ခန်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်ထမ်းအိမ်ရာများ

(၁) ၄ ခန်းတွဲ ၄ ထပ် ၅ လုံး

(၂) ၄ ခန်းတွဲ ၂ ထပ် ၁ လုံး

(၃) ၆ ခန်းတွဲ ၂ ထပ် ၃ လုံး

(၄) ၂ ခန်းတွဲ ၂ ထပ် ၂ လုံး

စုစုပေါင်း ၃၄၆ ခန်း

ပြည်ပအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် လမ်းစီမံကိန်းများ

ထိုင်းနိုင်ငံအစိုးရကူညီသည့် လမ်းစီမံကိန်း

Department of Highway (Thailand)၏ အကူအညီအထောက်အပံ့ (Grant) ဖြင့် မြဝတီ-သက်နီးညီနောင်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပထမ ထိုင်း-မြန်မာချစ်ကြည်ရေးတံတား ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် သက်နီးညီနောင်-ကော့ကရိတ်လမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၃၀. ၈. ၂၀၁၅ ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါလမ်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

Neighbouring countries Economic Development Association (NEDA)၏အကူအညီ အထောက်အပံ့ဖြင့် သံဖြူဇရပ် - ဘုရားသုံးဆူလမ်း၏ ဘုရားသုံးဆူမှချောင်းဆုံအထိ လမ်းပိုင်းရှစ်မိုင်ကို အဆင့်မြှင့်တင်ရန်၊ ဘုရားသုံးဆူမြို့ရှောင်လမ်း လမ်းအသစ်ဖောက်လုပ်ရန်နှင့် Border Control Facility လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study)ကို ၂၆-၂-၂၀၁၄ ရက်နေ့မှ စတင်၍ဆောင်ရွက်ခဲ့သည်။

အိန္ဒိယနိုင်ငံအစိုးရကူညီသည့် လမ်းစီမံကိန်း

အိန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းနှင့် ကညင်တန်း-အလယ်သံကျော်-အင္ဂူမော်လမ်းတို့အတွက် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်ကူညီသည့် လမ်းစီမံကိန်း

အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank- ADB)၏ အကူအညီအထောက်အပံ့ဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း ပြန်လည်တည်ဆောက်ခြင်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အိန္ဒု-ကော့ကရိတ်လမ်းအဆင့်မြှင့်တင် တိုးတက်ပြုပြင်ခြင်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လမ်းအရည်အသွေးစီမံခန့်ခွဲမှုစနစ်အတိုင်း လမ်းများကိုစီမံခန့်ခွဲနိုင်ရန် (Developing the Asset Management Program for Myanmar Roads) စီမံကိန်းကို ADB ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ၆၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ ကျန်ရှိသောအပိုင်းကို ADB အကူအညီဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများ၏လမ်းအခြေအနေကို Road-roid ဖြင့်တိုင်းတာပြီး လမ်းများစီမံခန့်ခွဲမှုစနစ် HDM-4 ကိုအသုံးပြု၍ လမ်းသက်တမ်းအလိုက် ပြင်ဆင်ထိန်းသိမ်းမှုကုန်ကျစရိတ်များဆန်းစစ်၍ လမ်းပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် Data Based အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားနိုင်ငံအစိုးရကူညီသည့် လမ်းစီမံကိန်း

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများ၏ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်စေရန် Korea International Cooperation Agency (KOICA) ၏ နည်းပညာအကူအညီဖြင့် (Master Plan for Arterial Road Network Development in Myanmar) လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

လမ်းများကို လက်ရှိကျင့်သုံးနေသော(Naming System)ဖြင့် အမည်ပေးသတ်မှတ်ခြင်းမှ ယခုအခါ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော (Numbering System)သို့ ပြောင်းလဲသတ်မှတ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နှစ်ရှည်ပင်မစီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် အဓိကအသက်သွေးကြောလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းအပါအဝင် အရှေ့-အနောက်လမ်းမကြီးခုနစ်စုံခုနှင့် တောင်-မြောက်လမ်းမကြီး ငါးခု (၇ × ၅ Expressway)၊ Main Arterial Road Network အဖြစ် အရှေ့အနောက်လမ်းမကြီးခြောက်ခု၊ တောင်မြောက်လမ်းမကြီး ၁၂ ခု (၆ × ၁၂ Main Arterial Road)နှင့် Sub Arterial Road Network များအဖြစ် ဆောင်ရွက်သွားရန် ရေးဆွဲလျက်ရှိသည်။

JICA (ODA) ချေးငွေဖြင့် ဆောင်ရွက်သည့် လမ်းလုပ်ငန်းများ

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Japan International Cooperation Agency-JICA)မှ ချေးငွေဖြင့် လမ်း ၁၄ လမ်းကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် Pilot Project အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကော့မျှား-ဝါးဘလောက်သောက်-သရက်တောလမ်းနှင့် မကျီးကန်-ဌက်အော်စမ်း-ကျိုက်ထော်လမ်းတို့ကို စတင်ဆောင်ရွက်ခဲ့ရာ မကျီးကန်-ဌက်အော်စမ်း-ကျိုက်ထော်လမ်းမှာ ၁၀၀ ရာခိုင်နှုန်းလုပ်ငန်းများပြီးစီးပြီဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် JICA ချေးငွေဖြင့် လမ်း ၁၂ လမ်းကို တင်ဒါခေါ်ယူ၍ လုပ်ငန်းများဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ (၈) သို့

အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေပြစာရင်းချုပ်

စဉ်	အစိုးရခေတ်ကာလ	အဌားအိမ်ရာ		အရောင်းအိမ်ရာ			စုစုပေါင်း	မှတ်ချက်
		ပြည်သူ့အဌားအိမ်ရာ	ဝန်ထမ်းအိမ်ရာ	တန်ဖိုးနည်း	တန်ဖိုးသင့်	တန်ဖိုးမြင့် (အကျိုးတူ)		
၁	ပါလီမန် မှ တော်လှန်ရေးကောင်စီခေတ် (၁၉၅၁-၁၉၆၂)	၆၆၀၁	-	-	-	-	၆၆၀၁	
၂	တော်လှန်ရေးကောင်စီ မှ မြန်မာ့ဆိုရှယ်လစ်လမ်းစည်းပါတီခေတ်(၁၉၆၂-၁၉၈၈)	၃၃၉၃	၇၆၃၇	-	-	-	၁၁၀၃၀	
၃	တပ်မတော်အစိုးရခေတ်(၁၉၈၉-၂၀၁၀)	-	၃၃	၃၄၄၈	၄၅၆၅	၂၄၃၃	၅ခ၆ခ၉	
၄	ဒီမိုကရေစီအစိုးရခေတ်(၂၀၁၁-၂၀၁၅)	-	၂၅ခ၆	၂၀၂၉၈	၇ခ၃၆	၆ခ၂၉	၃ခ၆ခ၅၉	၆၅၄ခ၆
၅	ဒီမိုကရေစီအစိုးရခေတ်(၂၀၁၅-၂၀၁၆)	၅၁ခ၅	၁ခ၃၀	၁၁ခ၆၀	၆ခ၂၉	၄ခ၃၂	၂၉ခ၃၇	
	စုစုပေါင်း	**ခ၅ခ၁၀**	**ခ၂ခ၃၆**	**ခ၄ခ၉၀၆**	**ခ၅ခ၆ခ၂**	**ခ၂ခ၈ခ၄**	**ခ၃ခ၄ခ၉၆**	

တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေပြဇယား

စဉ်	ထိုင်းဒေသပြည်/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ရဒေသ	၁၉၅၁-၁၉၆၂		၁၉၆၂-၁၉ခ၈		၁၉ခ၈-၂၀၁၀					၂၀၁၀-၂၀၁၅					၂၀၁၅-၂၀၁၆					ဌာနေခေါင်း
		အဌား		အဌား		အဌား		အရောင်း			အဌား		အရောင်း			အဌား		အရောင်း			
		ပြည်သူ့ အဌား အိမ်ရာ	ဝန်ထမ်း အိမ်ရာ	ပြည်သူ့ အဌား အိမ်ရာ	ဝန်ထမ်း အိမ်ရာ	ပြည်သူ့ အဌား အိမ်ရာ	ဝန်ထမ်း အိမ်ရာ	တန်ဖိုး နည်း	တန်ဖိုး သင့်	တန်ဖိုး မြင့် (အကျိုးတူ)	ပြည်သူ့ အဌား အိမ်ရာ	ဝန်ထမ်း အိမ်ရာ	တန်ဖိုး နည်း	တန်ဖိုး သင့်	တန်ဖိုး မြင့် (အကျိုးတူ)	ပြည်သူ့ အဌား အိမ်ရာ	ဝန်ထမ်း အိမ်ရာ	တန်ဖိုး နည်း	တန်ဖိုး သင့်	တန်ဖိုး မြင့် (အကျိုးတူ)	
၁	ကချင်ပြည်နယ်	-	-	-	၅၂၂	-	-	-	-	-	-	၂၇	-	-	-	၄၈	၃၂	-	-	-	၇၀၀
၂	ကယားပြည်နယ်	-	-	-	၂၂၆	-	-	-	-	-	-	၆၃	-	-	-	၄၈	၆၀	-	-	-	၃၄၈
၃	ကရင်ပြည်နယ်	-	-	-	၀၀၄	-	-	-	-	-	-	၃၂	-	-	-	၃၂	၀၀၄	-	-	-	၇၃၂
၄	ချင်းပြည်နယ်	-	-	-	၂၂၈	-	-	-	-	-	-	၃၂	-	-	-	၂၄	၃၂	-	-	-	၃၆၆
၅	မကွေးတိုင်း	၂၀၀	-	-	၃၄၄	-	-	-	-	-	-	၅၆	-	-	-	၆၄	၃၂	-	-	-	၇၂၂
၆	ရခိုင်ပြည်နယ်	-	-	-	၃ခ၀	-	-	-	-	-	-	၅ခ	-	-	-	၃ခ	၃ခ	-	-	-	၂ခ၆
၇	ရှမ်းပြည်နယ်	-	-	-	၂ခ၀	-	-	-	-	-	-	၃ခ	-	-	-	၃ခ	-	-	-	-	၃ခ၆
၈	စစ်တိုင်းတိုင်းဒေသကြီး	-	-	-	၃ခ၂	-	-	-	-	-	-	၂ခ	-	-	-	၂ခ	၂ခ	-	၃၃	-	၂ခ၆
၉	တနင်္သာရီတိုင်းဒေသကြီး	-	-	-	၃ခ၂	-	-	-	-	-	-	၃ခ	-	-	-	၃ခ	၂ခ	-	-	-	၅ခ	
၁၀	ပဲခူးတိုင်းဒေသကြီး	၀၀	-	-	၃ခ	-	-	-	-	-	-	၂	-	-	-	၀၂	၁ခ	-	-	-	၁ခ	
၁၁	မကွေးတိုင်းဒေသကြီး	-	-	-	၃ခ	-	-	-	-	-	-	၀၂	၂ခ	၄ခ	-	၁ခ	၄ခ	-	-	-	၉ခ	
၁၂	မန္တလေးတိုင်းဒေသကြီး	၁ခ	-	-	၂ခ	-	-	-	-	-	-	၅ခ	-	၆ခ	၅ခ	၁ခ	၃ခ		၀၀	-	၆ခ	
၁၃	ရန်ကုန်တိုင်းဒေသကြီး	၆ခ	-	၁ခ	၆ခ	-	၅ခ	၁ခ	၃ခ	၂ခ	-	-	၁ခ	၂ခ	၂ခ	၂ခ	-	၁ခ	၁ခ	၂ခ	၁ခ	
၁၄	ဧရာဝတီတိုင်းဒေသကြီး	-	-	-	၃ခ	-	-	-	-	-	-	၃ခ	၆ခ	၄ခ	-	၁ခ	၂ခ	-	-	-	၁ခ	
	စုစုပေါင်း	**၆၆၀၀**		**ခ၃ခ၃**	**ခ၈ခ၃**		**ခ၃**	**ခ၃ခ၈**	**ခ၅ခ၁**	**၂ခ၃ခ**		**၂ခ၆ခ**	**၂ခ၂ခ**	**ခ၀ခ၂**	**ခ၀ခ၂**	**ခ၁ခ၅**	**ခ၀ခ၀**	**ခ၆ခ၂**	**ခ၃ခ၂**	**ခ၃ခ၂**	**ခ၃ခ၅ခ**	
	အစိုးရခေတ်ကာလ အလိုက်စုစုပေါင်း အနည်းအရေအတွက်	**၆၆၀၀**		**ခ၃ခ၃**	**ခ၀ခ၃**	**ခ၁ခ၆**					**ခ၀ခ၁**					**ခ၃ခ၅**					

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ-ဆောက်လုပ်ရေး

ကမ္ဘာ့စီးပွားရေးနှင့် ရင်ပေါင်တန်းပို့အရေး အခြေခံအုတ်မြစ်များ ကြိုးစားချမှတ်

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရုပ်သံဇာတ်လမ်းများတွင် စတော့ပွဲစားများ ကွန်ပျူတာရှေ့၌ တစ်နေကုန်ထိုင်ကာ ရောင်စုံ Graph များပေါ်တွင် အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ကာလာမျဉ်းကြောင်းများကို စက္ကန့်မလပ် စောင့်ကြည့်နေကြသူများ၊ ဖုန်းတစ်လုံးဖြင့် ငွေကြေးနှင့်စတော့ဈေးနှုန်းအတက်အကျ ပြောဆိုခန့်မှန်းကာ ငွေကြေးဈေးကွက် ပုံဖော်ကြသူများကို မြင်ဖူးကြပါလိမ့်မည်။

ဆယ်စုနှစ်အတန်ကြာ ရေပွက်ရာငါးစာချကာ စီးပွားရှာနေကြသည့် တစ်နပ်စား လူတန်းစားများကြောင့် ဆင်းရဲချမ်းသာကွာဟချက်များအပြင် စီးပွားရေးပိတ်ဆို့မှုကြောင့် ပျက်စီးလုနီးနီး ပြည်တွင်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ မူဝါဒအရှုပ်အရှင်းများကို ယခုအခါ ဖယ်ရှားကျော်လွှားကာ ရေရှည်တည်တံ့ခိုင်မာသည့် ငွေကြေးဈေးကွက်နှင့်စီးပွားရေးမူဝါဒများကို နိုင်ငံအတွင်းဆွဲကိုင်ကာ အောင်မြင်မှုထံသို့ ဦးတည်နေသည်ကို စီးပွားရေးသမားများအားလုံး မျှော်လင့်ကြသည်။

မြန်မာ့ငွေဈေးကွက်သည်လည်း တည်ငြိမ်မှု၊ အားကောင်းမှုနှင့် ဘဏ်များ၏ ခိုင်မာမှုများနှင့်အတူ ဗဟိုဘဏ်မှနည်းစနစ်အားကောင်းစွာ ပုံမှန်လည်ပတ်မှုနှင့် ဥပဒေ၊ နည်းဥပဒေများ အသက်ဝင်မှုကြောင့် ငါးနှစ်တာကာလအတွင်း အမြင့်ဆုံးအားကောင်းမှု ငွေကြေးဈေးကွက်ရောင်နီဦးများ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း ငွေကြေးလုပ်ငန်းကျွမ်းကျင်သူများက ကောက်ချက်ချသည်။

"လေးနှစ်တာကာလမှာ မြန်မာ့စီးပွားရေးနဲ့ ငွေကြေးဈေးကွက်ကို ပြန်ကြည့်ရင် အများကြီးပြောင်းလဲတိုးတက်လာခဲ့တာကို မြင်နိုင်ပါတယ်။ အတိုးနှုန်းမူဝါဒတွေ၊ ဖွံ့ဖြိုးလာတဲ့ပုဂ္ဂလိကနဲ့နိုင်ငံခြားဘဏ်တွေ၊ ငွေချေးစာချုပ်ရောင်းဝယ်ဖို့တွေနဲ့ အပြောင်းလဲဆုံးကတော့ ၂၀၁၂ခုနှစ် ဧပြီလ ၁ရက်နေ့ကစပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို ထိန်းကျောင်းမှုရှိတဲ့ နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်သစ်ကို ဖွင့်ပေးနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီဇင်ဘာဆိုရင်လည်း စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး ရင်ခုန်စောင့်စားနေတဲ့ ရန်ကုန်စတော့အိတ်ချိန်းကိုထူထောင်နိုင်မယ့် ကိစ္စရပ်တွေဟာ မြန်မာ့စီးပွားရေးနဲ့ ငွေကြေးဈေးကွက်သမိုင်းတစ်လျှောက်မှာ စံချိန်တင်ပြောင်းလဲမှုတွေဖြစ်တယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပြောကြားသည်။

ထို့ပြင် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲတင်ပြမှုများ အပေါ် အခြေခံကာ ဗဟိုဘဏ်၏သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဝယ်ယူတင်သွင်းခွင့်ရရှိနိုင်ရေးအတွက် ဖြေလျှော့မှုများကို လုပ်ငန်းအချို့တွင် ယခုနှစ်အတွင်း ပြုလုပ်ပေးခဲ့ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများမှာ Open Market ပွင့်လင်းလာခဲ့ပြီး အခြားသော လုပ်ငန်းများတွင်လည်း ရည်ညွှန်းဈေးအပေါ် အခြေခံကာ ပိုမိုပွင့်လင်းမြင်သာမှုရှိစေခဲ့ကြောင်း မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့အထိ စီးပွားရေးအောင်မြင်မှုကိုရဖို့ မှန်ကန်တဲ့ ငွေကြေးဈေးကွက်နဲ့ အာမခံချက်ရှိတဲ့ ဘဏ်စနစ်တွေရှိလာဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ မြန်မာ့စီးပွားရေးကိုဦးဆောင်မယ့် ငွေကြေးဈေးကွက်က မြန်မာငွေကြေးတန်ဖိုး ကျဆင်းနေတာတော့ရှိပါတယ်။ သို့သော် သွင်းကုန်နဲ့ထွက်ကုန်သာ မျှတလာမယ်၊ ဘဏ်တွေရဲ့ ငွေကြေးလည်ပတ်မှုတွေ အားကောင်းလာမယ်ဆိုရင် မြန်မာငွေကြေးက မြင့်မားလာမယ့် အနေအထားရှိပါတယ်။ ဒါ့အပြင် စတော့ရှယ်ယာဈေးကွက်က စနစ်တကျအကောင်အထည်ဖော်လာမယ်ဆိုရင် ရေပွက်ရာ ငါးစာချနေကြတဲ့ အိမ်ခြံမြေဈေးကစားမှုတွေ၊ ဒေါ်လာဈေးနဲ့ ရွှေဈေးကစားမှုတွေကို ထိန်းချုပ်လာနိုင်ပြီး စစ်မှန်တဲ့နိုင်ငံတကာအဆင့်မီ ငွေကြေးဈေးကွက်ရုပ်လုံးပေါ်လာနိုင်တယ်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်တွင် ပထမဆုံးပေါ်ထွက်လာမည့် မြန်မာစတော့အိတ်ချိန်းကို ဒီဇင်ဘာပထမပတ်တွင် စတင်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျက်ရှိပြီးစတင်ချိန်တွင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဂျပန်နိုင်ငံမှ တိုကျိုစတော့အိတ်ချိန်းနှင့် ဒိုင်ဝါသုတေသနဌာနများဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

စတော့အိတ်ချိန်းစတင်ချိန်တွင် လုပ်ဆောင်ရန် ရည်ရွယ်ထားပြီး ပြည်တွင်းဘဏ်အချို့ပါဝင်မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်က ၅၁ ရာခိုင်နှုန်း၊ ဒိုင်ဝါသုတေသနကုမ္ပဏီက ၃၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဂျပန်စတော့အိတ်ချိန်းဖက်စပ်ကုမ္ပဏီက ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းထည့်ဝင်မည်ဖြစ်ကြောင်း ဒိုင်ဝါသုတေသနကုမ္ပဏီမှ ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မှုနှုန်းများကို လိုက်လျောညီထွေဖြစ်စေမည့် ငွေကြေးမူဝါဒကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်ရည်ရွယ်၍ အဓိကငွေကြေးမူဝါဒများ အဖြစ် သီးသန့်ငွေလိုအပ်ချက်၊ အတိုးနှုန်းမူဝါဒနှင့် ငွေကြေးဈေးကွက်တွင် ငွေချေးစာချုပ်များကိုရောင်းဝယ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း Exchange Rate တွက်ချက်သတ်မှတ်ပေးခြင်းနှင့် ပြည်တွင်းဘဏ်များ၏ နိုင်ငံခြားငွေရောင်းဝယ်လိုခြင်းများအတွက် နေ့စဉ် Auction ဆောင်ရွက်၍ ဈေးနှုန်းတည်ငြိမ်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေ (Foreign Exchange Reserve)အား စီမံခန့်ခွဲခြင်းစသော နည်းလမ်းများကို အသုံးပြုကာ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် ငွေရေးကြေးရေးကဏ္ဍနှင့် ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းရန်နှင့် မြန်မာကျပ်ငွေတန်ဖိုး ခိုင်ခံ့တည်မြဲစေရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဝန်ထမ်းအင်အား ၂၅၂၅ ဦးကနေ ငွေကြေးဆိုင်ရာကိစ္စရပ်တွေကို ဖြေရှင်းပေးနေပြီး ဗဟိုဘဏ်ရဲ့လက်ရှိအတိုးနှုန်းက တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အပ်ငွေ အနည်းဆုံးအတိုးနှုန်းက တစ်နှစ်မှာ ၈ ရာခိုင်နှုန်းရှိပြီး အများဆုံးအတိုးက ၁၃ ရာခိုင်နှုန်းအထိ ဖြစ်လာပါပြီ။ ဒါ့အပြင် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘဏ်အရေအတွက် ၂၂ ခု အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖွံ့ဖြိုးမှုအားကောင်းလာသည့် လက်ရှိအနေအထားတွင် မြန်မာ့ငွေကြေးတန်ဖိုးခိုင်မာစေရေးနှင့် ရေရှည်တည်တံ့စေမည့်လုပ်ငန်းများ အားကောင်းလာစေရေးအတွက် အဓိကထား၍ အစိုးရလက်ထက်ဆောင်ရွက်ထားရှိမှုများကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း စီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုမူဘောင်များနှင့် စီမံကိန်းများအား လက်တွေ့ကျနစွာ ပိုမိုကျင့်သုံးလာနိုင်မည်ဖြစ်ကာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားကောင်းခြင်းနှင့်အတူ ပြည်တွင်းစက်မှုလက်မှုဖွံ့ဖြိုးလာနိုင်သည့်အပြင် သွင်းကုန်ပို့ကုန်ငွေကြေးတန်ဖိုးများလည်း မြင့်တက်လာနိုင်ပြီး နိုင်ငံ့စီးပွားရေးအားကောင်းလာမည်ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဖြစ်သူ ဒေါက်တာအောင်ထွန်းသက်က မြန်မာ့အလင်း၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ဖူးသည်။

ထို့ပြင် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်ကာ စီးပွားရေးပိတ်ဆို့သည့်ကာလတစ်လျှောက် ပြည်ပနိုင်ငံများနှင့် ငွေကြေးဝန်ဆောင်မှုများ ချိတ်ဆက်ပေးခဲ့သော စင်ကာပူဘဏ်များအပြင် နိုင်ငံခြားဘဏ်ခွဲကိုးခုကို ဗဟိုဘဏ်မှခွင့်ပြုခဲ့ပြီး Cooperate Banking စနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ပြည်တွင်းဘဏ်များမှတစ်ဆင့် ငွေချေးယူနိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်ထံမှ သိရှိရသည်။

"နိုင်ငံတကာမှာအသုံးပြုနေတဲ့ Visa ကတ်တို့၊ Y Master ကတ်တို့ကိုလည်း သုံးစွဲနိုင်သလို MPUနဲ့ ATM ကတ်ဝန်ဆောင်မှုတွေအသုံးပြုပြီး ငွေကြေးဈေးကွက်အကောင်အထည်ဖော်နေတာ အားရစရာကောင်းပါတယ်။ ဒါပေမယ့် Visa နဲ့ Master ကတ်က ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီနဲ့ ချိတ်ဆက်လုပ်ဆောင်ပြီး တရုတ် CUP ကတ်နဲ့ ဂျပန် JCB ကတ်က ပြည်တွင်းဘဏ်များ ပူးပေါင်းဖွဲ့စည်းထားတော့ MPU (Myanmar Payment Union) နဲ့ ချိတ်ဆက်ထားရပါတယ်။

MPU ကတ်တွေက ဘယ်ငွေထုတ်စက်မှာမဆို ထုတ်ယူနိုင်သလို Visa နဲ့ Master ကတ်တွေ အဲဒါတွေနဲ့ချိတ်ဆက်ထားတဲ့ ဘဏ်တွေရဲ့ ငွေထုတ်စက် ATM တွေမှာ မြန်မာငွေကိုပါထုတ်ယူနိုင်တာဟာ နိုင်ငံတကာ စီးပွားရေးသမားတွေရော၊ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက်ပါ အလားအလာကောင်းပါတယ်။ ဒါပေမယ့် အခြေခံအဆောက်အအုံ လိုအပ်ချက်၊ ချွတ်ယွင်းချက်တွေကအများကြီးပဲ။ ရုတ်တရက်မီးအားကျသွားတာတို့၊ ရာသီဥတုမကောင်းလို့ ငွေချက်ချင်းထုတ်မရတာတို့လို အခြေခံလိုအပ်ချက်အခက်အခဲတွေကိုတော့ လုပ်ဆောင်ဖြည့်ဆည်းနေပါတယ်"ဟု ကမ္ဘောဇဘဏ်မှ အကြံပေးဦးသန်းလွင်က ပြောကြားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စတော့ဈေးကွက် ညွှန်ပြဘုတ်တစ်ခုအား လာရောက်ကြည့်ရှုနေကြစဉ်။
(Photo - Franck Robichon, European press Agency)

စာမျက်နှာ (၇) မှ

တံတားကြီးပေါင်း ၉၀ တည်ဆောက်

၂၀၁၁ ခုနှစ်တွင် မမြောင်းတံတား၊ နန့်ခွင်တံတား၊ အောက်နတ်ချောင်းတံတား၊ မြို့ချောင်းတံတား၊ နဂါးပေါက်ချောင်းတံတား၊ စစ်တောင်းတူးမြောင်းတံတား၊ ကျားထူးတံတား၊ ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)၊ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၊ ဘုန်းတော်ပြည့်တံတားနှင့် ပြင်ရွာချောင်းတံတား စုစုပေါင်းတံတား ၁၁ စင်း တည်ဆောက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရဲနွယ်ချောင်းတံတား၊ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)၊ ပေပင်မြစ်ကူးတံတား၊ ရွှေချောင်းတံတား(၁)၊ တုံဟုံးတံတား၊ နမ့်ပန်ချောင်းတံတား၊ ငလိုက်ချောင်းတံတား၊ စစ်တောင်းတံတား (နတ်သံကွင်း)၊ ကျောက်အိုက်ချောင်းတံတား၊ လှိုင်းဘွဲတံတား၊ စွန်ချောင်းတံတား(တောင်တွင်းကြီးမြို့သစ်လမ်း)၊ သဲဖြူချောင်းတံတားနှင့် သုံးခွချောင်းတံတားတို့အပါအဝင် စုစုပေါင်းတံတား ၁၉စင်း တည်ဆောက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် တုံစီတံတား၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ မိခြောင်းရဲတံတား၊ ဘူးရိုးချောင်းတံတား၊ အမ်းချောင်းတံတား၊ လွှာချောင်းတံတား၊ ဟောင်သရောတံတား၊ ရတနာသိခ်ီတံတား၊ ဆိပ်ကြီးခနောင်တိုတံတား၊ ကျုံကူးတံတား၊ ရုံးပင်ချောင်းတံတား၊ ခွန်နန်းချောင်းတံတား၊ အကျော်တံတား၊ ကျုံတနီးတံတား၊ ပေါက်စိန် ကျချောင်းတံတား၊ ဆင်သေတံတား၊ မိုးစစ်ချောင်းတံတားနှင့် ကင်းချောင်းတံတားတို့အပါအဝင် စုစုပေါင်းတံတားအစင်း ၄၀ တည်ဆောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မူးမြစ်ကူး တံတား(ပင်လယ်ဘူး)၊ ဝါးရဲချောင်း တံတား၊ ရေနံချောင်းတံတား၊ ပွန်ချောင်းတံတား (ဘော်လခဲ)၊ သီရိမင်္ဂလာတံတား (လှိုင်ကော်)၊ ဘုရင့်နောင်တံတား (အမှတ်-၂)၊ အမှတ် (၂)ရေပြာတံတား၊ ဘိုကလေးတံတား၊ ဆင်ခုံတိုင်တံတား စွန်ရဲတံတား စုစုပေါင်းတံတား ၁၂ စင်း တည်ဆောက်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ဟိုင်းကြီးကျွန်း တံတား၊ ထန်းပင်ကုန်းတံတား၊ သံလွင်တံတား(ဖားဆောင်း)၊ ဆမီးကြိုး တံတား၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတား၊ မဒေါက်ကလေးတံတား၊ အမှတ်(၁)ပေါက်တံတား (အုန်းတော)၊ ကော့ပေါအင်းတံတားနှင့် ဧရာဝတီတံတား (ထီးချိုင့်) စုစုပေါင်း တံတားကိုးစင်း တည်ဆောက်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားများ၊ အိမ်ရာစီမံကိန်းများအပြင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။